

www.burmeseclassic.com
BURMESE CLASSIC
လုံးချင်းဝတ္ထုသစ်
ပန်းသီချင်
တာယုတာယမေဒါ်ကွန်
ပန်းချီ သိန်းဧ ရွှေကြည်
၂၀၀၉
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပြဋ္ဌာန်းရေး။
ပြဋ္ဌာန်းလာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်
တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင်
တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်
တည်ဆောက်ရေး။
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း
ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာ
မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပန်းသီခိုင်

# တယုတယဒေါ်ကွန်

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က အလုပ်ပိတ်သော အားလပ်ရက်။

ရွှေတန်ခူးက ကွန်ပျူတာရှေ့မှာ အချိန်ကုန်ရင်း နေ့ခင်းဘက် သူငယ်ချင်းတွေနှင့် ရှော့ပင်နဲ့ ထွက်ဖို့ ချိန်းထား တာကို ဖျက်လိုက်၏။

ဖျက်လိုက်ရခြင်းအကြောင်းက နံနက်ကတည်းက ပြင်းထန်သည်းမဲစွာ တရစပ် ရွာသွန်းနေသော မိုးကြောင့်ပါ။ ဘာလို့များ မိုးမတိတ်ပါလိမ့်။ လမ်းပေါ်မှာ ရေတွေ လျှံနေပြီ။

တစ်ခါမှ မိုးရွာတာကို မကြောက်လန့်ဖူးခဲ့ပါ။ ပျော်စရာ ကြည်နူးစရာ စိတ်ကူးယဉ်ချင်စရာ ကောင်းသော မိုးပဲ ဖြစ်ခဲ့

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖူးသည်။ သည့်တစ်ခါ ရှာပုံက မတိတ်များမတိတ်တော့ရင်ဖြင့် ဟု စိတ်ထဲ တွေးလန့်အောင်ပင် ဖြစ်ရပါသည်။ မနေ့ကတည်းက ရှာနေသော မိုး။

ခုထက်ထိ ဆက်ရွာနေသည်။ မနက်တုန်းက အနိမ့်ပိုင်းရှိ မြေညီထပ်တွေ ရေမြုပ်ကုန်တာ ကြားရသည်။

တော်သေးတာက ရွှေတန်ခူးတို့ မြေညီနှစ်လွှာ တိုက်ခန်းက အရမ်းမြင့်သော ကုန်းမြေကလေးပေါ်မှာ ရှိနေတာပါပဲ။

''မိုးတိတ်သွားရင် ငါ 'ဟယ်လို' ပြန်လုပ်လိုက်မယ် ဒီအတိုင်း ဆက်ရွာနေရင် ဘယ်လိုမှ အပြင်ထွက်လို့ မရဘူး''

သီရိဆီ ဖုန်းဆက်ပြီး ပြောဖြစ်တော့ သီရိက . . .

''ဟဲ့ . . . မဒ္ဒူတို့ အခန်း ရေကြီးလို့တဲ့၊ သူက စတိုင်လုပ်ပြီး ပစ္စည်းတွေ ကော်ဇောပေါ် ချထားတာ အိပ်နေတုန်းဆိုတော့ အကုန်ရေမြုပ်ကုန်ရော။

''ဟယ် . . . ဟုတ်လား''





''အင်း . . . တိုက်ရှေ့ရပ်ထားတဲ့ ကားပါရေနဲ့ ရွှေပြီး လမ်းလယ်ခေါင် ရောက်နေတာတဲ့''

''ဟင်''

''မိုးကြီးရေကြီး ဟဲ့ လေမပါတာပဲ တော်သေးတယ်''

''အင်း . . . ဟုတ်တယ်နော်''

''နင့်ကားရော''

''အိမ်ထဲမှာပဲ''

''နင်တို့က မြေညီထပ်ဆိုတော့ သတိထားဦး''

''အင်း''

ရွှေတန်ခူးတို့ ကုန်းမြင့်ကလေးကလွဲလျှင် နေရာတော်တော်များများ ရေလျှံတာပါပဲ။

''သမီးရေ ရွှေတန်ခူး ဒီနေ့အပြင်သွားဦးမလို့လား'' မေမေက စိတ်မချနိုင်စွာ မေးလာ၏။

''ဟင့်အင်း . . . မသွားပါဘူး မေမေရယ်''



www.burmeseclassic.com

www.burmeseclassic.com



''ကောင်းတယ် အိမ်မှာပဲနေ၊ မေမေ မုန့်ဟင်းခါး ချက်ကျွေးမယ်''

''ဟာ . . . ကောင်းတာပေါ့''

ရွှေတန်ခူးက ကလေးတစ်ယောက်လို မြူးအွားဝေ လက်ကလေးနှစ်ဖက် တင်းတင်းပိုက်ကာ ရွာနေသောမိုးကို ကြည့်မိ၏။ တိတ်မှ တိတ်ပါ့တော့မလားလို့ ထင်ရသည်။

ပင့်သက်ရှိုက်ကာ ပြန်လှည့်ဝင်လာခဲ့၏။ ငယ်ငယ် တုန်းကဆို မိုးရွာတာနှင့် လမ်းပေါ် ထွက်ဆော့အော်ဟစ် ကစားတာ အရမ်းပျော်စရာ၊ မိုးရေထဲ ကျောင်းသွားလည် ပျော်သည်။ သူများတွေ ကျောင်းရောက်လို့ ရွှဲနစ်ပြီး ကြွက်စုတ် ဖြစ်နေချိန်မှာ ရွှေတန်ခူးတို့က မေမေ စနစ်တကျ ထည့်ပေး လိုက်သော အဖြူအစိမ်းကို လဲလှယ်ဝတ် အနွေးထည်ကလေး ဝတ်၊ ခုံပေါ်ခြေထောက်ကလေးတင်ထိုင်ကာ နွေးနွေးထွေ ထွေး စာသင်ခဲ့ရသော ပျော်စရာနေ့ရက်တွေက မနည်း။





ကျောင်းပိတ်ရက်ဆို မိုးသည်းနေလျှင် ကျူရှင်မသွား ဘဲ အိမ်မှာ စာအုပ်ဖတ်ကာ အိပ်ရာထဲ ဇိမ်ရှိရှိ ကွေးနေရင်း မေမေ ချက်ကျွေးသော ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ် အစားအသောက်များကို တစ်ဝစားကာ မိုးရွာတာကို ကျေးဇူး တင်နေမိသေးသည်။

မိုးတွင်းကာလက သိပ်ပြီး ကြည်နူးချမ်းမြေ့စရာ ကောင်းပေမယ့် ကျောင်းဖွင့်စအချိန်ဖြစ်နေတာကြောင့် ကသိ ကအောက်ဖြစ်ရသည်။ ခြုံငုံပြောရမည်ဆိုပါရင် ရွှေတန်ခူး က မိုးချစ်သည်။ မိုးရွာတာနှစ်သက်သည်။

မေမေ ပြန်ပြောပြခဲ့တာက ရွှေတန်ခူးကို မွေးသော နေ့မှာ သကြန်မိုးရွာပြီး ပိတောက်ပန်းတွေ ပွင့်သတဲ့၊ ဘယ် လောက် ချမ်းမြေ့စရာအချိန်အခါလဲ။

နွေလည်အချိန်အခါပေမယ့် နေမထွက်ဘဲ မိုး ကလေးအေးကာ ပိတောက်နံ့ထုံသင်းသင်းကလေးနှင့် တန်ခူးက လူပ္ပွာ လောကထဲ ရောက်လာခဲ့သူပါ။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ရွှေတန်ခူး ငယ်ငယ်က အရမ်းချစ်စရာကောင်းတာတဲ့။ ဒေါ်တင်မမလတ်ကတော့ သမီးချော မွေးထားတာ၊ မျက်နှာကို ချီနေတာပဲ ဟု မေမေ့သူငယ်ချင်းတွေက ပြောကြသတဲ့။

အခု အရွယ်ရောက်လာတော့လား။

ရွှေတန်ခူး လှလား၊ မလှလား။

ချောမှ ချောရဲ့လား။

ဘယ်လိုပုံစံပါလိမ့်။

ကိုယ့်ကိုယ်ကို သိပ်လှတာပဲလို့ စကြွားချင်၊ တစ်ယောက်ယောက်က ကိုယ့်ကို မြင်ပြီး ရင်ထဲအထိ စူးနစ်စွာ ဝင်ရောက်သွားပြီးမှ သူ့ဆီက ဖွင့်ဟလာမည့် ရွှေတန်ခူး၏ အလှတရားကိုပဲ နားထောင်ခံစားကြည့်ပါ။

မေမေ ချက်နေသော မုန့်ဟင်းခါးနံ့က တသင်းသင်းနှင့် စားချိန်စိတ်ကို နှိုးဆွ၏။

အလုပ်အားရက်မို့ ဖေဖေလည်း အိမ်မှာရှိနေပါသည်။

ဉာဏ်ဝင်းစာပေ



ကိုကိုနှင့် မမလည်း အခန်းထဲက မထွက်၊ အောက်ထပ်ကိုပင် ဆင်းမလာသေး။

"မိထူးရေ"

"ရှင် . . . မမလေး"

မိထူက ချက်ချင်းအနားရောက်လာ၏။

"နင် ဘာလုပ်နေလဲ"

"မီးပူတိုက်မလို့ပါ"

"သွားတိုက်၊ ပြီးမှလာ"

"မမလေး ဘာခိုင်းမလို့လဲ"

"ရတယ်၊ မီးပူတိုက်ပြီးမှလာ"

ရွှေတန်ခူးက အိမ်ထဲအထိ ထိုးသွင်းထားသော ကားကို တံခါးဖွင့်ပြီး အထဲဝင်ထိုင်လျက် စီဒီခွေရှာမိ၏။ ရွှေတန်ခူး ကားက အိမ်ကလေးလိုပါပဲ။ ဘာမဆို ကားထဲထားသည်။

ပြီးတော့ ရွှေတန်ခူးကားကို အိမ်ထဲအထိ သိမ်းမို့ နေရာဦးထားတာ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ဂျစ်ကားရော မမရဲ့ တူဒိုးကားကလေးရော ဖေဖေ့လိမိတက် (     )ပါ အိမ်ထဲ ထားခွင့်မရ။

ကြွားတာမဟုတ်။ ကားနေရာဦးထားတာ ပြောပြတာပါ။ ရွှေတန်ခူးကားက စူပါစလွန်း အနီရဲကလေး။

ဆယ်တန်းအောင်တော့ ဖေဖေဝယ်ပေးတာ။ ကားထဲထိုင်ပြီး စီဒီခွေ ငုံ့ရှာနေသော ရွှေတန်ခူး ခေါင်းပြန်အမော့မှာ တိုက်ခန်းရှေ့တည့်တည့် မတ်တတ်ရပ်နေသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုလူက ရွှေတန်ခူးတို့အိမ်ကို ကျောပေးပြီး ရပ်နေတာ ရွှဲနစ်နေပါရောလား။ မိုးခိုနေတာ ထင်ပါရဲ့။

တိုက်ရှေ့မှာက ဆန်းရှိတ်အမိုးကလေးရှိနေတော့ မိုးခိုလို့ ရသည်လေ။

စီးထားသော မန္တလေးဖိနပ်က ရေနှင့်စိုပြီး ပွစိနေပြီ။ ပုဆိုးတိုတိုနှင့် ရှပ်အင်္ကျီလက်မှုညှဲကို အနည်းငယ် လက်ခေါက်ထားသည်။





သည်လောက်ထိ မိုးသည်းနေတာ ထီးမပါဘဲ လမ်းသွားရသလား။ အံ့ပါရဲ့။ ရွှေတန်ခူးက မြင့်မားသော သူ့အရပ်ကို နောက်ကျောဘက်က ကြည့်ရင်း နှာခေါင်းလေးရှုံ့မိ၏။

လမ်းမှာလည်း လူသွားလူလာမရှိသလောက်ပါ။ မိုးရွာလွန်းတော့ အိမ်ထဲ ခိုအောင်းနေကြတာ ဘယ်သူမှ အပြင်မထွက်။

"မိထူးရေ"

သည်တစ်ခါတော့ အသံကလေးနိမ့်ကာ ခေါ်မိ၏။

"ရှင်"

မိထူးက ချက်ချင်း အနားရောက်လာသည်။

"အိမ်ရှေ့မှာ လူတစ်ယောက် သွားကြည့်စမ်း"

"ရှင် . . . ဟုတ်ကဲ့"

မိထူးက စူးစူးစမ်းစမ်း ထွက်သွားပြီး ပြန်ရောက်လာကာ . . .



www.burmeseclassic.com

www.burmeseclassic.com



''သူဟာသူ မတ်တတ်ရပ်နေတာပါ မမလေး'' ဟု ဆိုလာ၏။

''မိုးခိုနေတာလား''

''ဟုတ်တယ်၊ ချမ်းလို့ တုန်နေပြီ''

''ဟုတ်လား''

''ဦးလေးကြီးက ချောတယ်''

''ဘာ''

''တကယ်ပြောတာ အရပ်အရှည်ကြီးပဲ''

မိထူးက ခုမှ ဆယ့်သုံးနှစ်ရှိသေးတာ။ သူ့ကို ဦးလေးကြီးဟု ခေါ်တာ မဆန်း။

''မျက်ခုံးထူထူနဲ့ မျက်လုံးကြီးက စူးနေတာပဲ သိလား''

''နင့်ကို လှည့်ကြည့်လို့လား''

''အင်း''

ဉာဏ်ဝင်းစာပေ



''ဘာမှ မပြောဖူးလား''

''မပြောပါဘူး''

ရွှေတန်ခူးလည်း ဘာမှ ဆက်မမေးတော့ဘဲ နှုတ်ဆိတ်သွား၏။ သူက မိုးခိုနေရုံသက်သက် ဘာများ ပြောစရာရှိမှာလဲ။

''မိထူး မီးပူ သွားတိုက်ရတော့မလား''

''သွားလေ''

ရွှေတန်ခူးက သူ့ဆီ အသာကလေး လှမ်းကြည့်မိ၏။ သူ တကယ်ပဲ မိုးရေ ရွှဲနစ်ကာချမ်းခိုက်နေပြီလား။ ဘယ်အချိန်တိတ်မှန်း မသိနိုင်သော မိုးကို တိတ်နိုးနိုး မျှော်လင့်ချက်မရှိ။ သည်မိုးက မနေ့ကတည်းက ရွာနေတာ၊ ဘယ်မှာ တိတ်သေးလို့လဲ။ သူ မသိဖူးလား။

သည်နှစ် မိုးတွင်းက မိုးကြီးတာရယ်၊ ခါတိုင်းလို မိုးရွာတိုင်း အရိပ်အောက် ခဏဝင် ခိုဝင်နေပြီး မိုးတိတ်မှ ပြန်ထွက်လို့ မရဘူးဆိုတာရယ် . . . ဟင်း . . ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကြည့်ရတာ ချမ်းလိုက်တာ၊ ရုတ်တရက် ကိုယ်ချင်းစာစိတ်နှင့် . . .

"မိထူးရေ" ဟု လှမ်းခေါ်ပြီး

"ပလပ်စတစ် ထိုင်ခုံတစ်ခု ပေးလိုက်ပါ ရေနွေး ဓာတ်ဗူးနဲ့ ဖန်ခွက်ပါပေးလိုက်ဦး" ဟု ဆိုမိသည်။

"ဟုတ်ကဲ့"

မိထူးက ချက်ချင်းပဲ ရွှေတန်ခူး ပြောသလို လုပ်ပေးသည်။ မိထူးက ခိုင်းလို့ ကောင်းသည်။ မိုးရိုနေသော ကိုလူ့ရွှဲက ကျေးဇူးတင်ကြောင်း ပြောတာ ကြားရသည်။

ဘေးတိုက်မြင်နေရသော သူ့မျက်နှာကို ကားထဲက နေ အသာကလေး ငြိမ်သက်စွာ ကြည့်နေမိ၏။

မိထူး ပြောတာ ဟုတ်သားပဲ။ သူက အရမ်းချောပြီး အရမ်းခန့်သည်။ သူ့ပုံစံက တည်ကြည်ခန့်ညားသည်။

ကားထဲမှာ ဖက်ကလေးပုပြီး စီယာတိုင်ပေါ် မေး ကလေးတင်လျက် ငေးကြည့်နေသော ရွှေတန်ခူးကို သူက





မြင်ပါ။ အခန်းက နည်းနည်းမှောင်နေသည်။ ပြီးတော့ ကားထဲမှာမို့ မမြင်နိုင်တာပါ။

သဘောကောင်းသော အိမ်ရှင်တွေကို အောင်ဆုရ ကျေးဇူးတင်မိ၏။ ခိုက်ခိုက်တုန်အောင် ချမ်းစိမ့်နေတာမို့ ရေနွေးပူပူသောက်ခွင့်ရတာ မိုးခိုဝင်ခွင့်ရတာ မဆိုးလှပါ။

သည်လိုမှန်းသိရင် ညိုမင်းကားကို ငှားလာမိမှာ မဟုတ်ပါ။ ညိုမင်းကားက ရေနည်းနည်း ဝင်တာနဲ့ စက်က ကျွပေးပြီ။ ထိုးရပ်သွားလိုက်တာ နှိုးမရတော့ ဘာဖြစ်သွား မှန်းမသိ။

သူလည်း ရွာနေသော မိုးကို ဂရုမစိုက်အားပဲ ကား ထဲက ဆင်းရတော့သည်။ ဖျားနေပါတယ်ဆိုမှ မိုး ထပ်မိပြီ။

ဘာမှ မတတ်နိုင်။ ကားထဲက ဆင်းပြီး တတ် သလောက် မှတ်သလောက် ကြည့်ပေမယ့် ဘာမှ မထူးခြား သူသာရွှဲရွှဲနစ်စိုသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ရမလဲ။ သည်အနီးအနားမှာ ကား ဝပ်ရှော့ရှိနိုင်မလား။ သူများကားကို ငှားမောင်းလာတာဆို တော့ လမ်းဘေးပစ်ထားခဲ့လို့လည်း မရ။

ညိုမြင်းဆီ အရောက်ပြန်ပို့ပေးရမည်။ လိုင်းကားနှ လာလိုက်တာမှ ကောင်းဦးမည်။ ဘတ်စ်ကား ရေဝင်ပြီး ထို ရပ်သွားလည်း ကိုယ်နှင့်မဆိုင် ကျောကော့ရင်ကော့ ဆင် သွားရုံ ပြန်လှည့်ကြည့်စရာမလို။ ဘာတာဝန်မှ မရှိ။ တန် တန်ကြေးပေးထားသော ကားခပင် ခပ်မာမာ ပြန်တောင် လို့ ရသေးသည်။

အခုတော့ သည်ကားစက်နိုးအောင် လုပ်ရမှာ သူ တာဝန်။ အောင်ဆုရက ခပ်ညံ့ညံ့ခပ်တုံးတုံးယောကျ်ားတ ယောက်တော့ မဟုတ်ပါ။

ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ရေကြီးသော လမ်းကဖြတ် ပြီး ထိုကားကို ညိုမြင်းဆီ အရောက်သွားပေးမှာပါ။ ခင်





တာက တရိပ်ရိပ်တက်နေသော အဖျားသွေး ညတုန်းက လည်း ဆေးခန်းသွားပြရသေးသည်။ သူက ဖျားခဲသူပါ။ ဖျား လျှင်လည်း အဖျားက အရမ်းကြီးသည်။

ဂျာကင်အိတ်ထဲ ပါလာသော ဆေးကို ရေနွေးပူပူ နှင့် ထုတ်သောက်လိုက်၏။

အလုပ်ကိစ္စကြောင့် မလာမဖြစ် ထွက်လာရတာ၊ သက်တောင့်သက်သာ ဖြစ်မလားလို့ ညိုမြင်းဆီ ဖုန်းဆက် ပြီး ကားခဏ ငှားခဲ့တာ။

စိတ်ကူးနှင့် လက်တွေ့တခြားစီပါလား။ သူ ထင် သလိုမဟုတ်ဘဲ ကားက သူ့ကို လမ်းခရီးမှ လာနှောင့်ယှက် ပေးသည်။

ပိုက်ဆံ မနှမြောပဲ တက္ကစီလေး ငှားစီးခဲ့ပါရင် အခု လောက်ဆို အိမ်ပြန်ရောက်ပြီး စောင်ခြုံကွေးနေလို့ရပြီ။ ဘာလို့များ ညိုမြင်းကားကို သွားယူခဲ့မိသလဲ မသိ။ အရမ်း မှားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကားသာဆို ကားကို လော့ခ် (သော့) လုပ်ပြီး သည့်အတိုင်း ထားခဲ့မှာ။ စိတ်က သိပ်မရှည်။ သူများကား မို့လို့သာ တာဝန်ကြီးက ရှိနေလို့သာ။

ရေနွေးပူပူကို တစ်ခွက်ပြီးတစ်ခွက် သောက်ကာ နွေး သွားအောင် ကြိုးစားမိ၏။

ကိုယ့်ကို အိမ်ထဲ ဝင်ပါဟု မခေါ်ဘဲ ပလပ်စတင် ခုံတစ်ခုအပြင် ချပေးတာကိုက မှန်ကန်သော ညှော်ဝတ်ကျေ မှုပါ။

"ဒီအနီးအနားမှာ ကားပြင်တဲ့ ဆရာရှိသလား၊ ကား ဝပ်ရှော့လေ"

သူ လှမ်းမေးသောအသံသည် ချိုညက်ကြည်လင် ပြီး ဩဇာရှိသော နားထဲ စွဲစေသည်။

မိထူးက ဘာမှ ပြန်မဖြေနိုင်ဘဲ ပြန်လှည့်ဝင်လာ၏

"ဟိုဘက်လမ်းမှာရှိတယ်၊ အောက်ထပ်ပဲ၊ ဦးအောင် မြင့်လို့မေး၊ ဦးအောင်မြင့်ဝပ်ရှော့၊ အဲ့ဒါ အနီးဆုံးပဲ"





"ဟုတ်"

မိထူးက ရွှေတန်ခူးပြောပြသလို သွားပြန်ပြောပြ၏။ သူက ခေါင်းညိတ်ပြီး ခပ်သုတ်သုတ် ထွက်သွားတော့သည်။

"ဟင်း"

ရွှေတန်ခူး ပင့်သက်ရှိုက်မိ၏။

မိုးရေကြီးထဲ ကားပျက်ရတယ်လို့၊ လမ်းမှာ ရေကြီး နေတော့ ကားတွေ ရေဝင်ပြီး ထိုးရပ်ကုန်တာပါပဲ။ သူ အဲ့ဒါ ကြောင့် မိုးတွေ ရွှဲနစ်နေတာကိုး။

ရွှေတန်ခူးက ကားထဲက ထွက်လာပြီး သူ့ကို ထပ်တွေ့ရနိုး လမ်းကို လှမ်းမျှော်ကြည့်မိ၏။

သူ့ကို လုံးဝ မတွေ့ရတော့ပါ။ မျက်တောင်တစ်ချက် အခတ်မှာ သူ့သဏ္ဌာန်က အာရုံထဲ စွဲငြိစွာ ပေါ်လာ၏။ သူ့ကို သေသေချာချာ မှတ်မိနေပါရောလား။ ထူးဆန်းလိုက်တာ။

သူ့အသံရော၊ သူ့ရုပ်သွင်ရော ရွှေတန်ခူးအလွတ် ရမိသည်။ သူကသာ ရွှေတန်ခူးကို မသိတာ၊ မမြင်တာ။

www.burmeseclassic.com



ပလပ်စတစ်ခုံကို အထဲပြန်ယူရင်း မိထူးက မှတ်ချက်ချနေ၏။

''အစ်ကိုကြီးက ရုပ်ချောသလောက် အသံလည်းကောင်းတယ်၊ အသံက ချိုနေတာပဲ'' တဲ့။

ရွှေတန်ခူး ဖွဖွပြုံးမိ၏။ သည်အသံ သည်ဟန်နှင့် ကောင်မလေးတွေ သူ့ကို ဝိုင်းဝိုင်းလည်နေမှာပဲ ဟု တွေးသွားလို့ပါ။



သီရိက ဝံ့သစ္စာနှင့် ရွှေတန်ခူးကို တစ်လှည့်စီ ကြည့်ကာ ဘာမှ ဝင်မပြောဘဲ ငြိမ်သက်နေ၏။

သူငယ်ချင်းသုံးယောက်မှာ သီရိက နှစ်ယောက်စလုံးနှင့် ဘယ်တော့မှ ထိပ်တိုက်မတွေ့ အရမ်းအေးတိအေးစက်နှင့် ဘာမဆို ခေါင်းညိတ်သဘောတူတတ်သူပါ။

အမြဲတမ်း ထိပ်တိုက်တွေ့ပြီး ငြင်းခုံအရှုံးမပေးတတ်တာက ဝံ့သစ္စာနှင့် ရွှေတန်ခူး။

သူတို့နှစ်ယောက်က ပြိုင်မယ်ဆိုလည်းပြိုင်လောက်ပါပေရဲ့။ နှစ်ယောက်စလုံးက အချောညီ အလှညီ အရည်



www.burmeseclassic.com

www.burmeseclassic.com



အချင်းညီ၊ ပိုက်ဆံရှိတာခြင်းလည်း မတိမ်းမယိမ်း။ ပညာကျတော့လည်း အတူတူ၊ သည်တော့လည်း ပြိုင်ဆိုင်ငြင်းခုံတာ မဆန်းဆန်း၊ ပြိုင်ဆိုင်ငြင်းခုံခြင်းက တိုးတက်မှုကို ဖြစ်စေသည်ပဲ မဟုတ်လား။

ဘာမဟုတ်တာလေးကိုပင် သူတို့က ငြင်းကြစမြဲ အခုလည်း သီရိမောင်လေး၏ သူငယ်ချင်းက သူ့အစ်မနှင့် မင်္ဂလာဆောင်တော့မှာကို သီရိက ပြောပြမိရာမှ စပြီး ငြင်းခုံယှဉ်ပြိုင်ကြတော့တာပါ။

"လုံးဝနီးစပ်မှုကြောင့် သူတို့ ညားကြတာ"

ဝံ့သစ္စာက အပြတ်ပြောသည်။

"အေးလေ၊ ရွှေတန်ခူးက မငြင်းပါဘူး"

လက်ဖက်တစ်ဖွန်း ခပ်စားပြီး ရွှေတန်ခူးက ပြန်ခြေသည်။

"ဒါပေမယ့် နီးစပ်မှုကြောင့် အချစ်ဖြစ်တယ်ဆိုတာ ရွှေတန်ခူး လက်မခံဘူး"





"ဟင် ... အချစ်ဆိုတာ တစ်ရာမှာ ကိုးဆယ်နီးစပ်မှုကနေစတာ စကားပုံတောင် ရှိသေးတယ် အိုးချင်းထား အိုးချင်းထိ ကြိုးချင်းထား ကြိုးချင်းငြိ" တဲ့

"ဟုတ်တယ်လေ၊ ဒါပေမယ့် အချစ်ဆိုတာ နက်ရှိုင်းသိမ်မွေ့လွန်းတယ်"

"လုပ်မနေနဲ့ ဘယ်အရွယ်ပဲဖြစ်ဖြစ် ဘယ်အဆင့်အတန်းပဲဖြစ်ဖြစ် နီးစပ်ရင် ကြိုက်သွားကြတာပဲ"

ဝံ့သစ္စာက နိုင်နိုင်မာမာ ထင်ကြေးပေး၏။

"ရွှေတန်ခူးတော့ တသမတ်တည်း မယူဆဘူး၊ အချစ်ဆိုတဲ့ ခံစားမှုဆိုတာ နီးစပ်မှု ဆက်စပ်မှု လုံးဝ မရှိလည်းပဲ ဖြစ်နိုင်တယ်၊ အချစ်စိတ်ဆိုတာ ဆန်းကြယ်တယ်၊ မိနစ်ပိုင်းအတွင်းမှာလည်း တစ်ခါမှမဖြစ်ဖူးတဲ့ သူစိမ်းတစ်ယောက်ကို ရင်ခုန်ချစ်မိသွားတာမျိုး ရှိနိုင်တာပဲ"

"သီရိ ... နင် ဘယ်လိုထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝံ့သစ္စာက သီရိကို စစ်ကူခေါ်၏။ သီရိက လက်ကလေးနှစ်ဖက်ဖြန့်ကာကာ . . .

"ငါ မသိဖူး၊ နီး . . . နီး၊ လက်ဖက်သုတ်အရမ်းစားလို့ကောင်းတယ်" ဟု လှပစွာ ရှောင်ထွက်သည်။ ဘယ်သူ့ဘက်မှမပါ။

သီရိက အရမ်းလည်သည်။ နှစ်ယောက်စလုံးက သူငယ်ချင်း အရင်းကြီးတွေ၊ ဘယ်သူ့ဘက်မှ မပါတာကောင်းသည်။

ဘက်လိုက်လို့မရ။ တစ်ယောက်ယောက်ဘက်ကို ပါလို့ မဖြစ်ပါ။ ဘယ်သူ့ဘက်မှ မပါတာ အကောင်းဆုံးပါပဲ။ ရွှေတန်ခူးက သီရိကို မျက်စောင်းရွယ်သည်။ 'လူလည်မ' ဟု နှုတ်ခမ်းလှုပ်ရုံ ရေရွတ်သည်။

ရွှေတန်ခူးက သီရိအကြောင်းသိပြီးသား၊ သီရိက ဘာမှ ဝင်ပြောမှာ မဟုတ်။





နှစ်မဲတစ်မဲနှင့် တစ်ယောက်ယောက် ရှုံးသွားမှာ မလိုသား။ သူတို့ချင်းပဲ ငြင်းခုံဖြေရှင်း အနိုင်အရှုံးပေါ်အောင် လုပ်ကြပေရော့။

"နီးစပ်နေတိုင်း အချစ်ဖြစ်ကြရင် ခက်ရချည်ရဲ့ မောင်တစ်ရွာ မယ်တစ်မြို့ ဖြစ်နေတဲ့ ချစ်သူစုံတွဲ လင်မယားတွေ ဘယ်နှယ့်လုပ်ကြမလဲ၊ သစ္စာတရားဆိုတာရော ဘယ်သွားသွားမလဲ။ နီးစပ်နေတာနဲ့ပဲ ငြိကြရောလား"

"ဩော် . . . အနှောင်အဖွဲ့ မရှိတဲ့ အလွတ်ချင်းကို ပြောတာလေ၊ ပိုင်သူဆိုင်သူရှိပြီးသားတွေကတော့ ကိုယ့်ကိုယ့်ကိုယ်ထိန်းကြတာပေါ့၊ ဒါတောင် တစ်ခါတလေ ကြားကောင်းကျော်မကောင်း အနံ့တွေ ထွက်လာကြသေးတာ"

"မဆိုင်ပါဖူး ဝံ့သစ္စာရယ် အဓိကက စိတ်ပါ။ စိတ်ကြောင့်ပါ၊ စည်းမစောင့်တာလည်း စိတ်ပဲ၊ နီးစပ်နေပေမယ့် စည်းစောင့်နိုင်တာမျိုးလည်း ရှိတာပဲဟာ၊ လူနဲ့ပဲ ဆိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ဒါဆို ရွှေတန်ခူးက နီးစပ်နေမှုကြောင့် အချစ်ဖြစ်ထွန်းတယ်ဆိုတာ လက်မခံဖူးပေါ့"

"ဟင့်အင်း"

"ဝံ့သစ္စာက လုံးဝ လက်ခံတယ် နီးစပ်ရင် မြင်တာများပြီး သိတာများပြီး တဖြည်းဖြည်း သံယောဇဉ်ငြိတွယ်လာမှာပဲ"

"တချို့တွေအတွက်တော့ ဟုတ်မှာပေါ့"

"တော်တော်များများအတွက် ဟုတ်တာ၊ အနည်းစုကလည်း ကိုယ့်ကိုယ်ကိုယ် သတိထားဆင်ခြင်လို့သာ ရုန်းထွက်နိုင်တာ"

ရွှေတန်ခူးက ရယ်နေသည်။

"အခု သီရိ့မောင်လေးရဲ့ သူငယ်ချင်းက သူ့သူငယ်ချင်းရဲ့ အစ်မနဲ့ ညားတယ်ဆိုတာ နီးစပ်မှုကြောင့်ပဲ အမြဲဝင်ထွက်သွားလာ ပတ်သက်နေတော့ သံယောဇဉ်ဖြစ်သွားတာ"





"ဒါဆို ဖူးစာရော"

"နီးစပ်မှုကိုက ဖူးစာပေါ့"

"ဟင့်အင်း . . . သူတို့ ညားတာ ဖူးစာကံကြောင့်ပါ ဖူးစာရှိလို့ တွေ့ကြတာ"

"ဖွတ်မိုတ်ကန်မငြင်းနဲ့"

"အိုး . . . ကန်ငြင်းတာ မဟုတ်ဘူး၊ အဲဒီ ကောင်မလေးက ဒီကောင်ကလေးနဲ့ ဖူးစာရှိလို့ကို ညားတာ၊ သူ့မောင်လေးက ဒီသူငယ်ချင်းတစ်ယောက်တည်း ရှိတာသား"

"ဒီကောင်ကလေးက တရင်းတနှီး အိမ်ထဲဝင်ထွက်နေတယ်၊ စားအိမ် သောက်အိမ်အရင်းနှီးဆုံးပဲလေ"

"အခြားကောင်လေးတွေလည်း ရှိတာပဲ"

"ရွှေတန်ခူးရယ် ခေါင်းမမာချင်စမ်းပါနဲ့ နီးစပ် ထိတွေ့ပတ်သက်နေမှုကို ဘယ်သူမှ မခုခံမတွန်းလှန်နိုင်ဘူး၊ ကျရှုံးရတာချည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အွင်း ရွှေတန်ခူးတို့ မပါပါဖူး"

"အပြောလျှော့ အစားကို ကုန်အောင်စား စကားက် ကုန်အောင် မပြောနဲ့ တဲ့"

"မယုံရင် စောင့်ကြည့်"

"အခုထက်ထိ ဘာဘာညာညာ ဖတ်လမ်းတွေ မ သေးဘူးဆိုတာကလည်း နင့်မှာ နီးစပ်မှုဘာမှ မရှိသေးလို့ သိရဲ့လား"

"အမယ်လေး၊ မဟုတ်ပါဘူး နီးစပ်နေတာတွေ သားပဲ၊ ဒီလိုသာဆို ခက်ရချည်ရဲ့၊ ကဲ . . . ဝံ့သစ္စာ ငါမေ မယ်၊ နင့်ကို ကြို့ပို့ လုပ်ပေးနေတဲ့ ဒရိုင်ဘာက ငယ်လည် ငယ် လူပျိုလည်း လူပျို နင်နဲ့ ဒီလောက် နီးစပ်တာ န ဘာလို့ မကြိုက်လဲ၊ မချစ်လဲ၊ ဒါဟာ ရင်ခုန်မှု အတွက် အရေးကြီးဆုံးပဲဆိုရင် အဲဒီ နီးစပ်မှုမှာ နင့်ဘက်က ကျ သွားသင့်ပြီ"

"တော်တော့ ရွှေတန်ခူး"





ဝံ့သစ္စာက ဆတ်ဆတ်ခါ နာသွားပြီး ဝုန်းကနဲ မတ်တပ်ရပ်၏။

"ကြိုက်စရာလား ကိုယ့်အလုပ်သမားကို၊ ရင်ခုန်သာယာစရာလား၊ နင့်စကားက ငါ့ကို နှစ်နာစေတယ်ဟဲ့ . . အရမ်းရိုင်းတာပဲ"

ဝံ့သစ္စာက အင်မတန် ခံရခက်သွားပုံမို့ သီရိက မနေသာပဲ ဝင်ဖြန်ဖြေရသည်။

"ရွှေတန်ခူးရယ် တော်ပါတော့ ဘာမှလည်း ဟုတ်ဘာမဟုတ်ပဲနဲ့ ငြင်းခုံစကားများနေတယ်"

သီရိက ပင့်သက်ရှိုက်၏။ သည် သူငယ်ချင်း နှစ်ယောက် တကယ်မလွယ်။ ဘာလေးမဆို သဘောထား ကွဲလွဲပြီး ငြင်းခုံချင်သည်။ အနိုင်မခံ အရှုံးမပေး။

ရွှေတန်ခူးက လက်ဘက်တစ်ဖွန်း ခတ်စားပြီး ပလုတ်ပလောင်း ပြန်ပြောလိုက်တာက

"ငါက သဘောပြောတာပါနော်" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



သီရိထင်သည်။ ရွှေတန်ခူး၏ ထိုစကားက ဝံ့သစ္စာ
၏ မာနကို နင်းခြေလိုက်သလိုပင်။ လုံးဝမပြောသင့်သေ
စကား။

ကားမမောင်းသော ဝံ့သစ္စာက အမြဲတမ်းပဲ ဒရိုင်ဘာ
နှင့် သွားလာနေရသူပါ။

''အေးပါ၊ ငါစောင့်ကြည့်ဦးမယ် နင်တကယ်
အပြောနဲ့ အလုပ် ညီနိုင်ရဲ့လားဆိုတာ''

ရွှေတန်ခူးက မဖြုံသလို ပခုံးတွန့်သည်။

''တစ်ခါမှ ရှည်းစားတောင် မထားဖူးပဲ အပြောကြ
နေသေးတယ်''

ဝံ့သစ္စာက ရှုံ့ချ၏။

''ရှည်းစားမထားဖူးတာပဲ အားနည်းချက်ဖြစ်ရ
လား မထားချင်လို့ပေါ့ ဘယ်သူ့ကိုမှ ရင်မခုန်တတ်သေးတ
နှလုံးသားက အသစ်စက်စက်၊ သိရဲ့လား''

ဝံ့သစ္စာက ရွှေတန်ခူးကို မကျေနပ်ကြည့်၏။ သူ





က်လုံးထဲမှာ အညှိုးအတေးတွေ ပါနေသလိုပင်။ ထို့အကြည့်
ကို ရွှေတန်ခူးကပင် သတိမထားမိ၊ သီရိကသာ အမှတ်မထင်
ခြင်လိုက်တာ။

ဝံ့သစ္စာက ချက်ချင်းပဲ စားပွဲပေါ်က ပိုက်ဆံအိတ်နှင့်
ထင်းနှံဖုံးကောက်ယူပြီး ထွက်သွား၏။

''အရှိမ်းပေါက်ကွဲသွားပြီ''

ရွှေတန်ခူးက ရယ်ပြီး ဆို၏။

''ရွှေတန်ခူး''

''ဟင်''

''နင် ဘာလို့ စကားကို တရားလက်လွတ်ပြောလိုက်
ာလဲ၊ ဝံ့သစ္စာ စိတ်နာသွားပြီ''

''ဟင်''

သီရိကို ရွှေတန်ခူးက စိုက်ကြည့်ပြီးမှ . . .

''ငါ့စကားမှားသွားလို့လား၊ မခံချင်လို့ ပြောမိတာပဲ
အမှားပါချင်ပါမှာပေါ့ ကဲပါ . . . နင်က ကြားလူ



www.burmeseclassic.com

www.burmeseclassic.com



နင်က ငါ့မှားတယ်ထင်ရင် ငါတောင်းပန်လိုက်ပါ့မယ်၊ ပြီးရော မဟုတ်လား''

သီရိက ပင့်သက်ထပ်ရှိက်၏။ ဝံ့သစ္စာ ကျေနပ်သွား ဖို့ပဲ အရေးကြီးတာပါ။ သီရိက သည်ကဏ္ဍမှာ ဘာမှ ဖြ တာမဟုတ်။

''ရွှေတန်ခူး''

''ဘာလဲ''

အရေးကြီးသလို ခေါ်ပြီးမှ သီရိက ပြောသင့်မပြေ သင့်ချင့်ချိန်ကာ နှုတ်ခမ်းကိုက်၏။

''ဟဲ့ . . . ဘာလဲ ပြောလေ''

ပွင့်လင်းဟန်မဆောင်တတ်သူပီပီ ရွှေတန်ခူး သိချင်စွာနှင့် သီရိလက်ကို လှမ်းရိုက်သည်။

''ကြာတော့ကြာပါပြီ ငါနဲ့ ဝံ့သစ္စာနဲ့ ဆယ်တန်းဖြေ ပြီးစက နင်နဲ့ မတွေ့ခင်က . . . . .''

သီရိစကားကို ရွှေတန်ခူးက နားထောင်နေ၏။





''သူ့ကို လိုက်ပို့ပေးတဲ့ ဒရိုင်ဘာကောင်လေးနဲ့ ဘာလိုလို ဆိုပြီး အသံထွက်ခဲ့တယ်လေ''

''ဟယ်တော့''

သည်လိုသာဆိုရင်တော့ သူများအားနည်းချက်ကို င်းပြီး ဖိရာကျတော့မည်။ အဲဒီလို မဟုတ်ရပါ။ ရွှေတန်ခူးက သဘောရိုးနှင့် ခိုင်းနှိုင်းပြောဆိုမိတာပါ။

''ဟုတ်လို့လား''

''တကယ် ဟုတ်မဟုတ် ငါလည်း မသိဖူး''

သီရိက ငရုပ်သီးစိမ်းကိုက်ပြီး ထူပူအောင်စပ်တာမို့ ရေပြေးသောက်သည်။ ခါတိုင်းဆို နေ့လည်နေ့ခင်း သုံး သောက်ဆုံမိကြရင် . . . ''BLENDER'' (သစ်သီးဖျော်စက်) နှင့် အသီးတစ်ခုမဟုတ်တစ်ခု ဖျော်သောက်နေကြပါ။ သည်နေ့မှပဲ ဆန်းဆန်းပြားပြား လက်ဘက်သုတ် သုပ်စား ကြတာပါ။ မမျှော်လင့်ပဲ ပြဿနာက သီရိကနေ စတာ သီရိမောင်လေး၏ သူငယ်ချင်း ဝဏ္ဏက အရမ်းချောပြီး



www.burmeseclassic.com

ဆရာဝန်လောင်းလေးမို့ ဝံ့သစ္စာနှင့် ရွှေတန်ခူးက သတိထား
မိကြသည်။

"ဟယ် သီရိရယ် နင့်မောင်ရဲ့ သူငယ်ချင်းပဲ၊ နင်ငြိသင့်တာ၊ နင်က တော်တော်ညံ့တာပဲ" ဟု ဝံ့သစ္စာက အားမလိုအားမရ စကားစလာ၏။

"ဝဏ္ဏက ချောလည်းချောတယ် ပညာလည်း မညံ့ ရုပ်ပါလည်း မခေဘူး၊ ဥစ္စာလည်း ပေါတယ်၊"

"ငါမှ စိတ်မဝင်စားတာဟဲ့"

"အင်းပါ စိတ်မဝင်စားနဲ့၊ စိတ်ဝင်စားတဲ့သူက လက်ဦးသွားပြီ မျှော်လင့်လို့လည်း မရနိုင်ဘူး"

"ဝံ့သစ္စာရယ် သူတို့ချင်း ဖူးစာပါလို့ပါ"

အဲဒီကနေ အငြင်းအခုံ စ,ခဲ့တာ။

"ဘာဖူးစာလဲ၊ နီးစပ်မှုပါဟာ"

ဝံ့သစ္စာက ရွှေတွာန်ခူးစကားကို လက်သင့်မခံပဲဟ ချောကနေ ရွှေတန်ခူးကလည်း အလျှော့မပေးတော့ တင်းမာ ငြင်းခုံကြတော့တာပါပဲ။





"ငါ တကယ် ဘာမှ မသိပဲ ပြောမိတာပါ သူများ အကာရဲ့ weak point ကို နင်းပြီး ပြောတာမျိုး ငါ့မှာ မရှိပါဘူး သီရိရဲ့ နင်ယုံတယ် မဟုတ်လား"

"ဝံ့သစ္စာက အနာပေါ် တုတ်ကျဖြစ်သွားပြီ"

"ငါတောင်းပန်လိုက်ပါ့မယ်"

"ဟဲ့... တောင်းပန်မှ ပြန်အစဖော်သလို ဖြစ်နေမယ် ထားလိုက်တော့ မေ့လိုက်တော့"

သီရိက အကြံပေးလာတော့ ရွှေတန်ခူးက လက်ခံ ခေါင်းညိတ်လိုက်၏။ ပြီးတာတွေ ပြီးပါစေတော့။

www.burmeseclassic.com

အောင်ဆုရက ရေမိုးချိုးပြီး လေကလေးက တ

ချွန်နှင့် အင်္ကျီရွေးကာ ရေမွှေးဖျန်းမိ၏။ ဦးဖြ

သည်နှေ့ ချစ်သူကလေးက စိတ်လိုလက်ရတွေ့

ဖုန်းဆက်လာတာ၊ ဒါမျိုးက အရမ်းရှားသည်။

ဝံ့သစ္စာနှင့်သူ ချစ်သူတွေပါ ဟု ဘယ်သူမှ ထင်

မဟုတ် ယုံမှာမဟုတ်။

အရမ်း လျှို့ဝှက်သိုသိပ်စွာ ချစ်ခွင့်ရတာ

အောင်ဆုရဲ့ ဘဝမှာ ဝံ့သစ္စာနှင့် ချစ်သူဖြစ်ခွင့်ရတာသ

အမြင့်မားဆုံးသော ကုသိုလ်ပါ။

ဉာဏ်ဝင်းစာပေ



အောင်ဆုရက ချမ်းသာပြည့်စုံသူမဟုတ် ဘဝကို

န်းပါးစွာ ရုန်းကန်ရင်း ကြိုးစားနေရသူ။ သို့ပေမယ့် သူက

ချမ်းသမီးလေးကိုမှ လိုချင်သူ။ ဝံ့သစ္စာကို သူမက်မောသည်။

င်ဆိုင်ချင်သည်။ ဘာကြောင့်မှ လက်လွှတ်မခံနိုင်ပါ အဆုံး

မခံနိုင်ပါ။ သူက ပိုက်ဆံမချမ်းသာပေမယ့် အရည်အချင်း

သော ယောကျ်ားတစ်ယောက်ပါ။

ဝံ့သစ္စာလို စက်မြက်ပြည့်စုံပြီး လှပချောမောသော

မတစ်ယောက်နှင့် သူ့ကိုသူ လိုက်ဖက်သည်။ တန်သည်

သူထင်သည်။

မတန်တရာဟု သူတစ်ခါမှ မတွေးခဲ့ပါ။ ဘယ်သူတွေ

ယ်လိုထင်ထင် ပတ်ဝန်းကျင်အသိုင်းအဝိုင်းက ဘယ်လိုပဲ

ဝေဖန် ကဲ့ရဲ့နေနေ သူကတော့ ဝံ့သစ္စာနှင့် ဘဝတစ်ခု

ထောင်ဖို့ ရဲရဲပိုင်ပိုင် ဆုံးဖြတ်ထားပြီးသားပါ။ ဘာကြောင့်မှ

ဝေနောက်ဆုတ်မှာ မဟုတ်။ ဝံ့သစ္စာဘက်က

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုတ်ချင်ခဲ့ရင်လည်း သူ ခွင့်မပြုနိုင်။ မရရအောင်ယူ
သူ ဆုံးဖြတ်ထားခဲ့ပြီးသား။

သူ့ဘဝမှာ သည်လို ကံကောင်းခြင်းက သည်တစ်ခု
ရှိတာ သူလက်လွှတ်မခံနိုင်တာမဆန်း။ ဝံ့သစ္စာ၏ အချစ်
ရဖို့လည်း သူ ခဲယဉ်းပင်ပန်းစွာ ကြိုးပမ်းခဲ့ရတာပါ။

ပထမဦးဆုံး ဝံ့သစ္စာတို့၏ နေအိမ်ကို သူရောက်သွ
ချိန်က ခြံဝင်းထဲက မြက်ခင်းစိမ်းစိမ်းမှာ အမွေးစုတ်ဖွား
လပုကလေးနှင့် လုံးထွေးဆော့ကစားနေသော စကာဒ်အရွ
ဖြူဖြူဖွားဖွားလွှင့်လွှင့်နှင့် ဝံ့သစ္စာကို သူက နတ်သမီးကလေ
တပါးလို ငေးမောကြည့်ရင်း ရင်ခုန်ခဲ့ရသူပါ။ တစ်နေ့နေ့
သူ လက်ထပ်ပိုင်ဆိုင်ချင်တာ သည်လို မိန်းကလေးပါပဲ

သူ့ဘဝကြမ်းပေမယ့် သူ့ရင်ခွင်က နူးညံ့သိ
သိမ်မွေ့သော ပြီးပြည့်စုံသော ချစ်သူတစ်ဦးကိုသာ သ
ရွေးခြယ်ချင်ပါသည်။





အဆင့်အတန်းမတူတာတွေဘာတွေသူနားမလည်
ရမစိုက်၊ သူဟာ ငွေမက်ပြီး ရွှေဘုံပေါ်ခုန်တက်ချင်တာ
ဟုတ်။

သည်တကြိမ်တော့ သွေးလေးစွာ ရွေးခြယ်ပြီး ပြည့်
နူးညံ့သောဘဝထဲက မိန်းကလေးမျိုးကို ချစ်ခွင့်ရချင်တာ။

သူလို ကိုယ်လို မိန်းကလေးတစ်ဦးကို ချစ်မိပါလျှင်
သူ မျှော်လင့်ချက်လုလုကလေး ပျက်သုန်းသွားရမှာပါ။ သူ့
ဘဝကို တကြိမ်တခါတော့ အလုပဆုံး ပြစ်အောင် ဖန်တည်း
ချင်သည်။ ခန့်နားသော ဆုလာဒ်တစ်ခုကို ရဖူးချင်သည်။
ပိုင်ဆိုင်ချင်သည်။

ဝံ့သစ္စာရယ် တကယ်တော့ မင်းဟာလောဘတွေ
ပြည့်သိမ့်နေတဲ့ ကိုယ့်အတွက် မမြင်ရတဲ့ တစ်စုံတစ်ရာက
ဖန်တည်းပေးလိုက်တဲ့ နတ်သမီးလေးတစ်ပါးပါ။

ရေမွှေးဆွတ်ဖျန်းထားသော အင်္ကျီကို ဝတ်ပြီးမှ ဆံပင်
ကို Jel နှင့် သပ်ရပ်အောင် လုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝ့ံသစ္စာက စတိုင်ဖြောင့်မှကြိုက်တာ။ သူကလည်း ဝ့ံသစ္စာကြိုက်အောင် အမြဲကြိုးစားသူပါ။ ဝ့ံသစ္စာ စိတ်မပျက်စေရ။

သူတို့ နှစ်ဦးမှာ လိုက်ဖက်ညီသော အလှတရား ရှိသည်။ 'နှစ်ယောက်စလုံးချောလိုက်တာ' ဟု မြင်ကြသူတွေက တီးတိုး မှတ်ချက်ချကြသည်။ သူကလည်း ဒါကိုပဲ ရင်ထဲ ကြည်နူးလှိုင်းခတ်နေရတာ။

ဥဏ်ဏ်ဝင်းစာပေ

'ဝ့ံသစ္စာ'က ကားထဲမှာ ထိုင်ပြီး သီချင်းနားထောင်တာ သူ့ကို စောင့်နေ၏။

သူ ကားပေါ်တက်ပြီးတာနှင့် ဂူးကနဲ မောင်းထွက်၏၊ မျက်နှာကလေးက စူပုတ်ပုတ် နှုတ်ခမ်းကလေးက ချွန်ထော်။ ဒါ . . . သူ့ကို စိတ်ကောက်စိတ်ဆိုးနေတာ။

သူက နာရီကို ကြည့်ပြီး ပြုံးစရာနှင့် . . .

"ငါးမိနစ်ပဲ နောက်ကျတာပါ" ဟု ခပ်တိုးတိုး ရေရွတ်သည်။ ဝ့ံသစ္စာ မျက်နှာကလေးက ခုထက်ထိမှန်အစ်ကာနေတုန်း။ ဘဝင်မကျပုံကလေး။



www.burmeseclassic.com

www.burmeseclassic.com



"ငါးမိနစ်နောက်ကျတာဆိုတော့ ငါးမိနစ်စိတ်ကောက် မောင်ချော့မယ်၊ သီချင်းဆိုချော့ရမလား။ အာဝါးပေး ချော့ မလားပြော"

သူမ ပါးပြင်စီ တိုးကပ်သွားတော့ သူမက

"ကားမောင်းနေတယ်" ဟု အော်ပစ်သည်။

"ပျော်လိုက်တာကွာ ရှားရှားပါးပါး တွေ့ရချိန်ကလေး စိတ်မကောက်နဲ့"

"ဟွန်း ... ပိုကို ပိုတယ်"

အစတုန်းက ကားမမောင်းရဲသော ဝံ့သစ္စာ၊ ခုတော့ လည်း မြန်လွန်းလိုက်တာ။ ကားမောင်းရဲအောင် ဝံ့သစ္စာ သူစိတ်ရှည်ရှည် သင်ပေးခဲ့တာပါ။

"ချစ်တာကိုး"

"အလကားပါနော်၊ တကယ်ချစ်ရင် ငါးမိနစ် နော ကျပ့်မလား ဆယ်ငါးမိနစ်လောက် ကြိုရောက်နေမှာပေါ့၊ မ စရာကြီး"

ညထဲ်ဝင်းစာပေ



"နောက်ကျတာက ရှုံးထုတ်နေလို့ပါ"

"ဒီပုံက ဒီပုံပဲ"

"မောင်က ချောတယ် မဟုတ်လား"

"မချောပါဘူး"

"ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတာကွ"

"ယုံချင်စရာကြီး"

ဝံ့သစ္စာက သရော်သလို ရယ်လိုက်၏။

"မောင် ဘယ်သွားချင်လဲ"

"ရပါတယ် သစ္စာသဘောပါ၊ ဘယ်ပဲဖြစ်ဖြစ်"

"မောင့်ကို ပြောစရာရှိတယ်"

"ဘာများလဲ"

"ဆိုင်ရောက်မှ တစ်ခုခုစားရင်း ပြောရအောင်"

ဝံ့သစ္စာ စကားက လေးနက်နေသည်။ စူဖူကီး ရှိုးရွှန်း ဘားက မီလျှံကွိုင် ဆိုင်ကလေးမှာ သွားထိုင်ဖြစ်ကြသည်။

ညထဲ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ် ဝရန်တာ အစွန်ထောင့်ရှိ စားပွဲကလေးမှာ သီးခြ
ထိုင်မိ၏။

"ကဲ . . . ဆို၊ ဘာကိစ္စလဲ၊ လက်ထပ်ကြဖို့လာ
မောင် အဆင်သင့် မဖြစ်သေးဖူး"

ရယ်သံတစ်ဝက်နှင့် မောင်ကစ,၏။

"မဟုတ်ပါဖူး မနောက်နဲ့မောင်"

ဝံ့သစ္စာက နှစ်ယောက်စလုံး ကြိုက်တာတွေ သေ
မှာပြီးမှ . . . သူ့ကို စေ့စေ့ကြည့်၏။

"အလုပ်ထဲမှာ မောင်အဆင်ပြေရဲ့လား"

"ပြေပါတယ် အရမ်းပြေတယ်"

"ဟင်း . . . ပြေလည်း ထွက်ရမှာပဲ"

"ဟာ . . . ဘာလို့လဲ"

အောင်ဆုရကာ ထိတ်တလန့်ဖြစ်သွား၏။ ဝံ့သစ္စာ
ဘယ်တော့မဆို သူ့သဘောတစ်ခုတည်းနှင့် ဆုံးဖြတ်တ
သူပါ။





အခုတမျိုးတော်ကြာတမျိုး အမျိုးမျိုးလည်း ပြောင်း
သဲတတ်သည်။

"မောင် . . . သစ္စာနဲ့ နေ့တိုင်းတွေ့ရအောင်
ားလာမောင်း" ဟုဆိုပြီးတော့မှ တစ်ခါ . . .

"ဒရိုင်ဘာဆိုပြီး လူပြောစရာဖြစ်ဦးမယ်" ဟု တမျိုး
ပြောင်းကာ အခုလက်ရှိ လုပ်နေသော အလုပ်ကို ပြောင်းစေခဲ့
သာ။

ဟော . . . ခုတစ်ခါ ဘယ်လိုဖြစ်ပြန်သည်မသိ။
အလုပ်ထပ်ပြောင်းစေချင်ပြီ။ အောင်ဆုရမှာ ကိုယ်ပိုင် ဆုံး
ဖြတ်ခွင့်မရှိရတော့ဖူးလား။ မလွယ်ပါလား။

ဝံ့သစ္စာကို အဲဒီတစ်ခု သူ အရမ်းစိတ်ပျက်သည်။
ဆိုဒါမှ ကျေနပ်သော စိတ်ဓါတ်ရှိနေသည်။ သူကလည်း
အဲဒီလို controll လုပ်တာမခံချင်။ ဘယ်လိုညှိရမှန်းမသိ။

"အခုအလုပ်က ပိုသက်သာတယ် ပိုလခများတယ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သစ္စာတို့လုပ်ငန်း၊ သစ္စာတို့ သုံးယောက်လုပ်ထား

တာ''

''အော်''

ဝံ့သစ္စမှာ သူငယ်ချင်းနှစ်ယောက်ရှိတာ သိပေမယ့်

သူမမြင်ဖူးပါ သိသိပ်လို့ ဝက်စွာနေကြသော ချစ်သူတွေ။ သူ

ချစ်သူတွေ ဆိုတာ ဘယ်သူမှ မသိကြ။ မသိအောင်လည်း

ဝံ့သစ္စာက နေနိုင်းခဲ့တာ။ ဖုန်းပြော၊ ညနေပိုင်း ခဏကလေး

တွေ့ကြတာက နှစ်ပတ်မှ တစ်ခါ။

''ဘာလို့လဲကွာ မောင်နဲ့ ချစ်သူဆိုတာ လူသိမခံရ

တာလား၊ နားကို မလည်ဖူး''

''တလွဲမထင်နဲ့ မောင်၊ မောင်ဟာ သစ္စာရဲ့ ဝက်

လုပတဲ့ ဝက်ဖဲ တနေ့နေ့ တချိန်ချိန်မှာ အားလုံး ဟယ်က

ဟာကနဲ ဖြစ်သွားစေရမယ်''

''ဘာတွေလဲကွာ''

''မောင် မသိပါဘူး''





ဝံ့သစ္စာ သဘောကျနေရတာတွေ များလွန်းလို့ တခါ

တလေ ချစ်သူဘဝ သာယာကြည်နူးမှုတွေ ဆုံးရှုံးနေရသည်။

ကြာလျှင် သူသည်းခံနိုင်မှာမဟုတ်။ စိတ်တွေက ကွပ်ဆတ်မာ

ခေါက်နေပါပြီ။

''ဝံ့သစ္စာတို့ လုပ်ငန်း ဆိုတော့ အဲဒီမှာ အလုပ်ဝင်

ရင်ပိုကောင်းတာပေါ့''

''ဟူး''

သူပေါ်ပေါ်ထင်ထင် လေပူမှုတ်ထုတ်လိုက်၏။ အိမ်မှာ

တုန်းက ရှင်ပျမြူးတူးနေတာပင် ဘယ်ရောက်သွားမှန်းမသိ၊

ကြားရတာ စိတ်မချမ်းမြေ့။

လောလောဆယ် သူက သူ့အလုပ်မှာ ပျော်နေပြီး

သား အသားကျပြီးသား။

''မောင် ဘာလဲ စိတ်ညစ်သွားပြီလား''

''နည်းနည်းပါးပါးပါ''



www.burmeseclassic.com

www.burmeseclassic.com



"မညစ်ပါနဲ့ မောင်ရယ်... သစ္စာတို့ အလုပ်ဆိုတော့ မောင်က ကြိုတင် လေ့လာထားတာ မများဖူးလေ"

"ဒါတော့ဒါပေါ့"

"အခု အလုပ်က ပိုကောင်းလို့ ပြောင်းစေချင်တာ"

အောင်ဆုရ ဘာများ ပြောရမလဲ။ သူ့သဘောဆ က လုံးဝ မပြောင်းချင်။ သို့ပါသော်လည်း သူ့ဆန္ဒက အ မကြီး အရေးကြီးတာ ဝံ့သစ္စာ၏ မာန"

"သဘက်ခါ အင်တာဗျူးဖြေရမယ်"

"ဟင်"

အလုပ်ဝင်ဖို့ အင်တာဗျူးက ဖြေရမှာလား။ ဝံ့သစ္ ရှယ်ယာပါသော အလုပ်လည်း ဆိုသေးသူက သာမန်ဝန်ထ လို အင်တာဗျူးဖြေရမှာတဲ့လား နည်းနည်းတော့ သဘာ မကျ။ ဝံ့သစ္စာက ဘာလို့ သည်လို လုပ်စေချင်ရတာလဲ။

"မောင့်အရည်အချင်းနဲ့ မောင်အလုပ်ရတာမျိုး ဖြ စေချင်လို့ပါ"





"မရခဲ့ရင်ရော"

သူက ကြိုတင်မေးထားလိုက်၏။

"ဒီအလုပ်ရပြီဆိုမှ ဟိုအလုပ်ထွက်ပေါ့ မောင်ရဲ့"

အောင်ဆုရက ငြိမ်သက်စဉ်းစားနေ၏။ မလွယ်ပါလား ဝံ့သစ္စာ။ မင်းအတွက် မောင်ဟာ အရုပ်တရုပ်များလား။

"မောင့်အရည်အချင်း မောင့်အတွေ့အကြုံနဲ့ ရမှာ သေချာပါတယ် လုံးဝ ယုံထားလိုက်"

"အိုကေလေ... သစ္စာက အရမ်းလျှောက်စေချင်ရင်တော့ မောင်လျှောက်လွှာသွားတင်လိုက်မယ်၊ ပြီးရော မဟုတ်လား"

"ရအောင် ဖြေနော်"

"အင်း... စိတ်ချ"

ဝံ့သစ္စာ စိတ်မပျက်စေရ။ သူက အလုပ်လျှောက်လွှာ သွားတင်မှတော့ အလုပ်ခန့်စာရောက်လာတာမျိုးပဲ ဖြစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ သူ့ခံယူချက်။ ဝံ့သစ္စာလောက် သူ့ဘဝက မပြည့်စုံတာ မှန်ပေမယ့် အရည်အချင်းကိုတော့ သူ အရှုံးမပေးနိုင်။

''မောင်ရမှာပါ၊ သစ္စာသိပြီးသား''

သည်အပြောလေးတွေနှင့်ပင် သူ့ဘဝကြီး တစ်ခုလုံးကို သူက ရက်ရောကျေနပ်စွာ ပုံအောပေးဖို့ ဆုံးဖြတ်ပြီးသား ဖြစ်နေရတာ။

မခြောက်တခြောက် ရုပ်ပုံနွံ့သင်းနေသော ဝံ့သစ္စာ၏ နူးညံ့သော ဆံပင်ကလေးတွေကို တယုတယ ကိုင်တွယ်ကြည့်မိတော့ ဝံ့သစ္စာက နက်ရှိုင်းတောက်ပသော မျက်လုံးများနှင့် သူ့ကို စူးစိုက်ကြည့်လာ၏။

အချစ်သည် သူ့အတွက် လှပချိုမြိန်လွန်းနေသလိုပါ။ ဝံ့သစ္စာကို သူ ချစ်သော အချစ်က ပိုင်ဆိုင်ရယူချင်သော မက်မက်မောမော ပြင်းပြင်းပြပြအချစ်။ ထိုအချစ်အတွက် သူက ဘာမဆို ပေးဆပ်ဖို့ အဆင်သင့်ပါ။

❦ ❦ ❦



သိရိုနှင့် စကားပြောဆိုနေရာမှ မှန်တံခါး တွန်းဖယ်ဝင်ရောက်လာသော သူ့ကို ဖျတ်ကနဲ မြင်ရတဲ့အချိန်မှာ ရင်ထဲ တမျိုး ဖြစ်သွား၏။

သူက သည်မှာ အလုပ်လာလျှောက်တာလား။ အံ့သြစရာ ကောင်းလွန်းလိုက်တာ။ တကယ်ပဲ အင်တာဗျူး လာဖြေတာပါလား။ ဟုတ်မှ ဟုတ်ပါရဲ့လား။

လက်ထဲက လျှောက်လွှာကို ကပျာကယာ ငုံ့ကြည့်လိုက်မှာပဲ သူက ''ကျွန်တော် အောင်ဆုရပါ'' ဟု ဆိုကာ အင်တာဗျူးဖြေမည့် ခုံမှာ ဝင်ထိုင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လွှာထိပ်က နာမည်လည်း "အောင်ဆုရ

ပါပဲ။ ဒါဆို သူတကယ်ပဲ အလုပ်လာလျှောက်တာပေါ့။

မယုံတစ်ဝက် ယုံတစ်ဝက်နှင့် နှုတ်ခမ်းလေး ပွင့်ဟ

လျက် သူ့ကို ငေးကြည့်နေမိ၏။

မိုးတွေရွာပြီး ရေတွေလျှံသောနေ့က လမ်းထဲမှာ ကား

ရေဝင်ပြီး ကားပျက်လို့ အိမ်ရှေ့မိုးဝင်ခိုခဲ့သူ။ အဲဒီလူ

ရွှေတန်ခူးက သေသေချာချာကြီးကို မှတ်မိနေပါသည်။ သူ့

ဇဝေဇဝါ မှတ်မိတာမျိုးမဟုတ်။

သူ့ပုံစံကလည်း တစ်ခါမြင်ရုံနှင့် သတိမထား

လောက်သော သန့်ပြန့်သားနားသည့် ရုပ်ရည်။ ဘာမှ မ

သေးပဲ သူ့ကို စူးစိုက်ကြည့်နေသော ကောင်မလေးကို သူက

ပြန်ကြည့်မိ၏။

ဝံ့သစ္စာက သေသေချာချာ မှာလိုက်သည်။ အခုရော

နောင်ရော ဘယ်သောအခါမှ သူမနှင့် ပတ်သက်တာကို ဖွင့်

ဟ ဝန်ခံခြင်း၊ အသိပေးခြင်း မလုပ်ဖို့ပါ။ အင်တာဗျူးစစ်မည့်





က ကောင်မလေးနှစ်ယောက်။ သူတို့တတွေက ဝံ့သစ္စာ၏

ယ်ချင်းတွေများလား။ အဲဒါကိုတော့ ဝံ့သစ္စာက ပြောမပြခဲ့

လျှို့ဝှက်ထားခဲ့သည်။

ရွှေတန်ခူးက မထင်မှတ်ပဲ သူ့ကို တွေ့လိုက်ရသ

င် အံ့သြငြိမ်သက်နေမိပါသော်လည်း သီရိက မေးခွန်းတွေ

က်တိုက်မေးကာ ကျေနပ်အားရပုံနှင့် ရွှေတန်ခူးဘက်လှည့်

ကြည့်လာ၏။

ဘယ်လိုသဘောရသလဲဟု မျက်လုံးနှင့် မေးလိုက်

ာ

"အရည်အချင်းက မဆိုးဘူး၊ လုပ်ငန်းအတွေ့အကြုံ

ာယ်။ ဒီလို လူမျိုးရဖို့ ခဲယဉ်းမယ်"

သီရိက သူ့ရှေ့မှာပင် ပွင့်ဟလာ၏။

"အရင်အလုပ်က ဘာလို့ ထွက်လိုက်တာလဲဟင်"

ရွှေတန်ခူး တစ်ခွန်းတော့ မေးဖြစ်၏။ ဒါက သိပ်မဆိုင်

ဆိုပေမယ့် သိထားသင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



အရည်အချင်း ဘယ်လောက်ပဲရှိရှိ ဘယ်လော တော်တော် ဟိုခုန်သည်ကူး တနေရာမှာ မြဲအောင်မလုပ်တ လျှင် အလကားပါ။

''လစာနည်းလို့ပါ''

ရွှေတန်ခူးက သူ့စကားကြောင့် မျက်ခုံးကလေးပြ တက်ကာ ''မျှော်မှန်းလစာ'' ဖြည့်ထားတာကို ကမန်းကတ ပြန်ကြည့်၏။ သူက ဘယ်လောက်အထိလိုချင်တာလည် သိချင်လို့ပါ။

သူဖြည့်စွက်ထားသော လစာနှုန်းက သိတတ်မြဲ မဟုတ်။ မဆိုးလှပါ။

ရွှေတန်ခူးက သီရိကို ခေါင်းညိမ့်ပြလိုက်၏။

''ဝန်ထမ်းကဒ်အတွက် ကာလာဓာတ်ပုံပါရင် ယူ ပါလား'' ဟုဆိုလိုက်သောအခါ သူ့မျက်နှာက ကျေနပ်မှု ဝင်းထိန်တောက်ပသွား၏။

''ပါ . . . ပါတယ်''





ရွှေတန်ခူးက သူ့ဖောင်ကို အလယ်ပုံထဲ မထည့်ပဲ သီးသန့်ထားလိုက်၏။

''ကျေးဇူးတင်ပါတယ်''

အောင်ဆုရက မျက်စိရှေ့တည့်တည့်က ကောင်မလေးကို လိုက်လိုက်လှဲလှဲ ကျေးဇူးတင်မိတာပါ။

ဟိုဘက်က ရွှေအိုရောင် ဝတ်စုံကလေးနှင့် လုပ ကြော့ရှင်းချစ်စရာကောင်းသော ကောင်မလေးက သူ့ကို အချိန်လုံး အကဲခတ်နေတာ။

သူ့ရှေ့တည့်တည့်က ကောင်မလေးက ပိုပြီး သဘော ကောင်းပုံပါ။

သူ့ကိုလည်း ချက်ချင်းပဲ အလုပ်ခန့်သည်။ သူ့ဘက် က ထောက်ခံပေးသည်။

ရွှေအိုရောင်မလေး၏ မျက်လုံးများက စူးရှလက်ဖြာ ရွှန်းစိုပြီး သူ့ကို မျက်တောင်မခတ်ငေးနေတာ။



www.burmeseclassic.com

www.burmeseclassic.com



ဝံ့သစ္စာမှာ အဲ့ဒီလောက် ချောသော သူငယ်ချင်း ရှိမှန်း သူမသိခဲ့ပါလား။

''ရပါပြီ''

သဘောကောင်းသော ကောင်မလေးက ဆက်ထိုင် နေမိသော သူ့ကို ယဉ်ကျေးစွာနှင့်၏။

''ဟုတ်ကဲ့''

အောင်ဆုရက မတ်တပ်ရပ်ပြီး ခပ်သွက်သွက်အခန်း ထဲက ထွက်လာခဲ့၏။

''တကယ်ပါပဲ ဒီနေ့မှပဲ သစ္စာက မလာဘူး၊ ကို လည်း ဖုန်းမဆက်ဘူး အရမ်းလည်တာပဲ''

''အင်းလေ လူတွေအများကြီး အားလုံး ငါတို့ပဲ ဗျူး ရမှာလားဟင်''

''အေးပေါ့''

''လုံးဝ မတရားဘူး''





''နေဦး၊ နောက်တစ်ယောက်မခေါ်ခင် သီရိ ဝံ့သစ္စာ ဆီ ဖုန်းဆက်လိုက်မယ်''

''ဆက် . . . ဆက်၊ အခု ချက်ချင်းလာလို့''

သီရိက အင်တာဗျူးကို ခဏရပ်ပြီး ဖုန်းဆက်၏။ နံ့မြည်တာနှင့် ရွှေတန်ခူး လက်ထဲထိုးထည့်ပေးသည်။ ဘာသူမပြော၊ တော်တော်အားကိုးရပါလား။

''ပြောလိုက် . . . အပြတ်ပြော'' တဲ့ ဘေးကနေ ကြိတ်ကြိတ်မြှောက်ပေးနေသေးသည်။

''သီရိလက် . . . ပြော''

သီရိလက်ကိုင်ဖုန်းနံပါတ်မို့ ဝံ့သစ္စာက အပိုင်မေး၏။

''ငါပါ ရွှေတန်ခူး''

''အော် . . . အင်း၊ ရွှေတန်ခူး ဘာလို့လဲ အင်တာဗျူး သင်ပြေလား''

''ပြေပါတယ် . . . နင် ဘာလို့ မလာတာလဲ ဒီမှာ သီရိနှစ်ယောက်တည်း''

www.burmeseclassic.com



“ဆောရီးပါဟယ် ငါ တမင် မလာတာဟုတ်ပါ့ဓ
လား၊ ဒီမှာ မေမေလေ သွားဆေးခန်းလိုက်ပို့ပေးပါဆိုတာနဲ့”

ဝံ့သစ္စာက အရမ်းလည်သည်။ အပြစ်တင်ရခက်သော
အကြောင်းပြချက်မျိုးပေးတတ်၏။

ကဲ . . . ရွှေတန်ခူးက ဘာပြောရမလဲ

နှာခေါင်းကလေး ရှုံ့ကာ နှုတ်ဆိတ်သွားရသည်။

“ဒီမှာ ပြီးတာနဲ့ လာခဲ့မယ်”

သီရိက ဘယ်လိုလဲဟု မေးဆတ်ကာ မေးလာ၏

ရွှေတန်ခူး လက်ခါပြမိသည်။

ဖုန်းကို စားပွဲပေါ် ပြန်ချပြီး

“သူ့အမေကို ဆေးခန်းလိုက်ပို့နေလို့တဲ့”

“ဟုတ်လား . . . အင်းလေ၊ ငါတို့ပဲ ဆက်ဖျူးရတော့
မှာပေါ့ . . . နော်”

ရွှေတန်ခူးက ခေါင်းညိတ်မိသည်။

ဉာဏ်ဝင်းစာပေ



ဝံ့သစ္စာက ဖုန်းကလေးဘေးချပြီး ပုခုံးလေး ကျုံ့ကာ
ပြုံးလိုက်၏။

အောင်ဆုရကို သူတို့နှစ်ယောက် ကျိန်းသေရွေးခြယ်
မှာပါဟု ယုံကြည်ထားမိ၏။

အပြောကြီးတဲ့ မိန်းမ . . . ကြည့်ကြသေးတာပေါ့၊
အောင်ဆုရကို လွတ်အောင် ရှောင်နိုင်မလား၊ ငြိတွယ် အရှုံး
ပေးမလား။

ပွဲကြီးပွဲကောင်းပါပဲ။

အောင်ဆုရက ရုပ်ချောပြီး စွဲဆောင်မှု ရှိလွန်းသော
ခန့်ခန့်ညားညား ယောကျ်ား။

ရွှေတန်ခူး . . . ရွှေတန်ခူး။

သည်တစ်ပွဲမှာ နင့်ကို ငါနိုင်မှ ဖြစ်မယ်။ ငါ့ဘက်က
ပေးရတာ ကြီးမားလွန်းလှတယ်လေ အောင်ဆုရက ငါ့
ချစ်သူ။

နင်လွှတ်အောင် ရှောင်ပေတော့ တန်ခူးရေ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



နင် ရှုံးလို့ကတော့ ငါက မနာဘူး။

လက်ညှိုးထိုး ဟားတိုက်လှောင်ပြောင် ရှုံ့ချမှာ နင့်အပြစ်နဲ့ နင်ပဲလေ နင်က အပြောကြီးတာကိုး။

နင့်ရဲ့ ယုံကြည်မှုတွေ ပြိုလဲ ပျက်စီးသွားတာကို ငါကြည့်ချင်ပါသေးတယ်။

ကိုယ့်မာနကို ထိပါးစော်ကားသောစကားတစ်ခွန်းအတွက် ထိထိမိမိ တုန့်ပြန်ဖို့ ဝံ့သစ္စာ ဆုံးဖြတ်လိုက်ပါသည်။

ဘယ်တော့မဆို ကိုယ်နှင့် ထိပ်တိုက်တွေ့ကာ အနိုင်ယူချင်သော ရွှေတန်ခူး။

သည်တချီတော့ ဝံ့သစ္စာအလဲထိုးနိုင်မှာပါ။

အောင်ဆုရကို နီးနီးကပ်ကပ် ဆက်ဆံပတ်သက်နေရင် ရွှေတန်ခူး ရုန်းထွက်နိုင်မှာ မဟုတ်။ ဝံ့သစ္စာ ကျေနပ်စွာ ပြုံးမိ၏။

❦ ❦ ❦

ဉာဏ်ဝင်းစာပေ

အောင်ဆုရဆီက ဖုန်းဝင်လာသောအခါ ဝံ့သစ္စာ မျှော်လင့်ပြီးသား စကားကို ကြားရသည်။ ဘာမှ မထူးဆန်း ပါ။ ဝံ့သစ္စာက သူ့ကို ယုံကြည်ပြီးသားပဲ မဟုတ်လား။

"ဟာ . . . မောင့်ကို ဂုဏ်ပြုစကားပြောသင့်တယ် တစ်ခုခု ကျွေးသင့်တယ်လေ"

"သိပြီးသားပဲဟာ"

"ဘာပဲဖြစ်ဖြစ်ကွာ ဂုဏ်ပြုသင့်တယ်"

အောင်ဆုရက ချစ်သူကလေးကို တွေ့ချင်လွန်းစွာ ဆာတောင်းဆိုမိ၏။ ဝံ့သစ္စာကို မြင်ချင်သည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဝံ့သစ္စာလို မိန်းကလေးမျိုးကို ချစ်သူဖြစ်ခွင့်ရရှိထား ခြင်းသည် သူ့အတွက် အင်အားတစ်ရပ်ပါ။

ဒါဟာ အချစ် ဟုတ်သလား မဟုတ်သလား သူမသ ချင် မဆန်းစစ်ချင် သူကျေနပ်နေမိတာအမှန်။

သာယာကြည်နူးစွာနှင့် တခဏချစ်သူဘဝကလေးက ထာဝရ လက်တွဲဖော်အဖြစ် အမြန်ဆုံး ပိုင်ပိုင်ကူးပြောင်းချ ပါသည်။

''ပြီးရောလေ . . . ညနေ တွေ့ကြတာပေါ့''

ဝံ့သစ္စာ စကားကြောင့် အောင်ဆုရ တောက်ပ ပြုံး၏။

ကဲ . . . သူကတော့ ဘာမဆို ဝံ့သစ္စာ စိတ်တိုင်း အားလုံး ''ဟုတ်ကဲ့'' ချည်းပါပဲ။

ဝံ့သစ္စာကရော သူ့အပေါ် ဘယ်လောက် လိုက်လျော မှာလဲ ဘယ်လောက်ကြင်နာမှာလဲ။



ဝံ့သစ္စာကြိုက်တတ်သော ဟမ်ဘာဂါကို စားဖို့ အသင့် ပြင်အောင် ဓါးကလေးနှင့် လှီးပေးနေသော အောင်ဆုရက ဘာရယ်မဟုတ် စ,မိ၏။

''သစ္စာ . . . သူငယ်ချင်း နှစ်ယောက်က ချောသား

''ဘာ''

''ရွှေအိုရောင်ဝတ်စုံနဲ့ တစ်ယောက်က မင်းသမီး လေး ကျနေတာပဲ''

ဝံ့သစ္စာက နှုတ်ခမ်းစူ မျက်စောင်းရွှယ်သည်။ သူက



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒါပဲ လိုချင်တာ၊ သစ္စာဘဝင်ကျဖြစ်အောင် စ,လိုက်တာ။

စိတ်မချခြင်း၊ စိုးရိမ်ခြင်း ဆိုတာ သဝန်တိုခြင်းက လာတာ မဟုတ်လား။

သဝန်တိုမှ အချစ်စစ်မည်၏။

အခုတော့ ဝံ့သစ္စာက စိတ်ချလက်ချသွေးအေးလှ သလိုပါ။ သူ့အပေါ် လုံးဝ စိတ်ချယုံကြည်ထား၏။ သံသ မထား။

''ဒါပေမယ့် နောက်တစ်ယောက်က ပိုသဘော ကောင်းတယ်''

''ဟုတ်တယ် သီရိက အေးလည်း အေးတယ်''

''ဟိုတစ်ယောက်က တော်တော်လှတယ်''

''ဟွန်း . . . နှစ်ခါရှိပြီ''

''တကယ်ပြောတာ၊ သစ္စာရဲ့''

''သစ္စာနဲ့ ဘယ်သူလှလဲ''

ဉာဏ်ဝင်းစာပေ



''တမျိုးစီပေါ့''

''ဘယ်လို''

သစ္စာက မျက်ခုံးကလေး ပင့်ကာ မေးပြီး သဘော ကျစွာ ရယ်၏။

''မောင် အဲဒီတစ်ယောက်ကို သဘောကျလား''

''ဟာ . . . အဲဒီလို မဟုတ်ပါဘူး''

ဝံ့သစ္စာက စိတ်ဆိုးစိတ်ကောက်ခြင်း မရှိပဲ ပြုံးထွေ သနှင့် စ,လာတော့ သူ မျက်နှာပူမိ၏။

ဝံ့သစ္စာက အံ့သြစရာကောင်းလွန်းသည်။

တကယ်ဆို ဒေါသပုန်ထရမှာ၊ ပေါက်ကွဲ ရန်တွေ့ ခုတော့ သဘောကျလား တဲ့ ဘယ်လိုမေးခွန်းမျိုးလဲ၊ ပြယ် မရှိလိုက်တာ။

''ရွှေတန်ခိုးက တစ်ခါမှ ရည်းစား မထားဖူးဘူး''

ဝံ့သစ္စာက အောင်ဆုရ မမေးပဲ ပြောပြနေ၏။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"သူက ယောက်ျားလေးတွေကို စိတ်မဝင်စားဖူး
လေ၊ ဟင်း . . . ဟင်း . . . ဟင်း"

အောင်ဆုရ စိတ်ကို ဆွပေးသော စကားမျိုး ဘယ
ယောက်ျားပဲ ဖြစ်ဖြစ် အဲဒီလို ကြားလိုက်ရလျှင် မခံမရပ်နိ
ဖြစ်မှာပဲ။

"မောင်က ရွှေတန်ခူးနားမှာနေပြီး အလုပ်လုပ်ရမှာ"

"အဲဒါ ဘာဖြစ်လဲ"

"အော် . . . စိတ်ဝင်စားသွားမလားလို့"

"မဝင်စားပါဘူး"

"ရွှေတန်ခူးက စွဲဆောင်မှု ရှိတယ်မောင့်ရဲ့"

"မောင့်ကို စိတ်ပူနေတာလား"

ရယ်သံတစ်ဝက်နှင့် အောင်ဆုရက မေးတော့ ဝှံသ
ကခေါင်းရမ်းသည်။

"မဟုတ်ပါဘူး စိတ်ဝင်စားစေချင်တာ"

"ဘာ"





သူ့အသံက အနည်းငယ် ကျယ်လောင်သွား၏။

"မောင်က လူချောပဲ ရွှေတန်ခူးက အသိမှတ်ပြုမှာ
ရွှေတန်ခူးနဲ့ ပြေလည်တော့ ကောင်းတာပေါ့၊ သူနဲ့ အလုပ်
အတူတူ လုပ်ရမှာလေ၊ ဒါပဲနော် . . . ရွှေတန်ခူးနဲ့ ပြေလည်
အောင်ဆက်ဆံ၊ သစ္စာက သဝန်မတိုပါဘူး၊ အပြစ်လည်း
တင်ဘူး"

ကြားရသော စကားလေးတွေက သူ့အတွက် ဆန်း
ကြယ်လွန်းနေ၏။

ဘာလို့ တိုက်တွန်းနေတာလဲ၊ ဘာကြောင့်လဲ
အကြောင်းရင်းကို မသိပေမယ့် ဝှံသစ္စာက တကယ်အတည်
ပြောနေတာ၊ မယုံချင်စရာကောင်းလှပေမယ့် ရင်ထဲမှာ ဘဝင်
ကျ၊ မနှစ်မြို့က် ဝှံသစ္စာ ဆန္ဒက ဘာလဲ ရည်ရွယ်ချက်က
ဘာလဲ၊ သဘောရိုး မနေလို့ ရှင်းရှင်းလင်းလင်း မဟုတ်နိုင်၊
အခုခု မှားယွင်းလွဲချော်နေပါပြီ။

ဘာပဲဖြစ်ဖြစ် သူ လုံးဝ မကျေနပ် စိတ်ထဲမှာ ခနိုး



www.burmeseclassic.com

www.burmeseclassic.com



ခနောင့် ခံရခက်မိသည်။ ဝံ့သစ္စာအပေါ် သံသယအနည်းငယ် ဝင်ချင်လာ၏။ သူ့ကို ဘယ်လို သဘောထားပါလိမ့်၊ အထင်ကြီး လေးစားပြီး အားကိုး မြတ်နိုးခြင်းရှိမှ ရှိပါလေစ၊ သူ့ဘက်ကသာ အဟုတ်ကြီး မှတ်နေတာမျိုးလား။

ဝံ့သစ္စာအတွက် သူက လိုသလို ကစားနိုင်သော အရုပ်တစ်ရုပ်များလား၊ အဲဒီလို ဖြစ်နေပြီလား။

ဟိုပို့ ဒီရွှေ့၊ ဟိုတွန်း ဒီတိုး စိတ်ကြိုက်ခြယ်လှယ်နေတော့တာ၊ ရွှေတန်ခူးနှင့် ပြေလည်စေချင်ပါသည် ဆိုသော စကားသည် သူ့ရင်ထဲကို အပ်တစ်ချောင်း စိုက်လိုက်သလို စူးကျင်ခံရခက်၏။

သူသာဆို . . . သူသာ ဝံ့သစ္စာနေရာမှာဆို အဲဒီလို သဘောထားမကြီးနိုင်၊ လစ်လျူမရှုနိုင်၊ လက်လွှတ်စပယ် မပြောနိုင်၊ ပြီးစလွယ်မတွေးနိုင်၊ သူ့ဘက်က လေးနက်ပါသည်။

"မောင်"





"ဟွန်"

သူ ပြန်ထူးသံက အသက်မပါ၊ သူ့ရင်ထဲမှာ တမျိုးကြီး ဖြစ်သွား၏။ ဝံ့သစ္စာ၏ အချစ်၊ ချစ်သူအပေါ် ထားသော သဘောတရား အဲဒါတွေ သူနားမလည်။ သူပဲ မှားနေတာလား။

"စားလေ . . . ဟင်းတွေ အေးကုန်ပြီ ဒါက မောင်ကြိုက်တတ်တဲ့ ကြက်ချိုချဉ်။ ဆယ့်နှစ်မျိုးဟင်းချိုက အရမ်းကောင်းတာ"

"ရပါတယ် သစ္စာစားလေ"

"စားပါဆို၊ ဘာမှန်းလည်း မသိဘူး"

ဝံ့သစ္စာက ဟင်းတွေ သူ့ပုဂံထဲ ခပ်ထည့်ပေး၏။

မောင် . . . ချစ်သူကို စတေးပြီး အနိုင်ယူရမှာ သစ္စာရင်ထဲ ခပ်လန့်လန့်ရယ်။

မောင် . . . ရွှေတန်ခူးကို တကယ်တော့ မချစ်သွားလောက်ပါဖူးနော်။



www.burmeseclassic.com

www.burmeseclassic.com



သစ္စာကို မောင် သိပ်မက်မောတာ သစ္စာသိနေ
တယ် ယုံလည်း ယုံတယ်။

ဒါပေမယ့် မောင်ရယ် . . .

ကိုယ်မွေးတဲ့မီး . . . ကိုယ်မနိုင် . . .

ကိုယ့်ရှူးကိုယ်ပတ်ဖြစ်မှာတော့ သစ္စာနည်းနည်း
ကလေး မသိမသာ စိုးရိမ်နေမိပါတယ်။

❀ ❀ ❀

ညာဏ်ဝင်းစာပေ

တစ်ညလုံး အိမ်မပျော်ခဲ့ပဲ ဟိုတွေးသည်တွေးနှင့် အိပ်
ပျော်သွားလိုက်ဖြစ်ခဲ့ပေမယ့် မနက်ကျတော့လည်း သူ အစော
ကြီး နိုးလာခဲ့၏။

သည်နေ့ အလုပ်ခွင်အသစ်တစ်ခုကို ပထမဦးဆုံး
ဝင်ရောက်ရမည့်နေ့။

စောစောစီးစီး သွားတာ အကောင်းဆုံးပါ။

ရေမိုးချိုး မနက်စာစားပြီး ထွက်လာခဲ့ပါသော်လည်း
ရင်ထဲမှာ မကျေနပ်တာက လျော့ပါးမသွား၊ ခေါင်းထဲမှာလည်း
အပ်တာလဲလဲ တွေးနေမိတုန်း။

ညာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့ ချစ်သူ့သက်တန်းသာ ကြ
မြင့်လာတာ နားလည်မှုက ပိုမလာခဲ့။

ဝံ့သစ္စာ၏ စိတ်ထားက နူးညံ့မလိုလိုနှင့် မာကျော
အေးစက်သည်။ ဆုံးဖြတ်ချက်က ပြတ်သားလွန်းသည်။

သူရောက်သွားသောအခါ ရွှေတန်ခူးက သူ့ထက်
အရင်ရောက်နေခဲ့သည်။ သနပ်ခါးပါးကွက်ကလေးနှင့် လိမ္မော်
ရောင် ပါတိတ်အင်္ကျီကလေးကို စကဒ်အနက်ရှည်နှင့် တွဲဖက်
ဝတ်ထားပုံကလေးက ယဉ်စစနှင့် တမျိုးဆန်းပြီး ပထမနေ့
က တွေ့ခဲ့သော စမတ်ကျကျ မာနကြီးကြီး ပုံစံမဟုတ်တော့
ပဲ ခင်မင်ချင်စရာ၊ ရိုးသားဖြူစင်အေးဆေးသော ဒီဇိုင်းကလေး

"ရှင်ရောက်လာပြီကိုး"

ခပ်တိုးတိုးရေရွတ်ပြီး . . .

"မင်္ဂလာပါ ကိုအောင်ဆုရ" ဟု နှုတ်ဆက်၏။ ဟုတ်
သားပဲ သူက ပြောဖို့မေ့တာ တကယ်ဆို ရွှေတန်ခူးက အလုပ်





ရှင်ပါ။ သူက စတင်နှုတ်ဆက်သင့်တာ၊ သူက ရွှေတန်ခူးကို
ပြီး သတိလက်လွတ် ဖြစ်သွားခဲ့တာပါ။

"ဒီမှာ ရှင့်အလုပ်စားပွဲ"

ရွှေတန်ခူးနှင့်သူက အနီးဆုံးနေရာမှာ အတူတူရှိနေပြီး
လုပ်လုပ်ရမှာပါလား။ ဒါကို ဝံ့သစ္စာက ကြိုတင်သိထားပြီး
နေလေသည်။

ရွှေတန်ခူးနေရာမှာ သီရိသာဆို ဘယ်လောက်
ကောင်းလိုက်မလဲဟု သူဖျတ်ကနဲ တွေးမိ၏။

"အခုချိန်ကစပြီး ရှင်နဲ့ တန်ခူးက လုပ်ဖော်ကိုင်ဖက်
ဖြစ်သွားပြီ"

ပွင့်လင်းရိုးရှင်းသောစကားကို ဟန်ဆောင်မှုကင်းစွာ
ပြီး သူ့ဆီ ကော်ဖီတစ်ခွက် လှမ်းပေးလာ၏။

"သိုင်းကျူးပဲ"

"ဘာမဆို ကူညီရိုင်းပင်းပြီး ရဲဘော်ရဲဘက် စိတ်
ည်နဲ့ ပြောဆိုတိုင်ပင်ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့”

“ဒီအခန်းထဲမှာ ရှင်ရယ် ကျွန်မရယ် ကိုဂျစ်တူးရယ် ဆွေဆွေရယ် မှန်ကလေး . . . အဲ . . . စပယ်ရယ် အားလုံ… ငါးယောက်ရှိတယ်”

“ဟုတ်ကဲ့”

စားပွဲငါးလုံးတွေ့ကတည်းက သူ သိထားပြီးသား… ထူးခြားတာက ရွှေတန်ခူး၏ စာပွဲ၊ ဆုံလည်ခုံနှင့် စားပွဲ… မှာ တယ်လီဖုန်းနှစ်လုံးနှင့် လှပဝံ့ကြွားသော ပန်းအိုးကြီးနှ…

အောင်ဆုရ ရုတ်တရက် တွေးမိတာက ဝှံ့သစ္စာ… သဘောထားကိုပါပဲ၊ ဝှံ့သစ္စာက အောင်ဆုရကို သူမ အခ… မှာ ခေါ်မထားပဲ ရွှေတန်ခူးနှင့် အနီးဆုံးကို ပို့ခဲ့ပါသည်… ဒါဟာ ဘယ်လိုပဲ ပြန်တွေးပြန်တွေး သူ့အတွက် မရှင်းလင်…

“ရှင်လုပ်ရမယ့် အလုပ်တွေကို အားလုံး ဝိုင်းပြော… ကူညီမှာပါ၊ ရှင် အဆင်ပြေမှာပါ”

သည့်အတွက် သူက လုံးဝ မစိုးရိမ်။ Don't w…





…အလုပ်ကို သူက မကြောက်၊ ဘာအလုပ်ပဲဖြစ်ဖြစ် ကြိုး…လုပ်ဖို့ တွေးပြီးသား။သူ့ကြောင့် ဝှံ့သစ္စာ စိတ်မပျက်စေရ…

“လောလောဆယ် ဒီဖိုင်တွေကို ရှင်လေ့လာထား၊ …တော့ ကွန်ပျူတာလည်း ကြည့်ထားဦး”

“ဟုတ်ကဲ့”

ရွှေတန်ခူးက ပြောစရာစကား ကုန်သွားသလို …င်းပေါက်ဘေးသွားရပ်ပြီး ကော်ဖီသောက်နေ၏။

အောင်ဆုရက တိတ်တဆိတ် မှတ်ချက်ချမိ၏။

အင်မတန် နူးညံ့လှပယဉ်ပြီး စွဲဆောင်မှု ရှိသော …ာင်မလေးတစ်ယောက်ပါလား။

အပြစ်ဆိုစရာဘာတစ်ခုမှ မရှိ။

မျက်လုံးကြည်ကြည်စင်စင်ကလေးက စို့ရွှန်းစူးလက် … အကြည့်ခံရသူကို လွှမ်းမိုးဖိတ်မြင့်မားလွန်း၏။ နှုတ်ခမ်း …ပြည့်ပြည့်ကလေးက နီစွေးပြီး ရင်ခုန်စွဲမက်ဖွယ်အထိ…



www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်ကောက်ရှန်းရှန်းများ ဝင်းပွတ်သော ပါးပြင် စင်း
နေသော နှာတံချွန်ကလေး၊ မျက်နှာတစ်ခုလုံး ပြီးပြည့်စုံ
အလှ အပိုအလိုမရှိ ကွက်တိကြည့်ကောင်းသောအလှ၊

ဖန်ဆင်းရှင်းက သည်လောက် စွဲမက်ချင်
ကောင်းအောင် ဖန်ဆင်းလွှတ်လိုက်သည်။

သူမပုံစံ ဟန်ပန်စကားပြောပုံ . လမ်းလျှော
အားလုံးအားလုံး ကြော့မော့ပျော့ပျောင်းပြီး တင်စားပြ
စကားလုံးပင် ရှာမတွေ့။

လှနိုင်လွန်းတယ်ကွာဟုပဲ ဆိုရမည်။

"ဒီနေ့ တန်ခူးက တမင်စောစောလာတာ၊ ရှ
တွက်ပြင်ဆင်ပေးစရာလေးတွေ ရှိတယ်လေ"

တခြားသူတွေ ရောက်မလာသေးတော့ ရွှေတန်
သူ့ကိုပဲ စကားပြောနေရသည်။ သူကလည်း နားထောင်
သက်သက် မဖြစ်ချင်ပါ။ သို့သော် သူ့မှာက ပြောစရာ
မရှိ၊ သူ ဘာပြောရမှန်းမသိ။





ပြီးတော့ ချိုအီသော ရနံ့ တမျိုးလေး လွှမ်းခြုံထား
သော အခန်းကလေးထဲမှာ အတူတူရှိနေရသော အဖြစ်ကို
ဆန်းအံ့အားသင့်ပြီး သူ ငြိမ်သက်နေမိတာလည်း ပါသည်။

ရွှေအိုရောင် ဝတ်စုံကလေးနှင့် မာနကြီးပုံရသော
က်နှာထားတင်းတင်းကို ခဏလေး မြင်ရပြီး သူက မှတ်ချက်
ားသွားခဲ့တာ။

ရွှေတန်ခူးဆိုသော ကောင်မလေးက ခင်စရာကောင်း
ည်ပဲ စကားပြောပုံကလေး ကြည့်ရတာ မာန်မာနကင်းစင်
နူးညံ့သိမ်မွေ့လွန်းသည်။

သူ့ကို ကျောပေးထားပြီး ကော်ဖီသောက်နေမိရင်း
တန်ခူးရင်ထဲမှာ ခုထက်ထိ မယုံနိုင် မယုံချင်ဘူး . . .
ယ်ပဲ ရွှေတန်ခူးနှင့် အနီးဆုံး စားပွဲကို အလုပ်လုပ်ဖို့
က်လာခဲ့ပြီ။

သူက ရွှေတန်ခူးကို သိပုံမရ။ ဟိုနေ့က မြင်လည်း
ခဲ့။ သူ့ပုံစံက သပ်ရပ်ခန့်ညားလွန်းလိုက်တာ။ သူ့မှတ်



www.burmeseclassic.com

www.burmeseclassic.com



တရက်ကြီး ရွှေတန်ခူးအနားကို ရောက်လာပုံက ဆန်းလည်
ဆန်း၊ ပျော်စရာလည်း ကောင်းသလိုပါ။ သီရိကတော့ သူ
မြင်မြင်ချင်းကို အမှတ်တွေ ပေးခဲ့တာ။

သူ့ကို အလုပ်မခန့်လျှင် အလုပ်ခန့်ဖို့ ကန့်ကွက်လ
ရန်လုပ်ဦးမှာလား မသိနိုင်။ သီရိက ရွှေတန်ခူး သူ့ကို တွေ
ခဲ့တာမသိ။ သူ့ပုံစံက မြင်ရသူတိုင်းကို စွဲဆောင်သိမ်းပို
ညှို့ယူနိုင်လွန်းတာပါ။

အဝေးကြီးကို လှမ်းကြည့်ကာ ကြုံလာရသော အ
ကို ကြည်နူးလှိုင်းဖြာကာ ရင်ထဲ နွေးတေးတေး ခံစားနေမိ

❦ ❦ ❦

ဉာဏ်ဝင်းစာပေ

မမျှော်လင့်ဘဲ မိုးရွာလာသောအခါ သူက ကားမှတ်
င်အောက်က ထွက်မရပဲ မိုးခဏခိုနေရပါသည်။

နာရီကိုတစ်ချက်ကြည့်ကာ မိုးတိတ်စေချင်လှပြီ။
မိုးမြန်မြန်မတိတ်လျှင် အလုပ်နောက်ကျဖို့ သေချာနေ
မနေ့က သူ့ထီး အလုပ်မှာ ကျန်ခဲ့ပြီး Rain Coat လည်း
ာ ယူမလာမိပါ။

ကားမှတ်တိုင်မှာ သူ့လိုပဲ မိုးအတိတ်ကို စောင့်နေ
ာ သူတွေ အများကြီး မနက်ခင်း အလုပ်ဝင်ချိန်မို့ အားလုံး
ဆန္ဒစောစွာ မိုးတိတ်ဖို့ တမ်းတနေမှာပါ။ သူက ဟိုငေး
နှင့် သက်ပြင်းတစ်ချက် ရှိုက်မိ၏။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မနက် ကိုးနာရီခွဲမှာ ဖြည့်သည်ချိန်းထားတာရှိသည်
သူလည်း လိုက်သွားရမှာ၊ ပြီးတော့ လိုအပ်သော စာရွက်
စာတန်းတွေက သူ့အံဆွဲထဲမှာ၊ မနေ့ကတည်းက ရွှေတန်
ပေးထားခဲ့တာ သူဘယ်လိုလုပ်ရမလဲ။

နောက် ငါးမိနစ်ထပ်စောင့်လို့မှ မိုးမတိတ်ရင် အ
ပြီး ပြေးရမလားမသိ။ ဆက်ပြီးရပ်စောင့်နေလို့မရ။ သည့်မန
တွေ့မည့် ဖြည့်သည်က အရေးကြီးတာ သူသိပါသည်။

ပြီးတော့ သူက အလုပ်သမား၊ ပိုင်ရှင်မဟုတ် သူ
မဟုတ် ဒီတော့ နောက်ကျသူက ဘယ်လိုကြောင့်ပဲဖြစ်
သူ မဖြစ်သင့်ပါ။ သူက ကြိုရောက်နေရမည်၊ သူ့ကြော
မနှောင့်နှေးစေရပါ။ အဲဒါ သူ့ခံယူချက်။ အခုမှ သူက အ
ဝင်စ။ သူ့အတွက် အနှုတ်မှတ်မဖြစ်စေချင်။

ရုတ်တရက် ကားတစ်စီးကို မျက်စိဝဲဝဲတွေ့တော့
ဝမ်းသာသွားမိ၏။ ဒါ သီရိကို လိုက်ပို့ပေးသော သီရိတို့
က TOUN ACE ကား သူပြေးထွက်ပြီး လက်တားဖို့ ရည်





ယ် ကားက အရှိန်မြန်စွာ မောင်းထွက်သွား၏။ ကားပေါ်
သော သီရိက သူ့ကို မြင်ပုံမရ တကယ်ဆို အခုအချိန်မှာ
ားကြုံလိုက်ရလျှင် အရမ်းအဆင်ပြေမည်။ သီရိကားက
ည်း သူတို့ ရုံးခန်းကို သွားမှာပဲ မဟုတ်လား။

ရှေ့ဆင့်နောက်ဆင့်ပါပဲ... ရွှေတန်ခူး၏ကားကလေး
သူ လှမ်းမြင်ရသည်။

သူဘာလို့ နေရာမရွေ့ရပ်နေမိသလဲ။

ရွှေတန်ခူးကားကို တားဆီးပြီး လမ်းကြုံလိုက်ဖို့ သူ
လေးသည်။ ဘာလို့မှန်းမသိ။

သီရိကားကိုဆို သူတားပြီး ကားကြုံလိုက်ဖို့ မတွေ
ရင်ထဲမှာ ရှင်းလင်းသည်။ ရွှေတန်ခူးကားကိုတော့ သူ
ားရဲပါ။ ချင့်ချိန်ကာ ဟိုစဉ်းစား သည်စဉ်းစားနှင့် ဘာ
တ်တာလေးကို သူတွန့်ဆုတ်နေမိသည်။ ရင်ထဲမှာ မရှင်း



www.burmeseclassic.com

www.burmeseclassic.com



မိုးရေထဲပဲ ထွက်လျှောက်ကာမှ လျှောက်ရေ
ရွှေတန်ခူးကားကိုတော့ တားမဆီးချင်။

ဘယ်လိုရောဂါပါလိမ့်။

သူ ဖွဖွပြုံးမိသည်။ သူတော့ မလွယ်။ ရွှေတန်ခူ
သဘောကောင်းမှန်း သိပါရက်နှင့် ဘာလို့ သည်လို ဖြစ်
သည်မသိ။

ရွှေတန်ခူး၏ ကားကလေးက ဖြည်းဖြည်းမှန်မှန်
မှတ်တိုင်ရှေ့က ကျော်ဖြတ်သွားတော့သည်။

သူခေါင်းငုံ့ကာ မိုးရေထဲထွက်ဖို့ ပြင်၏။

ယောက်ျားပဲကွာ… ရေစိုတော့လည်း စိုပေါ့၊ ကိုယ်
ပေါ့သေမှုနဲ့ ကိုယ်ပဲမဟုတ်လား၊ မိုးကာဂျာကင်မှ ယူမလာ
ခဲ့ပဲလေ။

ရှေ့တည့်တည့်ကို လှမ်းကြည့်ခိုက်မှာ လုံးဝ မထ
မှတ်ဘဲ ဘက်ဆုတ်လာသော ရွှေတန်ခူး၏ကားကို တွေ့လိုက်
ရ၏။

ဥဏ္ဏဝင်းစာပေ

အောင်ဆုရ ရင်ထဲမှာ ဝုန်းကနဲ မြည်ဟည်းသွားရ
သည်။ ချက်ချင်းပဲ ရင်ထဲမှာ နွေးတက်ပြီး သူ အရမ်း
ျော်သွား၏။

"လာ … တက်လေ၊ မိုးစိုကုန်ပြီ မြန်မြန်"

"ဟုတ်ကဲ့"

ရွှေတန်ခူးက ကားတံခါးဖွင့်ပေးပြီး မိုးရေသံကို
ှင်းဖောက်ကာ အော်ပြော၏။

ကားလေးထဲ ဝင်ထိုင်မိတော့ နွေးမြပြီး ချိုအီသော
းတချို့နှင့် သူ့စိတ်တွေ ရုတ်တရက် လှုပ်ရှားသွားမိသလို

ချက်ချင်းပဲ သူ့စိတ်ကို သူ ထိန်းချုပ်ကာ ဟန်မပျက်
ပြန္ကတ်ဆက်မိ၏။

"မိုးရေထဲ လျှောက်မလို့လား"

"ဒီနေ့ ညှော်သည်ချိန်းထားတယ်လေ"

ဥဏ္ဏဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိသားပဲ၊ အရေးကြီး ညွှန်သည်ချိန်းထားတယ် သီရိရော ရောက်နေပြီလား မသိဘူး"

"ရောက်ပါပြီ"

"ဟင် . . . ဟုတ်လား"

"ခုနလေးတင် မသီရိကား ဖြတ်သွားပါတယ်"

"ကိုအောင်ဆုရကို မမြင်ဖူးထင်ပါရဲ့"

"ဟုတ်တယ်"

"ထွက်ပြီး လက်တားလိုက် ရတာပဲ"

"အားနာစရာကြီး"

"ဘာလို့ အားနာရမှာလဲ၊ ဝန်ထမ်းအချင်းချင်းေ[illegible] ဟာ အားနာစရာ မလိုပါဘူး"

ရွှေတန်ခူးက သူ့ကို တချက်လှည့်ကြည့်ကာ ဆို[illegible] ရွှေတန်ခူးက Rain Coat ပန်းနုရောင်ကလေးနှင့် အရမ်းလို[illegible] ဖက်စွာ နူးညံ့ဝင်းပနေ၏။

မနေ့တုန်းက ရွှေတန်ခူး၏ စတိုင်ကလေးကိုလည်[illegible]





သူမမေ့၊ မနေ့တုန်းက တီရှပ်အနီရဲရဲကလေးကို လည်ပင်းမှာ [illegible]ဝါနီကလေး ပတ်ကာ ခေတ်ဆန်ဆန်ကလေး ဝတ်ထားခဲ့ [illegible]ါသည်။

ဘာလေးပဲဝတ်ဝတ် လှကိုလှနေတာပါပဲ။

ရွှေတန်ခူး၏ ကြည်စင်ဝင်းမွတ်သော မျက်နှာကလေး [illegible] မခြယ်သထားလည်း လှသည်။

"အချိန်မှီ မရောက်မှသာ အားနာရမှာ၊ စာရွက်စာ [illegible]မ်းတွေက ကိုအောင်ဆုရဆီမှာလေ၊ ကျွန်မက ရှင်ရောက် [illegible]ပါ့မလားလို့ တွေးပူနေတာ"

"မိုးစိုခံပြီး ရောက်အောင်လာမှာပါ"

"မိုးမိပြီး ဖျားမှ အလုပ်ပျက်ရင် နစ်နာတာ၊ ကားကြို [illegible]ားစီးတာ ဘာမှ မဖြစ်ဘူး"

"ဟုတ်ပါတယ်"

အောင်ဆုရက သူ့အမှားကို ဝန်ခံခေါင်းညိတ်၏။

"တန်ခူးမြင်လို့ တော်သေးတာပေ့ါ"



www.burmeseclassic.com

www.burmeseclassic.com



သူက ဖွဖွပြုံးနေသည်။

“တားလည်း မတားဘူး”

သူ အားနာတာကို တန်ခူးသိပါသည်။ သိလို့လည်း အသည်းယားတာ ဘာမှန်းကိုမသိ။

ရွှေတန်ခူးကလည်း ရွှေတန်ခူးပါပဲ။

လူတွေအများကြီးကြားမှာ မိုးခိုနေသော သူ့ပုံသဏ္ဌာန် ကို သဲသဲကွဲကွဲ မြင်သည်။

တကယ်တော့ သူမိုးခိုပုံကို အာရုံထဲ စွဲငြိနေတာ

သူမကို သူမညာလို့ မရနိုင်ပါ။

တစ်ကြိမ်မြင်ဖူးထားသော သူ့ပုံစံကို စူးနက်စွာ မိနေတာ ရက်ရက်နှင့်ပဲ ဝန်ခံရပါမည်။

“နောက်မှာ ထီးအကြီးကြီးရှိတယ် လှမ်းယူလိုက် လေ၊ ဒါမှ နှစ်ယောက်ဆောင်းလို့ ရမှာ”

“အင်း”

ကားကလေးက သူတို့အလုပ်ခန်းရှိရာရှေ့ကို





ဖို့ ထီးယူပြီး အရင်ဆင်းကာ ရွှေတန်ခူးကို ထီးမိုးပေးရမှာ တာဝန်ပါ။ သူ ဘာလို့ တို့ဆေးမိသူလို ထုံတေနေမိသလဲ။ ချက်လက်ဖျတ်လတ်မှုမရှိ၊ ရွှေတန်ခူး သူ့ကို အထင်သေး သွား မသိပါ။

အောင်ဆုရက ကားနောက်ခန်းထဲက ထီးကို ဆွဲယူ ပြီး ကားတံခါးဖွင့်ဆင်းလိုက်ပြီး ရွှေတန်ခူးကို တံခါးဖွင့်ပေး ထီးမိုးကာ ခေါ်လိုက်၏။

ချွန်မြသော ခဲတံဒေါက်ကလေးနှင့် လေဒီရှူးအနီ ရောင်ကို စီးထားသော ရွှေတန်ခူးအရပ်က သူ့ကို မီလုလု ထိမြင့်မားကာနေ၏။

လှပကြော့ရှင်းသော သူမ ပုံစံကလေးက လေဒီရှူး ကလေးနှင့် အင်မတန် လိုက်ဖက်လွန်းလှပါသည်။

“ဒီစာအုပ်တွေ ခဏယူပေးပါဦး”

သူ့ဆီ စာအုပ်သုံးလေးအုပ် လှမ်းပေးပြီး သူမက ပျူတာလက်တော့ပ်အနီရဲကလေးကို သေချာထွေးပိုက်ယူ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ တစ်ရက်ထက်တစ်ရက် ပိုသိလာမိတာက ရွှေတန်ခူး အေးဆေးသော ဣန္ဒြေ၊ နူးညံ့သော စိတ်ထားနှင့်ဟန်ဆော ခြင်းကင်းသော စကားတွေပါပဲ။

ဘဝက ပြီးပြည့်စုံလွန်းလှပေမယ့် မာန်မာနကင်းသ လွန်းလှ၏။ ဘာလို့များ သည်လောက် သဘောထားပြည့် ဖြူစင်ရတာပါလိမ့်။ သူရော . . . သူကရော ဘာလို့ အ လောက် သဘောဖြူအူစင်းကောင်မလေးဘေးနားကို ဆို ဆိုက်မြိုက်မြိုက် တည့်တည့်မတ်မတ် ရောက်လာရတာ လိမ့်။ ဝံ့သစ္စာထက် အများကြီး မာနကင်းသည်။ အများ ပရိယာယ်ကင်းသည်။

မာယာကင်းသော ရိုးသားသိမ်မွေ့လွန်းသူလေး လားဟု အသိအမှတ်ပြုမိပေမယ့် သူသည် ငါးစိမ်းမြင် ကင်ပစ်ဆိုသော လူစားထဲ မပါဝင်။ ဝံ့သစ္စာအပေါ် သူ အ ချစ်သွားမှာပါ၊ အမြဲသစ္စာရှိသွားမှာပါ။





သို့ပါသော်လည်း ရွှေတန်ခူး၏ ဖြူစင်ရိုးသားမှုကို သူ တိတ်တိတ်ကလေး လေးစားနှစ်မြိုက်မိတာ အမှန်။

"ရပြီ . . . လာလေ သွားစို့၊ ဩော် . . . ခဏ ရေဗူး ကလေး"

ရေဗူးအပြာရောင်ကလေးကို ကားထဲက ထပ်မံထုတ် ယူနေပြန်သည်။ တော်ကြာဆိုရင်ပဲ အပြင်ပြန်ထွက်ရမှာ တချို့ အဝက်ကို အပြင်က ပြန်လာပြီးမှ ယူလည်း ရသားပဲ မဟုတ် သား။

သို့ပေမယ့် သူ ဘာမှ မပြော၊ ဆရာမလုပ်ချင်။

အသာကလေး ထီးမိုးပေးရင်း သူ့ဆီ လွင့်လာသော ရနံ့ကလေးတစ်မျိုးကို သူ မရှူရှိုက်မိအောင် မျက်နှာလွှဲဖယ် ရှောင်ရှားနေမိပါသည်။ ထိုရနံ့က သူ့စိတ်ကို လှုပ်ရှားရီဝေ ဆန့်ခါစေသည်မို့ သူ ထိတ်လန့်မိတာ အမှန်ပါ။

ရွှေတန်ခူးက သူ ထီးမိုးရိပ်အောက်မှာ ကြော့ကြော့



www.burmeseclassic.com

www.burmeseclassic.com



ကလေး လှမ်းလျှောက်နေပါသည်။ ထိုခဏတာကလေး
သူအတိုင်းမသိ ကျေနပ်မိ၏။

ပြီးတော့ အရာရာကို သူ မေ့လျော့သွားမိသည်
အောင်ဆုရဆိုသော သူ့ဘဝ ဝံ့သစ္စာဆိုသော ကြိုးကိုင် ခြ
လှယ်လွန်းသည့် သူ့ချစ်သူအားလုံး အားလုံးပါပဲ။

ကိုယ် ပကတိစိတ်နဲ့ ကြည်နူးပျော်ဝင်သွားမိတာ
ပါ ရွှေတန်ခူးရယ် . . .

ဘာသဘောမှ မပါပါဘူး။

ပြီးတော့ ထိုအခိုက်တန့်ကလေးမှာ သူ ဖျတ်က
တွေးမိတာသည် ရိုးသားလွန်းသော လောဘမပါသော သ
ကြည်နူးချမ်းမြေ့မှုပါ။ ရွှေတန်ခူးလို ပြီးပြည့်စုံလွန်းလို့ မက်မော
စိတ်နှင့် ကျေနပ်တာမျိုးမဟုတ်။

သူ ဘာဖြစ်နေပါလိမ့်။

တကယ်ဆို သည်လိုတွေ ဖြစ်ဖို့မကောင်း။ သ
သက်ပြင်းရှိုက်မိ၏။





ရွှေတန်ခူးက ဝင်းလက်သော မျက်လုံးကလေးနှင့်
သူ့ဘက်ကို ဖျတ်ကနဲ ကြည့်လာ၏။ သူမ ဆိုးထားသော
နှုတ်ခမ်းနီကလေးက အရည်ရွှန်းပြီး ရွှဲစိုနေ၏။

ထိုမျက်လုံးလက်လက်ကလေးနှင့် ထိုနှုတ်ခမ်းစိုစို
ကလေးကို သူ ကြည့်မိတိုင်း ရင်ထဲမှာ တမျိုးကြီး ဖြစ်ရလွန်း
သည်။ ထူးဆန်းသော ခံစားမှုပါ။

"ကားကြုံစီးရတာက ခဏလေး၊ ပစ္စည်းတွေ ပိုင်း
သယ်ပေးရတာ ထီးမိုးပေးရတာ ကြေပြီနော်၊ ဘာမှ အားနာ
ပြီး ကျေးဇူးတင်မနေနဲ့တော့ သိလား"

"ဟုတ်ကဲ့"

အောင်ဆုရက ပုတ်သင်ညိုကြီးတစ်ကောင်လို
ဟုတ်ကဲ့ပြီး ဟုတ်ကဲ့ လုပ်နေမိ၏။ ခက်တော့တာပဲ။

သီရိက လက်နှစ်ဖက်တင်းတင်းပိုက်ကာ သူတို့
ဝင်လာတာကို စောင့်ကြည့်အကဲခတ်နေသလိုပါ။

ရွှေတန်ခူးက ဟန်မူရာ မပျက်ပေမယ့် သူက မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ပျက်ချင်ချင် သူ့ဘက်က မရိုးသားလို့ လိပ်ပြာမလုံ ဖြစ်မိတာ လား။ ဘယ်သူတွေ ဘယ်လိုထင်မလဲဟု စိုးရိမ်စိတ်က ဘ... အချိန်တုန်းက ရင်ထဲ ဝင်ရောက်လာသည်မသိ။ ဘာမှလည်း မမှားပါဘဲ တစ်ခုခု မှားနေမိသလို ဘာမှလည်း အပြ... မလုပ်ပါပဲ တစ်ခုခု အပြစ်ရှိနေမိသလို ထင်နေမိ၏။

အောင်ဆုရ

မင်းဘာဖြစ်နေသလဲကွာ

သူ့မေးခွန်းကို သူမဖြေနိုင်ပါ။

တိုတောင်းလွန်းသော ရက်စွဲကလေးတွေက သူ့စိ... ကို အကြီးအကျယ် ပြောင်းလဲပေးနေ၏။

ဒါတွေကို သူပဲ သိပါသည်။

"အောင်ဆုရကို ကော်ဖီတိုက်မယ်"

ရွှေတန်ခူးက ကျေးဇူးတင်သလိုလေး ဆိုလျက် ... စားပွဲဆီ လျှောက်သွားတော့သည်။

ဉာဏ်ဝင်းစာပေ

ရေနွေးဓာတ်ဘူးရော ကော်ဖီမစ်တွေရော စားပွဲပေါ် ရှိနေပါလျက်နှင့် တကယ်ဆို ....

"ရွှေတန်ခူး ချမ်းလား၊ ကျွန်တော် ကော်ဖီယူလာ ...ယ်" ဟု အလိုက်တသိ ဆိုသင့်တာ။

အခုတော့ ပြောင်းပြန်၊ ရွှေတန်ခူးက သူ့ကို ပြောရ ...သည်။ သူ ဘာလို့ သည်လောက် ညံ့သွားတာလဲ။

"ဒီမှာ အဆင်သင့် ဖျော်ထားပါတယ်နော်၊ သောက် ... ရေနွေးကလည်း ပူပူကလေး"

စာရေးမကလေးက အလိုက်တသိ ပြောလာ၏။

"ကျေးဇူးပဲ မန်ကလေးရေ"

ရွှေတန်ခူးက ကော်ဖီခွက်ကို ကောက်ယူသည်။

သူက ရွှေတန်ခူးကို ငေးကြည့်နေမိတုန်း။

❦ ❦ ❦

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

"ရွှေတန်ခူး"

"အမယ်လေး လန့်လိုက်တာ ဘာလဲ သီရိရဲ့"

ကွန်ပျူတာကြည့်နေသော ရွှေတန်ခူးက သီရိကြေ

လန့်ဖျန့်သွား၏။ သီရိခေါ်ပုံက အလန့်တကြား။

"ဘာဖြစ်လို့လဲဟင်"

"ပြောစရာရှိလို့"

ရွှေတန်ခူးက သီရိကို မော်ကြည့်သည်။

"နင့်လက်တော့ပ်ကြီး ခဏ ထားလိုက်စမ်းပါ"

သီရိက ရွှေတန်ခူးလက်ကို ဆွဲခေါ်ပြီး ဝရန်

ထွက်လာ၏။





"ဘာလဲ . . . ဘာပြောမလို့လဲ"

အကဲခတ်သလို ကြည့်နေဖြစ်ပေမယ့် သီရိ ဘာပြော

လဲလို့လဲ ဆိုတာမှန်းမရ။

"ဘယ်လိုလဲ နင်တို့က"

"ဘာလဲ"

"အောင်ဆုရနဲ့"

"ဘာ"

ရွှေတန်ခူးက ခုမှ ထိတ်တလန့်ထအော်သည်။

"ဘာဖြစ်လို့လဲ"

သီရိက ခေါင်းလေးတရမ်းရမ်းနှင့် . . .

"သူ့မျက်လုံးတွေက ဘယ်လိုကြီးလဲ... စေးစေးထံန်း

ကြီးနဲ့ နင့်ကို တချိန်လုံး ကြည့်နေတော့တာ"

"ဟုတ်ရဲ့လား"

"ဟုတ်ပ၊ ရှင် တကယ်ပဲ သတိမထားမိဘူးလား။

ာန်ခူးရယ် ဟုတ်ရောဟုတ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲ"

"နင့်ကို တချိန်လုံး သတိလက်လွတ်လိုက်ကြည့်
နေတာ၊ နင် သူ့ကို ဘာတွေများ အထူးတဆန်း မျက်လုံး
ပြထားသလဲဟင် သူ့ပုံစံက ညှို့ယူထားခံရသလိုကြီး"

"မဟုတ်တာ သိရိရယ်"

"ဟုတ်ပါတယ်ဆို သူက ထူးထူးဆန်းဆန်းကြီး
ကို မျက်တောင်မခတ် ကြည့်တာ ငါတို့ရှိနေတာကိုတော
သတိမထားမိတော့သလိုမျိုး၊ သူ့အာရုံထဲမှာ နင်ပဲ ရှိတေ
သလိုမျိုးကြီး ကျန်တဲ့သူတွေကို မမြင်တော့ဖူးလား အာ
က အကဲခတ်နေပြီ"

ရွှေတန်ခူးက သိရိစကားကြောင့် နှုတ်ဆိတ်ဝင်
၏။ အဲဒီလောက်ထိပဲလား။

သူက တကယ်ပဲ တအံ့တသြတမေ့တမောကြီး
ကြည့်နေသတဲ့လား။





သူ အရမ်းကြည့်တာပဲ ဟု ရွှေတန်ခူး ထင်မိတာကို
သိရိစကားတွေက သက်သေပေးလိုက်သလိုပင်။

"ခေါင်းထဲမှာ စဉ်းစဉ်းစားစားကြီးနဲ့ နင့်ကို စိုက်ကြည့်
နေတာ၊ သူ့ကိုသူတောင် သတိမထားမိတဲ့ ပုံစံ နင်မသိ
ဘူးလား ရွှေတန်ခူးရယ်"

"သိတော့ သိသလိုပဲ ငါ့ကို သူက ထူးဆန်းနေတာ
စူးစမ်းနေတာလား တစ်ခုခုပဲ"

"ဘာပဲဖြစ်ဖြစ် အဲဒီလောက် ငမ်းဖို့တော့ မကောင်း
သိထားဆင်ခြင်သင့်တာပေါ့"

ရွှေတန်ခူးက ပင့်သက်မျှင်းမျှင်းချသည်။

"နင့်ဘက်ကရော"

သိရိက မျက်လုံးကလေးဝေ့ကာဝေ့ကာ သူငယ်ချင်း
အကဲခတ်နေ၏။

"သိရိ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါ မညာချင်ဘူး"

"ဘုရားရေ"

သီရိက ရင်ဘတ်ဖိတော့ ရွှေတန်ခူး မျက်နှာက ရဲတွတ်သွား၏။ အထင်လွဲပြန်ပြီ။

"ဟဲ့ ဘာလဲ ငါက နင်မသိတဲ့ ကိစ္စတစ်ခု မလို့ပါနော် တကတည်း"

"မသိဖူးလေ နင် ရင်ခုန်နေပြီလားလို့"

"မခုန်ပါဘူး"

ရာနှုန်းပြည့် မမှန်သော စကားတစ်ခွန်းကို ဆို နှုတ်များက ပေါ့ပေါ့ကလေး ပြောလိုက်ပေမယ့် တကယ် ရင်ထဲမှာ နက်ရှိုင်းသော ကြိုးမျှင် တစ်ချောင်း ငြိတွယ် တာ ငြင်းမရ။

"ငါ သူ့ကို သိနေခဲ့တယ်"

"ဟင် ... ဘယ်တုန်းကသိတာလဲ"

"အလုပ် အင်တာဗျူးမှာ မတွေ့ခင်ကတည်း





"ဟယ် ... ဟုတ်လား"

ရွှေတန်ခူးက မိုးတွေ ဆက်တိုက်ရွာသွန်းပြီး ရေတွေ သော နေ့တစ်ရက်က သူမတို့ အိမ်ရှေ့မှာ မိုးခိုခဲ့ဖူးသော တစ်ယောက်အကြောင်းကို ပြန်ပြောပြမိ၏။ စိုရွှဲနစ်ကာ တုန်နေသော သူ့ကို ရေနွေးတိုက်ခဲ့တာပါ မကျန်။

"သူ နင့်ကို မမြင်ဘူးလား"

"ဘယ်မြင်ပါ့မလဲ၊ ငါက ကားထဲမှာပါဆို"

"အော် ... အော်"

"သူ့ပုံစံက စွဲဆောင်မှု ရှိလွန်းတယ်"

"အင်း ဟုတ်ပါတယ်"

"သူကချောတော့ တစ်ခါမြင်ရုံနဲ့ မှတ်မိနေတာ"

"ဒီလောက်ပဲလား"

"ဒီလောက်ပါပဲ"

"ဒီထက်ပိုမလား"

"မပိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သေချာရဲ့လား"

"သေချာပါတယ်"

သီရိက ပြုံးတုံ့တုံ့ မျက်နှာကလေးနှင့် . . .

"အစကတည်းက ရှိထားပြီးသား သံယော
ဒါကြောင့် သူ့ဘက်ကလည်း စိတ်ဝင်စားနေတာပေါ့၊
မမြင်ဘူးလိုက်တော့ ရွှေတန်ခူးမှန်း ဘယ်သိပါ့မလဲ၊
အလှူ့ရှင်မလေးကို"

"တော်ပါဟယ်၊ ဘာမှ မဟုတ်တာလေးကို"

"နင့်တို့နှစ်ယောက် ဘာဆက်ဖြစ်မလဲ"

သီရိက တွေးကြည့်ကာ မေး၏။

"ဘာမှ ဖြစ်စရာမရှိဘူး လုပ်ဖော်ကိုင်ဖက် အ
အသင်း မိတ်ဆွေ ပါပဲလေ"

"အင်း . . . စောင့်ကြည့်ရမယ်"

ရွှေတန်ခူးက သီရိကို မျက်စောင်းရွယ်၏။



အလုပ်ချိန်နောက်ကျနေပြီမို့ ပျာယီပျာယာ ဖြစ်ကာ
က်ဆံအိတ်ပြေးယူစားပွဲမှာပင် မထိုင်နိုင်ပဲ ကော်ဖီကို
တ်တပ်ရပ်သောက်ရင်း ဝှံ့သစ္စာဆီ တဖက်က ဖုန်းခေါ်သော
တန်ခူးကို ဖေဖေက တစ်ချက်ကြည့်ကာ . . .

"နောက်ကျလက်စနဲ့ ထပ်ငါးမိနစ်နောက်ကျလိုက်
တော့ သမီး" ဟု အဆုံးအဖြတ်ပေး၏။

"ဟင်"

"ဖေဖေနဲ့ မေမေ ပြောစရာရှိတယ်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေတန်ခူးက ခေါ်မရသော ဝံ့သစ္စာ ဖုန်းကို ဆ
မခေါ်တော့ပဲ စားပွဲမှာ ဝင်ထိုင်လိုက်၏။

"ဘာများလဲ ဖေဖေ"

မေမေက ချက်ချင်းပဲ ဘွင်းဘွင်းကြီး ပြောချ

"သမီးကို ယောက်ျားပေးစားတော့မယ်"

"ဟာ... မဟုတ်တာ မေမေကလည်း ပြုန်းစား
ဆိုင်းမဆင့် ဗုံမဆင့်နဲ့"

"မြန်မြန်ပဲ အချိန်မှ မရှိတာ"

"တန်ခူး ငယ်ပါသေးတယ်"

"အေးအေးဆေးဆေး စကားပြောချိန်တော
မမောနိုင်တာ မြန်မြန် စီစဉ်တာပဲ ကောင်းပါတယ်"

"မဟုတ်ပါဘူး ဒီနေ့ အရေးကြီးလို့ပါ မေမေ

"လိုရင်း တိုရှင်းပဲ ကောင်းတယ် သမီးမှာ ချစ်သူ
ဘူး မဟုတ်လား"

"အင်း"





"အဲဒါဆို မေမေတို့ ရွေးခြယ်ထားတဲ့ သတို့သား
ောင်းနဲ့ တွေ့ကြည့်လိုက်ပါ"

"မြန်လိုက်တာ"

"မမြန်ပါဘူး မနက်ဖြန် ညနေမှပါ"

"ရှင်... မနက်ဖန် ညနေ၊ အဲဒီလောက် ကပ်နေပြီ
ား"

"ဒါကြောင့် မပြောမဖြစ် ပြောရတာပါ"

"ပြီးရောလေ ဖေဖေမေမေတို့ စီစဉ်တာ သမီးလက်ခံ
တယ် တွေ့ကြည့်ပါမယ်"

ရွှေတန်ခူးက မိဘစိတ်ဆင်းရဲအောင် မလုပ်ချင် မငြင်း
င်၊ လောလောဆယ် စိတ်ချမ်းသာစေချင်သည့် တွေ့ဆုံ
ကြည့်ပြီးမှ အကြောင်းပြချက်ကောင်းကောင်းနှင့် ငြင်းလည်း
သွားပဲ မဟုတ်လား။

ချက်ချင်းကြီး ခေါင်းခါလိုက်လျှင် ရွှေတန်ခူးကို စိတ်
ိုသွားမှာ။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ဒီတစ်ပတ်တည်းမှာပဲ သမီးကြက်ခြ… တစ်ခေါက်လောက် သွားကြည့်ပေးရမယ်၊ ဆေးဖျန်းဖို့ အဲဒီ… ဖေဖေက ကိစ္စတစ်ခုရှိနေလို့"

"ဟုတ်ကဲ့၊ သမီး သွားလိုက်ပါ့မယ်"

ရွှေတန်ခူးက ခေါင်းညိတ်ပြီး ကော်ဖီကို ကပျာက… မော့သောက်ပြီး ထွက်လာခဲ့၏။

ကားပေါ်ကို ယူစရာရှိတာတွေ တင်ပြီး ကားမော… ထွက်လာခဲ့၏။

လမ်းရောက်မှ မေမေ့စကားကို ပြန်ကြားယောင်မိ…

"သမီးမှာ ချစ်သူ မရှိဘူးမဟုတ်လား" တဲ့။

အမြဲတမ်း ရည်းစားမရှိတာ ဂုဏ်ယူခဲ့သူပါ။ ထိုကာ… ကို မေ့ထားခဲ့သည်။ သည်မနက်မှပဲ အားငယ်ရမလိုလို…

ဖေဖေမေမေတို့ ပေးစားတာလည်း မယူချင်… မဟုတ်။ ကိုယ့်မှာလည်း လျှာထားတာလေးတွေ ထားတာ…





…ခိုင် အကောင်းသားမှာ တွေးမိသွားတာပါ။ တစ်ခါမှ အဲဒီ… မစဉ်းစားဖူးခဲ့ပါ။

ရွှေတန်ခူးက တော်ရုံကောင်လေးတွေကိုလည်း စိတ်…ဝင်စားခဲ့။ ကိုယ့်ကို စိတ်ဝင်စားလာလျှင်လည်း ကိုယ်က …သလိုလေး ရှောင်တိမ်းခဲ့တာ။

အခုမှ နောင်တရသင့်သလိုလို။

ရွှေတန်ခူး မှားနေခဲ့သလား။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလဲမောင်... အလုပ်လုပ်ရတာ အဆင်
ရဲ့လားဟင်" ဟု ဝံ့သစ္စာက ဖုန်းဆက်မေးလာသော
"အင်း အားလုံးအဆင်ပြေပါတယ်"ဟု အောင်ဆုရဖြေ
ခါတိုင်းဆို ဝံ့သစ္စာ၏အသံကြားတာနှင့် တွေ့ခွင့်ရဖို့တော
မိစမြဲ တွေ့ရအောင် ဟုပြောနေကြ။ သည်နေ့မှာတော့
ဘက်က အဲဒီလို မတောင်းဆိုမိပဲ နှုတ်ဆိတ်နေမိ၏။

"မောင်"

"ဟင်"

"သစ္စာကို သတိရရဲ့လား"





ဝံ့သစ္စာမေးလာသောအခါ အောင်ဆုရက ခပ်တိုးတိုး
ယ်မိ၏။ အခုမှ သူ့ကို သူနားလည်မိတာက သူ ဝံ့သစ္စာကို
တ်ဆိုးနေမိပါလား။

"မောင်... ရွှေတန်ခူးနဲ့ ပြေလည်ရဲ့လား"

"မဆိုးပါဘူး"

"ရွှေတန်ခူးက မောင့်ကို စိတ်ဝင်စားရဲ့လား"

"ဘာလို့လဲ"

ဘာလို့ ရွှေတန်ခူးက သူတို့ နှစ်ဦးကြားမှာ အခရာ
စ်နေရတာလဲ။ သူဘဝင်မကျချင်။

"သိချင်လို့ပါမောင်ရယ် ပြောပြစမ်းပါ"

"သိချင်ရင် လာကြည့်လို့ ရတာပဲ"

"လာမယ်မောင်ရဲ့ ဒီတစ်ပတ်ထဲမှာပဲ"

"လာလေ"

"သစ္စာကို မောင် မသိသလိုနေပေး"

"သဘောပေါက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အစကတည်းက လျှို့ဝှက်သိုသိပ်လွန်းတာ။

ရွှေတန်ခူးနှင့် သီရိရေ့မှာ သူ့ကို ကြော်ငြာ မဟုတ်။ ဝှက်ဖဲထားချင်တာ သူသိသည်။

သူဘာမှ မပြောလို သူ့ရင်ထဲမှာ ဖုထစ်မျက်ရှနေ ဝံ့သစ္စာရိပ်မိပုံမရ။

"မောင်နော်... အလုပ်ထဲမှာ အပျော်လွန်ပြီး သ ကို မေ့မသွားနဲ့"

ဝံ့သစ္စာက မူနွဲ့သော အသံနှင့် ရန်လုပ်၏။

သူဘာမှ ပြန်မပြောမိပါ ခါတိုင်းလို ကတိတွေလ အထပ်ထပ် မပေးမိ။

"သစ္စာ . . . ရွှေတန်ခူးတို့ဆီ လာရမှာက ရက်တွေထဲမှာ ခဏခဏလာရမယ်"

ဝတ္တရားရှိလို့သာ နားထောင်နေရသလို သူ့ဘ အသက်မပါ။ ဒါကို ဝံ့သစ္စာက သတိထားမိသွားကာ

"မောင် . . . သစ္စာကို စိတ်ခုနေတာလား" ဟု မေးလ





သည့်လိုတဲ့ တိုးမေးလာတော့ ဝန်မခံသင့်၊ သူက ယောက်ျား တစ်ယောက်ပါ။

"မဟုတ်ပါဘူး"

သူ ငြင်းမိ၏။ သူ့အသံ သူ့စကားတွေက အေးစက် အသက်မပါတာ သစ္စာသိမှာပါ။ ပြောပြနေဖို့မလို။ သစ္စာက င့်သက်ကလေး ရှိုက်ကာ . . .

"မောင်ရယ် သစ္စာက မောင့်ကို တန်ဖိုးထားပါတယ် ချစ်ပါတယ်မောင် ယုံကြည်ပေးပါ"

သည့်လိုစကားတွေပါပဲ။

အောင်ဆုရကို လှပစွာ ချည်နှောင်ထားတာ ရုန်းလို့ ိုမရ။ သူ့ဘဝကြီးတစ်ခုလုံး ပုံအောပေးကာ မျောပါနစ်ဝင် နေမိသည့်အဖြစ်။ ကျေကျေနပ်နပ်ကြီး ဝံ့သစ္စာဆန္ဒမှန်သမျှ ြည့်စွမ်း လိုက်လျောနေပေးခဲ့တာ။

"ဒါပဲနော် မောင်၊ နောက်တစ်ရက်မှ ထပ်ဆက်မယ် ခုတလော မောင်ဖုန်းလည်း မဆက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မေ့နေတာ မဟုတ်ပါ။ တမင်မဆက်တာပါ ဆက်...

မဆက်ချင် သူ အင်အားကုန်နေမိသည်။

''အခုတလော မောင် ဘာဖြစ်နေလဲ''

''ဘာမှ မဖြစ်ပါဘူး''

''မောင် နေကောင်းရဲ့လား''

ထိုမေးခွန်းက ဘာလို့ သူ့ရင်ကို နာစေရတာလဲ မ...

ဝှံသစ္စာက သူ့အပေါ် မချစ်ဘူးဆိုပြီး သူက ခံစားနေ...

တာလားမသိ။ အဲဒီ့လိုများ ဖြစ်နေမလား။

အောင်ဆုရဖုန်းပြောပြီး ခဏငိုင်တွေနေမိ၏။

အလုပ်သွားရမည်။ ရေမိုးချိုးပြင်ဆင်ရဦးမည်။

မနေ့က အလုပ်ကိစ္စတွေ အိမ်ကို သယ်လာခဲ့သေး...

သည်။ အခုထက်ထိ ဘာမှ မလုပ်ရသေး။ မသိရိ သူ့...

ဘာပြောမလဲ မသိနိုင်။ သူ့ဘက်က တာဝန်မကျေမှာ စိုးသည်။

ဝှံ ဝှံ ဝှံ

ဉာဏ်ဝင်းစာပေ

ဝှံသစ္စာက ဟဲင်းန်းဖုန်းကလေးကို မေးစေ့မှာ ထောက်

...ားပြီး ငြိမ်သက်စဉ်းစားနေမိ၏။ မောင်က စကားပြောတာ

...သက်မပါ၊ အေးတိအေးစက်နှင့် ဘာတွေဘဝင်မကျ

...ဖြစ်နေသလဲမသိ။

ဝှံသစ္စာက နှုတ်ခမ်းလေးစေ့ကာ ပြုံးသည်။

ဟွန်း ... မောင့်ကိုများ သစ္စာ တစ်ချက်ချော့ပဲ

...မောင်က သစ္စာကိုဆို ရူးရူးမူးမူး ချစ်ပြီးသား။

ရွှေတန်ခူးကို မောင် ဘယ်တော့မှ ချစ်မိသွားမှာ

...ဟုတ်၊ မောင့်နှလုံးသားမှာ နေရာမှ မရှိတော့တာ သစ္စာ

...ချစ်မေတ္တာနှင့် ပြည့်နှက်နေပြီးသား။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွှေတန်ခူးသည် သစ္စာ၏ ပြိုင်ဘက်မဟုတ်နိုင်
မောင့်အတွက် စိတ်ပူစရာမလို။ နည်းနည်းပါးပါးလော
ကလေး သင်ခန်းစာပေးချင်ရုံ၊ အဲ့ဒီလောက်ပါပဲ။

သစ္စာ ဘာကို စိုးရိမ်နေမိသလဲ။

မောင်လား . . . မောင့်ကိုလား။

မောင်က သစ္စာအတွက်ဆို ပုတ်သင်ညို၊ ဘာ
'ဟုတ်ကဲ့'။

ဒါများ သစ္စာက မောင့်အတွက် ပူပန်နေရသေးလ
ရယ်ချင်စရာ။ လုံး၀ မဖြစ်နိုင်သောကိစ္စ၊ သစ္စာကလွဲပြီး မေ
က ဘယ်မိန်းကလေးကိုမှ စဉ်းစားမှာမဟုတ်၊ သစ္စာယုံကြ
မိ၏။

မောင်ရယ် . . . သစ္စာလည်း မောင့်ကို သိပ်ခ
တယ် မောင်မသိလို့ပါ။

❦ ❦ ❦

ဉာဏ်ဝင်းစာပေ

"ဩော် . . . မသီရိ"

သူ ထမင်းစားနေချိန်မှာ သီရိက အနားလာရပ်တော့
အားသင့်ကာ နှုတ်ဆက်မိပါ၏။

"စားပါဦး"

"စားပြီးပြီ ခုလေးတင်ပဲ ဘာဟင်းလဲ"

"ဟင်းလား . . . ဟင်း မပါဘူး"

အောင်ဆုရက ရယ်မိ၏။ သူက ခေါက်ဆွဲသုတ်နှင့်
ကြော်စုံနှင့် ထမင်းစားနေမိတာပါ။ သည်နေ့ ဟင်းမပါလာခဲ့။
သူက ဖြစ်သလို ကြုံသလို စားလိုက်တာပါပဲ။

"ဘာနဲ့စားတာလဲ ခေါက်ဆွဲသုတ်လား"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဆိတ်သားဟင်းရှိတယ်၊ စားမလားဟင်၊ မြင်း

ရွက်သုတ်လည်း ရှိသေးတယ်"

"နေပါစေဗျာ"

"မဟုတ်တာ၊ ခဏလေး"

သီရိက သူ့အတွက် ဟင်းသွားယူလာ၏။ သူအာ

အားနာ ပြုံးပြမိ၏။

"အားမနာနဲ့နော်၊ သီရိ ကိုဆုရကို ခိုင်းမလို့"

"ဘာများလဲ ကျွန်တော် ဘာလုပ်ပေးရမလဲ"

အောင်ဆုရက ပျာပျာသလဲ မေး၏။

"ထမင်းစားလိုက်ပါဦး . . . ပြီးမှ"

သီရိက လက်ကလေးကာပြသည်။ သူစားနေ

အနှောက်အယှက် မပေးချင်ပုံနှင့်။ ထမင်းစားပြီးသော

သီရိက သူ့ကို ပြောလာ၏။ ရွှေတန်ခူးတို့အိမ်သွားပြီး စာ

စာတမ်းတချို့ ယူခဲ့ဖို့ပါ။

ဉာဏ်ဝင်းစာပေ



၈

"သြော် . . . ဒါလေးများ၊ ရပါတယ် မသီရိရယ်"

"အရေးကြီးတဲ့ စာချုပ်တစ်ခုလည်း ပါတယ်၊ အဲဒါ

ကြောင့် တစ်ခြားသူ မလွှတ်ချင်ဘူး၊ နေ့လည်နှစ်နာရီ မီတင်

စည်းအဝေးပွဲ) တစ်ခုရှိနေတယ်။ မြန်မြန်ယူခဲ့ပေးမှရမယ်၊

တန်ခူးအိမ်မှာရှိတယ်၊ သူ ခဏကြာမှ အပြင်ထွက်မယ်၊

ာင့်နေမယ်တဲ့"

"ဟုတ်ကဲ့"

"ကိုဆုရ လာမယ်လို့တော့ ပြောမထားဘူး"

"ဟုတ်ကဲ့ . . . လိပ်စာပေး၊ ကျွန်တော် သွားလိုက်

ယ်၊ စိတ်ချ ချက်ချင်းပြန်လာမယ်"

"ရုံးက ကားနဲ့ပဲ သွားလိုက်ပါ"

"ကျေးဇူး"

အောင်ဆုရက သီရိမှာတာတွေကို သေချာမှတ်၏။

ာအယှင်း အဖြစ်မခံနိုင်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သည့်နေ့ ရွှေတန်ခူးက အလုပ်မဆင်းပါ။ တ

တလေ ရွှေတန်ခူးနှင့် သီရိက တစ်လှည့်စီ နားကြပါသ

ရွှေတန်ခူးတို့အိမ်ကို ထွက်လာရင်း ကားပေါ်မှာ

ထူးဆန်းသော ခံစားမှုတစ်မျိုးကို သိသာထင်ရှားစွာ ခံ

တာကို သတိပြုမိ၏။

ဟာ… ငါ့ရင်ထဲမှာ နွေးနေပါရောလား၊ ဗိုင်အ

တစ်ခွက် မသောက်ရပါပဲ အလိုအလျောက် ပူရှိန်းနွေး

လာသော ခံစားမှု။

ဘာလို့ အဲဒီလို ဖြစ်ရတာလဲ။

သူ ရှည်လျားစွာ သက်ပြင်းရှိုက်မိ၏။

အလိုအလျောက် ဖြစ်ပေါ်လာသော ရင်ထဲက ခံ

ကို သူကန့်ကွက်ဟန့်တားထိန်းချုပ်မရ။



"ဟာ"

သီရိရေးပေးလိုက်သော လိပ်စာကို သေချာဖတ်

ည့်ပြီး သူက တအံ့တသြ ရေရွတ်၏။

အရမ်းသေချာလှပါသည်။

ထိုကုန်းမြင့်ကလေးပေါ်က တိုက်ခန်းကလေးပါပဲ။

မိုးဝင်ခိုခဲ့တာ၊ သူ့ကို နွေးထွေးပျူငှာစွာနှင့် ပလပ်စတစ်

ပေးပြီး ရေနွေးပူပူတိုက်ခဲ့တာ

သီရိရေးပေးသော အခန်းနံပါတ်က ထိုအခန်းရှေ့

ထင်ထင်ရှားရှား ရေးထားသောနံပါတ်နှင့် တူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီနေ့က သူဖျားနေခဲ့သည်။ ကားပျက်ပြီး အ
ချမ်းနေတာမို့ ထိုတိုက်ခန်းရှေ့ရှိ ဆန်းရိုတ်အောက်မှာ
ခဏဝင်နိုခဲ့တာ။

တစ်ခါမှ မမြင်ဖူးသော သူစိမ်းတစ်ယောက်ကို ဒေ
ဝတ်ကြေခဲ့သော လူလူချင်း စာနာတတ်သော စိတ်ဓာတ်
သည့် မိသားစုကလေးထဲမှာ ရွှေတန်ခူးက ရှိနေပါရောလ

အောင်ဆုရ ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်သွား၏

အမည်တပ်ရခက်သော ခံစားမှုတစ်မျိုး၊ လှိုင်း
တုန်ခါသွား၏။ ထိုအခန်းရှေ့ကို ခပ်ဖြည်းဖြည်း လျှောက်
မိရင်း သူ့ဘဝမှာ တစ်ခါမှ မခံစားဖူးသော ကြည်နူးမှုတစ်
ခံစားနေရသည်။

သံပန်းတံခါးရှေ့မှာ ခြေစုံရပ်မိသော
ကောင်မလေးတစ်ယောက် ပြေးထွက်လာ၏။

သူ့ကို မြင်သောအခါ မျက်လုံးကလေးပြူးပြီး





"ဟယ်တော့ ... ဟိုအစ်ကိုကြီး" ဟု အော်လိုက်၏။

"မိုးဝင်နိုဖူးတဲ့ အစ်ကိုကြီးလာတယ် မမရေ"

အိမ်ထဲကို လှည့်အော်သည်။

အောင်ဆုရက အပြုံးတစ်ခုနှင့် ကျေနပ်စွာရပ်နေမိ
ခုထက်ထိ ကောင်မလေးက တံခါး မဖွင့်သေးပါ။

"မမရေ ... မမ"

"ရွှေတန်ခူးရှိလား"

"ဟင် ... မမနဲ့ သိလား"

"ဟုတ်ကဲ့ ... ရွှေတန်ခူးဆီ လာတာပါ"

"ဪ ... ဟုတ်ကဲ့ ဟုတ်ကဲ့"

ကောင်မလေးက အုတ်နံရံမှာ ချိတ်ထားသော သော့
ဖြုတ်ယူနေတုန်းမှာပဲ ရွှေတန်ခူးက ဧည့်ခန်းထဲ ရောက်
သည်။

"ဟဲ့ ... ဧည့်သည်ကို တံခါး အရင်မဖွင့်ပေးဘ
လို့ စွတ်အော်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



''မမလေး . . . ဟိုတစ်ခါ မိုးခိုတဲ့ အစ်ကိုကြီး''

''အေးပါ . . . သိပါတယ်၊ ဖွင့် . . . ဖွင့်''

ရွှေတန်ခူးက လက်နှစ်ဖက်ပိုက်ထားပြီး သူ့ကို ပြုံး

နှုတ်ဆက်၏။

''လာလေ ကိုဆုရ''

ဧည့်ခန်းမှာက ဆိုဖာတွေ ဘာတွေ ဘာမှမရှိ၊ ကား

အထဲမှာ ထားပုံရသည်။

ဧည့်ခန်းကို ကျော်ပြီးမှ ကျယ်ဝန်းသန့်ရှင်းသော

အခန်းတစ်ခုကို ရောက်၏။

ဆိုဖာကြက်သွေးရောင်မှာ သူ့ကို ထိုင်ခိုင်းပြီး

''ခဏနော်'' ဟု ရွှေတန်ခူးက အပေါ်ထပ်

သွားသောအခါ သူက ဟိုဒီ ဝေ့ဝဲကြည့်မိ၏။ ထမင်းစား

နှင့် ဧည့်ခန်းကို ရောထားတာ။

တီဗွီစင်ပေါ်မှာ တီဗွီလည်း ရှိသည်။ ထမင်း

ဘေးမှာ ရေခဲသေတ္တာရော၊ လက်ဆေးဇေစင်ရော၊ ဒါ





ကက်တ်ဘေးမှာ တယ်လီဖုန်းထားသော ခုံကလေးရော

အုပ်စင်ရော၊

မိသားစုအတွက်ပဲဖြစ်ဖြစ် ဧည့်သည်အတွက်ပဲဖြစ်ဖြစ်

အားလုံးအဆင်ပြေအောင် လုပ်ထားပေးသော အခန်းလေးပါ။

ဆိုဖာမှာ ထိုင်ပြီးလည်း တီဗွီကြည့်လို့ ရသည်။ ထမင်း

ပွဲကနေလည်း တီဗွီကြည့်လို့ရသည်။

တော်တော် အဆင်ပြေပါလား။

စောစောက ကောင်မလေးက သူ့အတွက် ကော်ဖီ

တစ်ခွက်နှင့် ချောကလက်ဝေဖာလေးငါးခု လာချပေးကာ

''သုံးဆောင်ပါ'' ဟု ဆိုတာမို့ သူက ခေါင်းဆတ်ပြ

လိုက်၏။ ကောင်မလေးက ကွက်ကြည့်ကွက်ကြည့်နှင့် သူ့

ကို အံ့သြထူးဆန်းမဆုံး။

ကျွန်တော်လည်း အလွန်အမင်း အံ့သြသွားရပါတယ်

ရွှေတန်ခူးရယ်၊ တိုက်တိုက်ဆိုင်ဆိုင်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတန်ခူးက သူ့ကို အလုပ်မဝင်ခင်ကတည်း
သိနေပြီးသားဖြစ်ပုံရသည်။

ကောင်မလေး ပြောပုံအရဆို သူ့ကို ရေနွေးတို
ခဲ့တာလည်း ရွှေတန်ခူးကိုယ်တိုင်ပါပဲ။

ဟာ . . . ဖြစ်မှဖြစ်ရလေ။

သူ နှုတ်ခမ်းစေ့ပြုံးကာ တစ်ယောက်တည်း ကျေ
နေမိတုန်းပဲ ရွှေတန်ခူးက သူ့ရှေ့ ပြန်ရောက်လာခဲ့သည်

သူ ယူသွားရမည့် စာရွက်စာတမ်းနှင့် စာချုပ်ပါသော
အိတ်ကို စားပွဲပေါ် အသာကလေးချ၏။

"ဒီရှေ့မှာ ကျွန်တော် မိုးခိုဖူးပါတယ်"

"အဟင်း . . . ဟုတ်တယ်၊ အဲဒီနေ့ မနက်
တစ်လမ်းလုံးရေကြီးနေတာလေ၊ ဒီကုန်းမြင့်ပဲ ရေမတက်တာ

"ကျွန်တော့်ကို ရေနွေးတိုက်ခဲ့သေးတယ်"

"အင်း . . .ဟုတ်တယ်၊ တစ်ခါမှ မသိတဲ့ သူစိမ်း
တော့ အကြောင်းမသိ ဘာမသိ အိမ်ထဲ မခေါ်ရဲဘူး"

ညဏ်ဝင်းစာပေ



"ဟုတ်တာပေါ့"

အောင်ဆုရက ဖျတ်ကနဲ ခေါင်းညိတ်၏။

"ကျွန်တော့်ကို အလုပ်မှာ မတွေ့ခင်ကတည်းက
နေတာလား"

သူက ဝမ်းသာအားရ အရှိန်လွန်ပြီး ပွင့်လင်းစွာ မေး
ပေမယ့် ထိုမေးခွန်းကြီးက တစ်မျိုး အဓိပ္ပါယ် သက်
ရောက်စေသည်မို့ ရွှေတန်ခူးက 'ရှင်' ဟု ရေရွတ်ပြီး ပြန်ဖြေ
သွားသည်။

သူကိုယ်သူ အထင်ကြီးပြီး မေးတာလည်းမဟုတ်၊
ကြည့်မှု လွန်ကဲနေတာလည်း မဟုတ်။

သို့ပေမယ့် ရွှေတန်ခူးက သူ့ကို မှတ်မှတ်မိမိ သိနေ
သည်ဆိုတာမျိုး သူက ဂုဏ်ယူချင်လို့ပါ။ ဘာသဘောနှင့်
ဟုတ်။

"ကျွန်တော်က ဒီအတိုင်း သဘောရိုးနဲ့ မေးတာပါ"

"မိုးလာခိုဖူးတဲ့ သူတစ်ယောက်နဲ့ မှတ်မိခဲ့ပါတယ်"

ညဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာစရာပဲ"

"ရှင်"

"ဩော် . . . ရွှေတန်ခူးက တကယ် သဘောကော

တယ်ဆိုတာ ပိုသေချာသွားလို့ပါ"

"ဟင် . . . အစက ဘယ်လို ထင်လို့လဲ"

"မထင်ပါဘူး . . . အင်တာဗျူးနေ့တုန်းက မာန

မယ်လို့ တွေးမိတာပါ အဲဒီတစ်ရက်ပါပဲ"

ရွှေတန်ခူးက ဖွဖွကလေး ရယ်နေ၏။

သူမက ရယ်လိုက်လျှင် တော်တော်ချိုသည်။

"သီရိကို သေချာပေးလိုက်နော်"

"စိတ်ချပါ"

"ကော်ဖီသောက်ပါဦး"

သူက ရွှေတန်ခူးကို ငေးငေးကြီး စိုက်ကြည့်နေ

မှ သတိပေးရသည်။

"ဟုတ်ကဲ့"

ဉာဏ်ဝင်းစာပေ



ရှက်အမ်းအမ်းနှင့် သူက ကော်ဖီကို မော့ချလိုက်၏။

လူကိုမြင်တိုင်း စိုလက်အသက်ပါသော မျက်လုံးများ

 တမေ့တမောကြီး စိုက်ကြည့်တတ်တာ ဘယ်လိုများ

ားရမလဲ။ ထိုအကြည့်များကြောင့် နေရခက်တာ မလုံမလဲ

ဖြစ်ရတာ အမှန်။

"ကျွန်တော် ပြန်တော့မယ်"

"အင်း"

ပြောစရာလည်း ကုန်ပါပြီ၊ ကိစ္စလည်းပြီးပြီ။

ဆက်ထိုင်နေရင် သူ ထိုင်နေချင်တာကြီးက အရမ်း

သိသာသွားတော့မည်။ ရွှေတန်ခူးက သူ့အပေါ် တစ်မျိုးမြင်

သွားမှာလည်း မလိုလားပါ။

ရင်ဘတ်ထဲက ဟိုးတစ်နေရာမှာ စနိုးစနောင့် ဖြစ်နေ

သာက ချည်နှောင်ထားသော ကြိုးတစ်ချောင်း။

တစ်ချိန်လုံး ကျေနပ်ကာနေခဲ့ပြီးမှ အခုတော့

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မလွတ်လပ်သလို အချုပ်အနှောင်တစ်ခုလို ခံစားလာ
သိပ်အံ့သြစရာ ကောင်းလှပါသည်။

မက်မောလွန်ကြိုး . . .

သူ ဘာလို့များ ပြောင်းလဲသွားရတာလဲ။

ထိုပြောင်းလဲမှုက ရွှေတန်ခူးနှင့် သက်ဆိုင်နေမ
ဟု မျက်မှောင်ကြုံ့ကာ စဉ်းစားမိပါ၏။

သူ့မှာ ဝံ့သစ္စာရှိသည်။ ဒါကို သူ မေ့လို့ မရ။ န
မာမာ ရှိနေတာပါ။

ရွှေတန်ခူးက သူ့နောက်ကျောကို ငေးကြည့်ကျ
ကာ ပင့်သက်မျှင်းမျှင်းရှိုက်မိ၏။

ကိုယ့်စိတ်တွေက ဘာလို့များ ယောက်ယက်ခတ်
ပျော်မြူးလိုက်ဖို့ရသလဲနော်။

ဖြစ်သင့်ပါရဲ့လား။

သူ့ဘက်ကရော သူ ရွှေတန်ခူးအပေါ် ရိုးသား
လား။ သူ့စိတ်ကို မသိနိုင်။





သူ့မျက်လုံးတွေကတော့ အသက်ပါလွန်းသည်။

မတ်တတ်ကလေးရပ်ကာ မလှုပ်မယှက် ငေးကြည့်
သက်နေမိတာ အကြာကြီးပါပဲ။

မျက်စိထဲက သူ့သဏ္ဌာန် ကွယ်ပျောက်သွားချိန်အထိ။
ထဲက အမည်တတ်ရခက်သော နက်နက်ရှိုင်းရှိုင်း ခံစားမှု
တစ်ယောက်ယောက်ကို ဖွင့်ဟ ပြောပြချင်မိပါသည်။

အဲ့ဒီတစ်ယောက်ဟာလည်း ပြောဖြစ်ခဲ့မယ်ဆိုရင်
ပဲ ဖြစ်လိမ့်မည်။ ဝံ့သစ္စာတော့ မဖြစ်နိုင်ပါ။ သီရိက
တန်ခူးနှင့် ပိုပြီး အစေးကပ်သည်။ ဝံ့သစ္စာက မာနချင်း
နေကြတာ။



www.burmeseclassic.com

www.burmeseclassic.com

သီရိနှင့် ရွှေတန်ခူး၏ စကားသံကြောင့် သူ့ခြေ
တွေ တန့်ကာ နားစွင့်မိ၏။

တမင် နားထောင်တာမဟုတ်။ ခိုးနားထော
လည်းမဟုတ်။ မတော်တဆ ကြားမိတာပါ။
ရုတ်တရက် လှမ်းဝင်ရမှာ ခက်လှစွာနှင့် တွေဝေမ
ရပ်နေမိတာ။

"အမယ်လေးနော် . . . ရှင့်ရဲ့ အသစ်စက်
ကို ခေါ်သွားပါလား တကတည်း"





"ခေါ်စရာလား၊ သီရိနော်၊ တန်ခူးမှ လက်မခံသေး
ာ ဘာမှ မဆိုင်သေးဖူး၊ သဘောပေါက်"

"လူကြီးမိဘတွေက ကြည်ဖြူလို့ အိမ်တောင်
ထွက်ခွင့်ရပြီပဲ၊ မဆိုင်သေးဖူးလား"

သီရိက ထိထိမိမိ မေးလာ၏။ ရွှေတန်ခူးက ပေါ့ပေါ့
ပါးကလေးရယ်သည်။

ထိုရယ်သံကလေးမှာ သူရောရောင်ပြုံးမိ၏။ ရယ်သံ
ကလေးက သူ့စိတ်ကို ချစ်စနိုးဖြစ်စေပါသည်။

သူ သတိမထားမိခင်မှာပင် သူ့နှုတ်ခမ်းတွေက အလို
လျောက် ပြုံးမိပြီးသား ဖြစ်ရပါသည်။

"တန်ခူး မကြိုက်ပါဖူးဟယ်၊ မျက်မှန်နဲ့ ဆံပင်တွေ
ပြားကပ်နေအောင် ဖြီးထားတာ တကယ့်ပညာရှိရုပ်၊
ပေမယ့် ရင်ထဲက နတ်သမီးလေးက မကဖူး၊ ဘယ်လို
မလဲ ရင်မခုန်ဘူး"

သီရိက ရွှေတန်ခူးစကားကို ရယ်ချလိုက်ပေမယ့် သူ့

www.burmeseclassic.com



နှုတ်ခမ်းတွေက တင်းတင်းစေ့ပြီး မျက်လုံးအစုံ ငြိမ်သက်

လေးနက်သွား၏။

တကယ်ပဲ ရွှေတန်ခူး ဘေးနားကို လူတစ်ယော

ရောက်တော့မှာလား။

ရင်ထဲမှာ ဟုန်းကနဲ ပူ၏။ ထိုအပူကို သူ လန်

မိပါသည်။ ပူပြင်းလှချည်လား။

ဘာလို့များ ခြောက်ခြားတုန်လှုပ်သွေးပျက်သွ

တာလဲ။ ရွှေတန်ခူးနှင့်သူက ဘာမှ မပတ်သက်ပါပဲနှ

"လိုက်ခဲ့ပါ သီရိရယ်၊ နင့်သူငယ်ချင်း မင်္ဂလာ

မသွားလည်း ရပါတယ်။ လက်ဖွဲ့သွားပေးလိုက်ပေါ့၊

ငါတစ်ယောက်တည်း မောင်းရမှာ ပျင်းလို့ပါ။ ပြီးခဲ့တဲ့ တ

ကလည်း မှော်ဘီကြက်ခြံကို ငါတစ်ယောက်တည်း

ပြီးပြီ"

"အရမ်းခင်တဲ့ သူငယ်ချင်းမို့လို့ မသွားမဖြ

နောက်တစ်ပတ်မှ နင်သွားပါလား"

ဉာဏ်ဝင်းစာပေ



"မရဘူး"

"ဒါဆိုလည်း နင့်အိမ်က ကောင်မလေးခေါ်သွား"

"ဟဲ့ . . . သူငယ်ချင်းနဲ့ တူမလား"

"ဘာပဲဖြစ်ဖြစ် အဖော်တော့ ရတာပေါ့ဟယ်"

"တော်ပြီ၊ နင်က အရေးကြီးရင် သွေးမစည်းဘူး"

"အိက သူ့မင်္ဂလာပွဲကို ငါ မတက်ရင်ပြောလို့

မှာ မဟုတ်ဘူးဟဲ့၊ ငါ့မင်္ဂလာပွဲလည်း လာမှာ မဟုတ်ဘ

ဲ ဘက်က အရမ်းလွန်သွားမှာ"

"ဟိ . . . ဟိ"

ရွှေတန်ခူးက မနေနိုင်ဘဲ ထရယ်သည်။

အောင်ဆုရက အခန်းတံခါးခေါက်ဖို့ ပြင်ပြီးမှ မခေါက်

တော့ဘဲ ပြန်လှည့်ထွက်လာခဲ့၏။

ရွှေတန်ခူးက တစ်ယောက်တည်း မသွားချင်သော

နေ့ကို သူက အဖော်အဖြစ် လိုက်သွားပေးချင်ပါသည်။ သူ့ကို

ခေါ်ပါ့မလား။ လိုက်ခွင့်ပြုပါ့မလား။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ ဘာလို့များ ရွှေတန်ခူးနှင့် လိုက်သွားဖို့ ဆုံး

မိတာလဲ။ သည်တစ်ပတ် တနင်္ဂနွေနေ့မှာ ဝံ့သစ္စာနှင့်

ကြဖို့ ပြောထားပြီးသား။

သူ့စိတ် သူ့အတွေး သူ့သဘောထားကို သူ

မလည်ချင်တော့ပါ။



"ရွှေတန်ခူး"

"ဟင်"

ကားတံခါးသော့ဖွင့်နေသော သူမက ခေါ်လိုက်သံ

ကြောင့် ဆတ်ကနဲ လှည့်ကြည့်သည်။

ဘောင်းဘီရှည်အဖြူပွပွကလေးက ခါးမှာ ချည်နှောင်

ထားပြီး ကျစ်ဆံမြီးကြိုးကလေးနှင့် အင်္ကျီက အပြာရောင်နုနု

ကလေး။ ဘယ်အချိန်ကြည့်ကြည့် ချစ်စရာကောင်းနေတာ

ည့်စိတ်ထားဖြူစင်ကြည်မြနေလို့ ဖြစ်လိမ့်မည်။

ဆံပင်ပေါ် တင်ထားသော ဘီးကုတ်အဖြူက

တော်တော်ကြီးပေမယ့် လှနေတာလည်း အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကားကြုံလိုက်မလို့လား၊ ရတယ်လေတက်"

ရွှေတန်ခူးက ကြည်ဖြူစွာ ဖိတ်ခေါ်ပါသည်။

"အခု မလိုက်သေးဘူး"

သူ့စကားကို မျက်နှာလေးရှုံ့ကာ စဉ်းစားနေသော

သူက ဆက်တိုက် ပြောချလိုက်ရပါသည်။

"တနင်္ဂနွေနေ့ ပဲခူးသွားရင် လိုက်ချင်လို့"

"ဟင် ဘယ်လို သိတာလဲ"

"ဒီလိုပါပဲ"

နှုတ်ခမ်းလေးဟကာ တအံ့တသြမေးပြီး စူးစူးစမ်းစမ်း

ကြည့်လာသောအခါ အောင်ဆုရ မလုံမလဲ ဖြစ်ရပါသည်

"လိုက်ခဲ့လို့ ရမလား"

"ရပါတယ်၊ ပဲခူးသွားစရာရှိလို့လား၊ ပိုကောင်းတာ

ပေါ့၊ တန်ခူးက တစ်ယောက်တည်း မောင်းရမှာ ပျင်းနေ

တာ"

"အိုကေ ကျွန်တော် လိုက်မယ်လေ"

ဉာဏ်ဝင်းစာပေ

"အင်း . . . အင်း"

"ရွှေတန်ခူးတို့ လမ်းထိပ်ကပဲ စောင့်မယ်"

"ရပါတယ်၊ ဘယ်မှာ လာခေါ်ပေးရမလဲ"

"ဟာ . . . မလိုဘူး"

သူက လက်ကာပြသည်။ ကားထဲဝင်ထိုင်ပြီးသော

ရွှေတန်ခူးကို ကားတံခါး ပြန်ပိတ်ပေးသည်။ ကားလေး ထွက်

သွားသည်အထိ ကြည်နူးစွာ လိုက်ကြည့်နေမိသည်။

အလိုလို ချမ်းမြေ့နေသော ရင်ထဲက ခံစားမှုသည်

ပိပ်ကျေနပ်စရာကောင်းနေ၏။

အိမ်ပြန်ရောက်လာမှ စဉ်းစားမိတာက မရည်ရွယ်

ဘဲ သေသေချာချာ မဆုံးဖြတ်ပါပဲ ရှေ့ရောက်သွားသော

ဆုံးဖြတ်ချက်။

ပဲခူးမှာ ဘာကိစ္စမှလည်း မရှိ။ ဝံ့သစ္စာနှင့် တွေ့ဖို့ကို

လည်း ပျက်ကွက်ရဦးမည်။ တောင်းပန်ချော့မော့ရဦးမည်။

သူ ဘာလို့ အဲဒီလိုတွေ လုပ်မိရတာလဲ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဝံ့သစ္စာ သိသွားခဲ့ရင် ဘယ်လိုရှင်းမလဲ။ ရွှေတ...
နှင့် အတူတူ သွားတာက အလုပ်ကိစ္စလည်းမဟုတ်...
ရွှေတန်ခူးက သူ့မိဘလွှတ်လို့ သွားရတာ။

အောင်ဆုရ သက်ပြင်းရှိုက်သည်။

သူ မှားနေပြီလား။

ဝံ့သစ္စာအပေါ် သူ မတရားသလို ဖြစ်နေပြီလား...

ဘာပဲဖြစ်ဖြစ် ရွှေတန်ခူးကို တစ်ယောက်တည်း...
မလွှတ်ချင် စိတ်မချနိုင်။ သူ လိုက်သွားပေးချင်သည်။ ထိုပ...
က သူ့အတွက် ရှေ့ဆုံးရောက်နေပါသည်။ ကျန်တာ...
လျှောက်မစဉ်းစားချင်၊ မစဉ်းစားမိခင်မှာပဲ ဆုံးဖြတ်ပြီးသ...
ဖြစ်သွားရတာ။

ကိုယ့်ကို ခွင့်လွှတ်ပါ ဝံ့သစ္စာ။

သူ ရင်ထဲက ခပ်တိုးတိုး တောင်းပန်မိ၏။

❦ ❦ ❦

ဉာဏ်ဝင်းစာပေ

ရာသီဥတုက သူ့ဘက်ပါတယ်ဆိုရမလား ကံတရား...
...ာ မျက်နှာလိုက်တာပဲလား။

ဝံ့သစ္စာက သူ့ဆီ ဖုန်းဆက်လာ၏။

သူက ဘယ်လိုပြောရမှန်းမသိတာမို့ တနင်္ဂနွေနေ့...
...ကြဖို့ ကိစ္စကို ဖုန်းမဆက်သေးတာပါ။

သူ့ဘက်က ပျက်ကွက်ရမှာ အားနာမျက်နှာပူမိ၏။
...စိတ်ကို သူ နားလည်နေလို့ ပိုပြီး ဝန်လေးနေမိတာပါ။
...သစ္စာအပေါ် အပြစ်တစ်ခု ကျူးလွန်မိသလို ခံစားနေရတာ
...တ်လား။

"မောင်"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ သစ္စာ"

"လာမယ့် ဆန်းဒေး သစ္စာ မအားဘူး"

"ဪ"

အစတုန်းက သည်လိုစကားဆို သူ အရမ်းစိ[illegible] မကောင်းဖြစ်ပြီး အရှိုက်ထိသွားတာ။

သည်နေ့တော့ ထိုစကားကိုပဲ သူ ဝမ်းသာမိ[illegible] ပြောင်းပြန်ခံစားမှု၊ သူ့ရင်ထဲ လွတ်လပ်အေးချမ်းသွားသ[illegible] ပါ။ ဝန်ထုတ်ဝန်ပိုးတစ်ခု ပြုတ်ကျသွားသလိုနှယ်၊ သူ ခပ်[illegible] ပြုံး ခေါင်းညိတ်မိတာကို ဝံ့သစ္စာ မြင်ခွင့်မရ။

"မေမေက ဗေဒင်သွားမေးမလို့လေ"

"ဟုတ်လား"

"နောက်တစ်ပတ် ဆန်းဒေးမှ တွေ့ရအောင်[illegible] မောင့်ကို သစ္စာ အရမ်းသတိရတာပဲ"

ချွဲချွဲနွဲ့နွဲ့ အသံကလေးမှာ သူ တစ်ချက်ရယ်က[illegible]

"ရပါတယ်၊ နောက်တစ်ပတ် ဆန်းဒေးမှပဲ တွေ့[illegible]





[illegible]ပေါ့" ဟု ဆိုမိ၏။ သူ့ရင်ထဲ ဘယ်လိုမှမနေ၊ ခါတိုင်း[illegible] မျှော်လင့်ချက်တွေ ပြုလဲသွား၊ ရင်ခုန်သံတွေ စည်းချက်[illegible]မသွား။

သူ့စိတ်တွေက ရွှေတန်ခူးအပေါ် ပိုပြီး ထက်သန်နှစ်[illegible]နေမိပြီလား မသိ။

"မောင်"

"ဗျာ"

"စိတ်မဆိုးဖူး မဟုတ်လား"

"မဆိုးပါဘူးကွာ"

"ခဏခဏ ဒီလိုချည်းပဲလို့ စိတ်ပျက်နေပြီလားဟင်၊ [illegible]ကယ် မလွှဲသာလို့ပါ"

"မောင် နားလည်ပါတယ်"

"တကယ်နော်"

"တကယ်ပေါ့"

"မောင်...မောင် ယုံနော်၊ သစ္စာက မောင့်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



အမြဲသစ္စာရှိရှိ ချစ်နေမှာပါ'' တဲ့။ ထိုစကားက သူ
သတိပေးလိုက်သလို တုန်လှုပ်စေပြန်သည်။

''နေ့တိုင်း မတွေ့ဖြစ်ပေမယ့် တစ်ယောက်
ကစ်ယောက် ယုံကြည်နေရင် ပြီးပြည့်စုံပါတယ် မောင်''

အောင်ဆုရက ပင့်သက်ရှိုက်သည်။

တော်တော်ကြီး နက်ရှိုင်းခိုင်မာသော သူတို့ကြား
သံယောဇဉ်ကို ရွှေတန်ခူးက ဘယ်လိုများ အလွယ်တ
လေး လျော့ပါးဆုတ်ယုတ်သွားစေခဲ့တာလဲ။

ဝံ့သစ္စာက ဖုန်းချပြီးမှ လုပစ္စာ ပြုံး၏။

သြော်... ရွှေတန်ခူးအကြောင်း မမေးလိုက်ရပါ
ဟု သတိရမိ၏။ ပြီးတော့ ပဲခူးထိအောင် ပေဒင်သွား
လိုက်ပို့ခိုင်းသော မေမေ့ကို နှုတ်ခမ်းစူချင်မိပါသည်။
နားနား မေးလိုက်ပြီးရော။ အားလပ်ရက် တနင်္ဂနွေကလေး
မေမေက အပိုင်ယူလိုက်ပြီ။ မောင်နှင့် သေချာချိန်းထားပြီး
ဖျက်ပစ် ရတာ စိတ်မကောင်း။။

ဉာဏ်ဝင်းစာပေ



အခုတလော အကြောင်းကြောင်းကြောင့် မောင်နှင့်
တွေ့ဖြစ်ပါ။ မတွေ့ဖြစ်သည့် ရက်တွေမှာ ပိုပိုသိလာတာ
မောင့်ကို သစ္စာ အရမ်းချစ်နေမိပါလားဆိုတာ။

ဘယ်အချိန်ပြန်တွေးတွေး မောင်က သစ္စာစိတ်တိုင်း
ဘာမဆို လိုက်လျောခဲ့သည်။ မောင့် ပေးဆပ်မှုတွေက
စ္စာနှလုံးသားကို တစ်ရစ်ချင်း ရစ်ပတ်ဖွဲ့နှောင်ကာ နစ်ဝင်
ဘယာနေမိပြီ။

မောင့် ဘက်ကရော အဲ့ဒီလို ဖြစ်ပါ့မလား။

သစ္စာက အနိုင်ယူတတ်သော ချစ်သူ၊ ပညတ်ချက်
နဲ့သတ်ချက်တွေ များသောချစ်သူ၊ အနစ်နာမခံတတ်သော
ချစ်သူ၊ ဩဇာပေးတတ်သော ချစ်သူ၊ လိုချင်တာကို ဇွတ်
တောင်းဆိုတတ်သော ချစ်သူ၊ နားလည်မှုနည်းပါးသော
ချစ်သူ၊ တစ်ကိုယ်ကောင်းဆန်သော ချစ်သူ

သစ္စာ အရမ်းဆိုးခဲ့ပါလား မောင်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ မောင့်ဆန္ဒလို ဦးစားမပေး၊ မောင့်စ... ဆို နားမထောင်။ ဘာကလေးမှ မောင့်စိတ်တိုင်းကျ ဖြစ်... မရ။

မောင်က သစ္စာအပေါ် အင်မတန် သည်းခံ... လျော ဦးစားပေးတတ်သူပါလား။

မောင် ဆယ်ပုံတစ်ပုံ အပုံတစ်ရာပုံ တစ်ပုံပင် သ... က မောင့်အပေါ် ပြန်မချစ်ပြခဲ့ပါလား။

အဲ့ဒါတောင် မောင်က သစ္စာကို စိတ်ပျက်မသွ...

ဒါပေမယ့် မောင်ရယ်

သစ္စာကို မောင် ဘယ်လောက်ချစ်တယ်ဆို... အချစ်ခံခဲ့ရတဲ့ သစ္စာက သိတာပေါ့၊ နားလည်ရတာပေါ့ ... တဲ့ နှလုံးသားက အချစ်ကို တန်ဖိုးထားတတ်တ... မောင်ရယ်

မောင် ပေးဆပ်ခဲ့သမျှ သစ္စာ ပြန်ပေးမှာပါ။





ဘာမဆို မောင့်သဘော မောင့်ဆန္ဒ မောင့်အမိန့်ကို နာခံပြီး မောင့်ဇနီးလေးအဖြစ် တစ်သက်လုံး နေသွားမယ့်သူပါ။

"အမေက တစ်ခါတလေ အဖော်ခေါ်တာကို နှုတ်ခမ်း...နေလိုက်တာနော်. ကြည့်မရတော့ဘူး"

ကော်ဖီဓာတ်ဗူးထဲကို နှပ်ပြီးသား ကော်ဖီထည့်နေသော မေမေက မကျေမချမ်း ဆိုလာ၏။

"လိုက်ခဲ့မှာပါ"

ဝိုင်းသစ္စာက မေမေ့ကို ကတိပေးလိုက်၏။

"မေမေက သမီးကိုပါ ဗေဒင် မေးမလို့"

"ရှင်"

ဝိုင်းသစ္စာက အံ့သြသွား၏။ အဲ့ဒါကြောင့် မေမေက ...တ်ခေါ်နေတာကိုး။

"သိပ်မှန်တာ သမီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



မေမေက အဲ့ဒါမျိုးတွေ ယုံတတ်ပေမယ့် သစ္စာ...
သိပ် အစွဲအလန်း မကြီး။

မေမေက မေးဆို မေးလိုက်တာပါပဲ။ ယတြာချေ...
လည်း ချေလိုက်တာပါပဲ။ မောင်နှင့်ချစ်သူ သက်တမ်း ကြာ...
မြင့်လှပြီဖြစ်ပေမယ့် တစ်ခါမှ ဗေဒင်တွေဘာတွေ မတွက်...
ခဲ့ပါ။ သစ္စာ ယုံကြည်နေတာက မောင်သည် သစ္စာမှ သ...
ဗေဒင်မေးစရာပင် မလို၊ သစ္စာကလည်း မောင့်ကိုပဲ လက်...
ဖို့ ဆုံးဖြတ်ပြီးသား မောင့်လောက် သစ္စာအပေါ် ကောင်း...
သော ချစ်သူ ဘယ်မှာ သွားရှာရမလဲ။

❦ ❦ ❦

ဉာဏ်ဝင်းစာပေ



ပေးလိုက်ရင်သာ တအံ့တသြလေး ဖြစ်သွားမှာ။
ယူလာတာဟု တန်ခူး ထင်မှာမဟုတ်။ သူ ဘာများ
ရှိစရာရှိမလဲ။

ရွှေတန်ခူးတို့ လမ်းထိပ်ကို ရောက်သောအခါ သူ
...တွေက ပိုပြီး မြန်ဆန်ကြမ်းတမ်းလာ၏။
...မ်းထဲကို မျှော်ကြည့်ကာ ရွှေတန်ခူး၏ ကားကလေး
...န်းအ...ကို ငေးမျှော်ကြည့်မိသည်။
...လှပစွာ ...ကြာလိုက်ပါ။ ရွှေတန်ခူး၏ ကားကလေး
တမျိုးကြီး နှ...က ထွက်လာ၏။
...ပါ့မလားဟု ဇဝေ... ...က သူ့စိတ်ကို ကြည့်လင်သွတ်
...ည်းက သူ့လက်ထဲကို ...

ရွှေတန်ခူးက ပန်းကြိုက်ပါ့မလား။

...သူ ပေးသော လက်ဆောင်ကို ယူရောယူပါ့မလား။
...ဘာလို့ ပေးတာလဲဟု မေးခဲ့ရင် ဘယ်လိုဖြေရမလဲ သူ တွေးပူ
...နေမိသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မေမေက အဲ့ဒါမျိုးတွေ ယုံတတ်ပေမယ့် သစ္စာ… သိပ် အစွဲအလန်း မကြီး။

မေမေက မေးဆို မေးလိုက်တာပါပဲ။ ယတြာချေ… လည်း ချေလိုက်တာပါပဲ။ မောင်နှင့်ချစ်သူ သက်တမ်း… မြင့်လှပြီဖြစ်ပေမယ့် တစ်ခါမှ ဗေဒင်တွေဘာတွေ မတွေ့… ခဲ့ပါ။ သစ္စာ ယုံကြည်နေတာက မောင်သည် သစ္စာမှ… ဗေဒင်မေးစရာပင် မလို၊ သစ္စာကလည်း မောင့်ကိုပဲ… ဖို့ ဆုံးဖြတ်ပြီးသား မောင့်လောက် သစ္စာအပေါ် လေးလေး… သော ချစ်သူ ဘယ်မှာ သွားရှာရမလဲ။

မ… …တ်လား။

ပြင်းပြသော ဆန္ဒတစ်ခုကြောင့် နှင်းဆီပန်းစည်း… တစ်စည်း သွားဝယ်လာခဲ့ပေမယ့် သူ့လက်ထဲက ပန်းစည်း… ကို တန်ခူးက မြင်လျှင် ''ကျွန်မဖို့လား' ဟု မေးမှမဟုတ်…





…ပေးလိုက်ရင်သာ တအံ့တသြလေး ဖြစ်သွားမှာ။ …ယူလာတာဟု တန်ခူး ထင်မှာမဟုတ်။ သူ့ ဘာများ …ကြုံရရာရှိမလဲ။

ရွှေတန်ခူးတို့ လမ်းထိပ်ကို ရောက်သောအခါ သူ့ …တွေက ပိုပြီး မြန်ဆန်ကြမ်းတမ်းလာ၏။

လမ်းထဲကို မျှော်ကြည့်ကာ ရွှေတန်ခူး၏ ကားကလေး …ဘာတာကို စေ့မျှော်ကြည့်မိသည်။

သိပ် မကြာလိုက်ပါ။ ရွှေတန်ခူး၏ ကားကလေး …စွာ လမ်းထဲက ထွက်လာ၏။

ထိုမြင်ကွင်းကလေးက သူ့စိတ်ကို ကြည်လင်ညွှတ် …စေသည်။ ပူလောင်ခြင်းကင်းစေသည်။ ဝံ့သစ္စာနှင့် …ည်လို ခံစားမှုမျိုး သူ့မှာ မရှိခဲ့။

ပိုင်ဆိုင်ချင်တာတစ်ခုပဲ ရှိသည်။ မက်မောခြင်းက …ကို ပူပြင်းစေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားကလေးက သူ့ဘေးမှာ တုန့်ကနဲရပ်သွား...

"စောင့်နေတာ ကြာပြီလားဟင်"

"မကြာသေးပါဘူး"

သူတက်ဖို့ ကားတံခါး ဖွင့်ပေးရင်း မေးလာ...

"တော်သေးတာက ဒီနေ့ နေမပူဘူး၊ ...
တယ်နော်၊ နေပူမလားလို့"

"အင်း"

ရွှေတန်ခူးက သူ့လက်ထဲက ပန်းစည်းကို...
မနိုတရို့လေးပြုံးကာ တစ်ခုခုပေးဖို့ ပြင်ပြီးမှ မပေး...
နှုတ်ခမ်းလေး စေ့သွား၏။

သူက ပန်းစည်းကို ကားနောက်ခန်းမှာ ထား...

"ကျွန်မတို့ ထွက်တာ နောက်ကျတယ်"

"ကျွန်တော် မောင်းရမလား"

"ကောင်းသားပဲ"





ရွှေတန်ခူးက ကားကို လမ်းဘေး ထိုးရပ်ပြီး ကား
ဆင်းလိုက်၏။ သူက ကားမောင်းပေးဖို့ လမ်းခရီး
...က်ပြီး စောင့်ရှောက်ဖို့ ရည်ရွယ်တာပါ။

"ကိုဆုရက ပဲခူးကလား"

"မဟုတ်ပါဘူး"

"ဩော်"

"ဘာလို့လဲ"

သူပြန်မေးတော့ ရွှေတန်ခူးက ရယ်ပြီး ခေါင်းလေး
... ပြန်မဖြေပါ။

"ကိုဆုရကို အရင်ပို့ပေးရမလား။ ကျွန်မအလုပ်
ပြတ်မှ ပို့ပေးရမလား"

"ရပါတယ်၊ တန်ခူးကိစ္စတွေ အရင်လုပ်ပါ"

"ဒါဆိုရင် .... နေ့လည်စာကို တန်ခူး ကျွေးမယ်"

အောင်ဆုရက ခေါင်းညိတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတန်ခူးဆန္ဒဆို သူက ဘာတစ်ခုမှ မ... ရက်ပါ။ ဝံ့သစ္စာကိုလည်း သူက အရမ်း အလိုလိုက်... ပြီး ချစ်ခဲ့တာပါပဲ။

ကားမောင်းနေရင်း ဝံ့သစ္စာအကြောင်း ... တွေးမိ၏။ အနိုင်ယူတတ်တာကြာတော့လည်း သူ... ရှိးသွားခဲ့ပြီ။

''ရွှေတန်ခူး ကော်ဖီသောက်ပြီးပြီလား''

''ကုမန်းကတန်း နည်းနည်းတော့ သောက်... ဆိုင်တွေ့ရင် ဝင်လေ''

''အင်း''

ရွှေတန်ခူးက နားလည်လွယ်သည်။

ဂစ်ဖ်ရော့ (လက်ဆောင်ပစ္စည်းဆိုင်) ရှေ့... မဖွင့်ခင်ကတည်းက သွားစောင့်နေခဲ့တာမို့ သူ ဘာ... ရသေးပါ။ လမ်းထိပ်မှာ ကားရပ်ပြီး သူ့ကို စောင့်... မျိုး မဖြစ်စေချင် သူကပဲ ကြိုရောက်နေချင်တာပါ။

ဉာဏ်ဝင်းစာပေ

လက်ဖက်ရည်ဆိုင်ရှေ့မှာ ကားရပ်တော့ ရွှေတန်ခူး က သွက်သွက်ဆင်းလိုက်ပြီး အင်္ကျီကလေး ဆွဲဆန့်လိုက် ၏။ တီရှပ်အဖြူကလေးနှင့် ဂျင်းဘောင်းဘီကလေးက ဒူးဆစ် ...ရုံးဆိုတော့ အရမ်း နုငယ်ပြီး ရိုးရှင်းစွဲ အသက်ကို ဘုရားစူး ကျိန်ရမလောက်။

ဆိုင်ထဲ ရောက်တော့ သူက နန်းပြားသုတ်တစ်ပွဲ မှာပြီး ရွှေတန်ခူးက မုန့်ဟင်းခါး မှာသည်။

''ကိုဆုရ ချိန်းထားတာရှိရင် အရင် ဝင်ချင်ဝင်နော်၊ အားမနာနဲ့၊ တော်ကြာ ပန်းတွေနွမ်းကုန်ဦးမယ်''

ဟော . . . အခုမှပဲ တည့်တိုးပြောလာတော့သည်။ ...ခူးကလား၊ ဘာလား သွယ်ဝိုက်ပြီး မေးတာကို သူသိပါ သည်။ သူကလည်း ဘယ်လိုရှင်းပြရမှန်း မသိလို့သာ။ အောင်ဆုရက နန်းပြားသုတ်ကို တူနှစ်ချောင်းဖြင့် မွှေနှောက် ...ရင်း ရွှေတန်ခူးမျက်နှာကို မကြည့်ဘဲ ခပ်တိုးတိုး ဆိုမိ၏။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့မှ ချိန်းမထားပါဘူး။ ပန်းတွေက တန်ခ

ဖို့ ယူလာခဲ့တာပါ"

"ရှင်"

ရွှေတန်ခူးက သူ့ကို စူးလက်နက်ဖြာသော မျက်လုံ

ကလေးများနှင့် ကြည့်လာတော့ သူ့ နားရွက်တွေ မျက်နှ

တွေ ထူပူလာရသလိုပင်။

"တန်ခူးမယူမှာစိုးတာနဲ့ မပေးသေးတာ"

မထူးတော့ပါ။ ဖွင့်ဟပြောမိပြီပဲ။ သည်နှုတ်ခမ်းအ

က ထိန်းမှ မထိန်းချုပ်နိုင်တာ။

သည်ခြေတစ်စုံက မနေနိုင်ဘဲ လိုက်လာခဲ့တာ ရင်ထဲ

က ဆန္ဒကို ဖိနှိမ်ချိုးချမရဘဲ ပန်းစည်းသွားဝင်ဝယ်လာခဲ့တာ

တခြားတစ်ယောက်ကို ပေးဖို့များလားဟု ရွှေတန်ခူး

က ထင်မြင်ယူဆလာသောအခါ သူ့ရင်ထဲ ပြောင်းဆန်သွားခေ

အံ့ဒီလို လုံးဝ အထင်မခံနိုင်။

စူးစူးစမ်းစမ်း အကဲခတ်ပြီးနောက်မှာ ရွှေတန်ခူးက





က်သွားကလေးချပြီး အသံတိတ်သွား၏။ သူ့ကို ဘာစကား

ဆို၊ သူ တစ်မျိုးကြီးဖြစ်ကာ မနေတတ်။ စိတ်ဆိုးသွားပြီ

လား။ သူ့အပေါ် အထင်လွဲသွားပြီလား။ လိုက်လာပြီး အခွင့်

အရေးယူသလိုများ ဖြစ်သွားပြီလား။ သူ့ကြောင့် ရွှေတန်ခူး

တ်အနှောင့်အယှက်ဖြစ်သွားပြီလား။

ခြေမကိုင်မိ လက်မကိုင်မိ ပျာယာခတ်သွားမိပေမယ့်

တာ ငြိမ်ငြိမ်ကြီး မလှုပ်မယှက် ရှိနေ၏။

ရွှေတန်ခူးက နက်(စ်) ကော်ဖီတစ်ခွက် လှမ်းမှာပြီး

ကို တကယ်ပဲ့ စကားထပ်မဆို။

သူ့အရမ်း မှားသွားပြီလား မသိ။

"ရွှေတန်ခူး ပန်းမကြိုက်ရင် နေပါစေ မယူလည်း

တယ် ကိစ္စမရှိပါဘူး"

"ပန်းကြိုက်ပါတယ် . . . ဒါပေမယ့် . . . ဟို . . ."

ရွှေတန်ခူးက ဘာပြောရမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ကို ကြိုတင်ခန့်မှန်းမိပေမယ့် အပိုင်ကျိန်း ယူဆလို့ မရ။

သူ့လက်ထဲမှာ လှပမွှေးကြိုင်သော ပန်းစည်းကို ရသောအခါ ဘာလို့မှန်းမသိ နှမျောကြေကွဲသွားမိသလ သူ့မှာ ချစ်သူရှိနေပါလားဟု ထင်လိုက်မိတာ။ အခု အထင်က မှားသွားပြီ သူက ရွှေတန်ခူးဖို့ ယူလာပေးတ

ရုတ်တရက်ကြီး ယုံရခက်စွာနှင့် ရင်ထဲမှာ ဝမ်း သွားမိတာလည်း အမှန်၊ ဘာကိုမှန်းမသိပဲ လန့်သွား လည်းအမှန်၊ သူ့ဘက်က မြန်မြန်ဆန်ဆန်ကြီး ချဉ် ကြိုးစားလာတော့မှာလား။

နှင်းဆီပန်းစည်းကို လက်ခံသင့်ရဲ့လား ပြင် ကောင်းမလား ရွှေတန်ခူးချက်ချင်း မဆုံးဖြတ်နိုင်။

သူ့ကို မျှော်လင့်ချက်ပေးသလို ဖြစ်မှာလည်း လားပါ။ ရွှေတန်ခူး နှလုံးသားက သေချာသဲကွဲသော တစ်ခု မထွက်သေးပါ။

ညဏ်ဝင်းစာပေ



"ယူပါ စေတနာနဲ့ ပေးတာပါ"

"ကျေးဇူးတင်ပါတယ်"

သူဆုံးဖြတ်တာကို ရွှေတန်ခူးနာခံလိုက်ပါသည်။

နှင်းဆီပန်းတစ်စည်းလက်ခံဘူးတာကလေးက ဘာမှ မဖြစ်လောက်ဘူး ထင်ပါရဲ့။

သူ့ခင်ဗျာ မပေးရဲပေးရဲ ပေးရှာတာ။

စာနာနားလည်စိတ်နှင့် မငြင်းရက်၊ အားလည်းနာ သည်။ ချစ်သူမရှိသေးသော ကောင်မလေးတစ်ယောက်က နှင်းဆီတစ်စည်းလောက်တော့ လက်ခံလိုက်လို့ ဖြစ်မယ် ထင်ပါရဲ့။

ရွှေတန်ခူးအတွက် သူ့ပန်းစည်း လက်ဆောင်က ပျော်ရွှင်ကျေနပ်စေပါသည်။

"လမ်းမှာစားဖို့ အချဉ်ထုပ်သွားဝယ်ဦးမယ်"

သူ့ကို ထားရစ်ကာ လှစ်ကနဲ ထွက်သွားသော ရွှေတန်ခူးကို ကြည့်ပြီး သူ သက်ပြင်း ရှိုက်မိ၏။

ညဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အခုမှပဲ သူ့စိတ်တွေ ပေါ့ပါးရွှင်ပျသွား၏။

ကားထဲရောက်သောအခါ နောက်ခန်းကပန်းစည်းကို ယူပြီး ရွှေတန်ခူးလက်ထဲပေးမိ၏။

ရွှေတန်ခူးက လှမ်းယူပြီး နှင်းဆီတွေကို မွှေးရှိုက်လိုက်၏။ ထိုမြင်ကွင်းက သူ့အာရုံမှာ စွဲငြိသွား၏။ ဘယ်တော့မှ မေ့လို့ရမှာမဟုတ်။

ရွှေတန်ခူးရယ် . . .

ကျွန်တော် . . .

ကျွန်တော်လေဗျာ . . .

လှလှပပ ကျရှုံးသွားပြီး ထင်ပါရဲ့။

ရွှေတန်ခူးရဲ့ မော်ကွန်ရက်တစ်ခုကနေ ကျွန်တော် ရုန်းထွက်နိုင်ပါ့မလား။

ဝံ့သစ္စာကို ကျွန်တော် ဆက်ချစ်နိုင်ပါ့မလား။

❦ ❦ ❦



ဝံ့သစ္စာက ရွှေတန်ခူး၏ ကားကို သေသေချာချာ ကြည့်မိ၏။ မြင်နေရတာ သဲသဲကွဲကွဲ။ မြင်နေတာကို မယုံချင် စိတ်ကသာ ခဲယဉ်းနေတာ။

မောင်ပါလား

မောင်က ကားမောင်းပြီး ရွှေတန်ခူးက ဘေးမှာ ထိုင်စီးကာ ပြုံးပြုံးပျော်ပျော်ရယ်မော စကားဆိုနေလိုက်တာ တောင်းအော့(စ်)ကားထဲက ဝံ့သစ္စာကိုပင် မောင်က မမြင်။

မောင့်မျက်နှာက ချိုလို့ကြည်လို့။

သူတို့ ဘာလို့များ ဟိုင်းဝေးလမ်းပေါ် ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ၊ အလုပ်ကိစ္စလား၊ သီရိဆီ ဖုန်းဆက်ကြည့်ရမလား၊ တန်ခူးဆီပဲ ဖုန်းဆက်ရမလား။

သူတို့ ကားကလေးကလည်း ပဲခူးဆီ ဦးတည်နေတာ ပါပဲ၊ ပဲခူးရောက်မှ သီရိဆီ ဖုန်းဆက်ကြည့်ရမည်။

အလုပ်ကိစ္စတစ်ခုခုပဲ ဖြစ်မှာပါ။

မောင်က တမင်သက်သက် ဘာကိစ္စမှမရှိပဲ ရွှေတန်ခူး နှင့် လျှောက်သွားမှာမဟုတ်။

ဝံ့သစ္စာ မျက်နှာကလေးပျက်ပြီး ရင်ထဲက အပူကို ဖြေသိမ့်နေရပါသည်။

မောင့်ကို ယုံရမှာပေါ့။

သစ္စာ ဘာလို့ သွေးပျက်တုန်လှုပ်ရမှာလဲ။

ခေါင်းကလေး အသာရမ်းမိ၏။

"သမီး"

"ရှင်"





"အိပ်ငိုက်ပြေအောင် ကော်ဖီသောက်မလား"

မေမေက ဓါတ်ဗူးထဲက ကော်ဖီငှဲ့ထည့်ပေး၏။

ကော်ဖီပူပူက ရင်ထဲက အပူကို မမီ။

သီရိဆီ ဖုန်းဆက်ကြည့်ဖို့ စိတ်စောနေမိ၏။

ရွှေတန်ခူးတို့ကားကို ကျော်ရပ်ပြီး ဆင်းနှုတ်ဆက်ဖို့ တော့ ဝံ့သစ္စာက ဝန်လေးနေမိ၏။

အဲဒီလို မလုပ်ချင်။ မောင်နှင့် သစ္စာအကြောင်း တန်ခူးက ဘာမှ သိတာ မဟုတ်။

ဆင်းနှုတ်ဆက်တော့ရော ဘာထူးမှာလဲ။

ဝံ့သစ္စာရင်ထဲမှာ စူးတစ်ချောင်းရှိနေသလို ခံစားရ

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

'သီရိ' ဖုန်းကို ဘယ်နှစ်ကြိမ်ခေါ်လို့ခေါ်မိမှန်းပင်

မစ်(စ်)ကော်တွေ အကြိမ်ကြိမ် ဝင်ပေမယ့် သီရိက ဖုန်း

စိတ်တိုစရာကောင်းလွန်းလှသည်။

အကြာကြီးခေါ်မှပဲ ဖုန်းကိုင်တော့သည်။

"ဟဲ့ . . . ဘာလို့ ဖုန်းမကိုင်တာလဲ"

"သစ္စာ . . . နောက်မှ ငါပြန်ခေါ်မယ် ငါမင်္ဂလာ

ခဏလေး မင်္ဂလာပန်းကြုံရဦးမှာ ဒါပဲနော်"

"ဟဲ့ . . . ဟဲ့ . . . ခဏနေပါဦး . . . အော်"

သီရိက သူပြောချင်တာပြောပြီး ဖုန်းချသွား၏။





ဘာမှ ပြောခွင့်မရ။

နှုတ်ခမ်းလေး ကိုက်ကာ သစ္စာစဉ်းစားနေ၏။

ပြီးမှ ရွှေတန်ခူး၏ဖုန်းကို ခေါ်လိုက်၏။

ချက်ချင်းပဲ ဖုန်းက တန်းဝင်သည်။

"ဟယ်လို . . . သစ္စာလား"

"ဟုတ်တယ်"

"ပြောလေ"

"နင်ဘယ်ရောက်နေလဲ တန်ခူး"

"အခုလား၊ ပဲခူးမှာ ဘာလို့လဲ"

"အလုပ်ကိစ္စလား"

"မဟုတ်ပါဘူး၊ အိမ်ကနိုင်းတဲ့ကိစ္စလေးရှိလို့ပါ၊

ဖေဖေမအားတာနဲ့ သွားပေးရတာ"

"ဪ"

ရင်ဘတ်ပေါ်ခဲလုံးကြီး ဘုတ်ကနဲ ပြုတ်ကျသလို အင်း



www.burmeseclassic.com

www.burmeseclassic.com



ကနဲ လေးပင်မွန်းကြပ်သွားရ၏။

ထင်းကနဲ လင်းကနဲ မြင်ရပေမယ့် မယုံချင်။

ပြတ်ပြတ်သားသားကြားရပေမယ့် လက်မခံချင်။

''သည်လို မဟုတ်ပါဘူး'' ဟု ရင်ထဲက ငြင်းဆ
နေမိ၏။ မျက်နှာကလေး ဖြူဖက်ဖြူရော်နှင့် စကား
ဆက်မပြောနိုင်အောင် ဖြစ်ရသည်။

ရွှေတန်ခူးကတော့ ဘာမှမသိ။

''သီရိဆီ ဖုန်းဆက်တာ မကိုင်လို့''

''ပြောမနေနဲ့ မင်္ဂလာပွဲရှိတယ်ဆိုပြီး ဖြစ်နေလိုက်
မန်းစရာကြီး သူ့မင်္ဂလာပွဲကျနေတာပဲ''

''သြော် အဲဒါကြောင့် ဖုန်းမကိုင်တာကိုး''

''သီရိကို ဘာပြောပေးရမလဲ''

''ရတယ်၊ နောက်မှ ဆက်လိုက်မယ်''

''အင်း''

ရွှေတန်ခူးက ဖုန်းပြောပြီး ဖုန်းကလေးကို ဒက်ရှ





က ဖုန်းခွက်ကလေးထဲ လှမ်းထည့်လိုက်၏။

အောင်ဆုရက ကားမောင်းရင်း သက်ပြင်းရှိုက်သည်
စ္စာလား'' ဟု မေးလိုက်ကတည်းက သူ ထိတ်ကနဲ
သွားရတာပါ။ ဘာလို့ လိပ်ပြာမလုံဖြစ်ရတာလဲ၊ သူ့ဘက်
အမှားတွေ လုပ်နေမိပါလား။

သစ္စာရယ်

ကျွန်တော် တမင်လုပ်တာမဟုတ်ပါဘူး။

သစ္စာအပေါ် မတရားခဲ့ရင် အဲဒီ့အပြစ်ကို ပြန်ပေး
မှာပါ။

''သီချင်းဖွင့်ရမလားဟင်''

ရွှေတန်ခူးက သူ့ကို ခွင့်တောင်းလာ၏။

''သဘောပဲလေ''

''ကိုဆုရ ကြိုက်ရဲ့လား''

''သီချင်းကြိုက်ပါတယ်''

''အနှောင့်အယှက်ဖြစ်ရင် နားကြပ်နဲ့ နားထောင်မယ်



www.burmeseclassic.com

www.burmeseclassic.com



လေ"

"အတူတူ နားထောင်မှာပေါ့"

အောင်ဆုရက ခွင့်ပြုမှ ရွှေတန်ခူးက ကက်ဆက်...
ဖွင့်၏။ သီချင်းအေးအေးကလေးတွေ ကြိုက်တတ်တာ...
တူနေတော့ စိတ်ချမ်းမြေ့စရာကောင်း၏။

"တစ်ရက်လောက် ပစ်ကနစ်ထွက်ကြရင် ကော...
မယ်နော်၊ အားလုံးစုပြီးတော့"

"ကောင်းတာပေါ့"

"ကျွန်မစီစဉ်ကြည့်ဦးမယ်"

ရွှေတန်ခူးက လျှပ်တစ်ပြက် စိတ်ကူးကလေး...
အကောင်အထည်ဖော်ဖို့ စဉ်းစားထားလိုက်၏။

သူနှင့် အတူတူ ခရီးသွားရတာ ရင်ထဲ ...
ပျော်ရွှင်နေမိသည် မဟုတ်လား။

နှင်းဆီမန်းများ၏ရနံ့က ရွှေတန်ခူးစိတ်ကို ...





...ကြည်မွေ့စရာသလား။

သူ့မျက်လုံးများ၏ လေးနက်မှု။

သူ့စကားများ၏ ဂရုစိုက်မှု။

သူ့အပြုအမူများ၏ ကြင်နာမှု။

ရွှေတန်ခူး ရုန်းထွက်မပစ်နိုင်။

"ဟင် . . . မိုးတွေ မဲတက်လာသလိုပဲ"

ရွှေတန်ခူးက ကောင်းကင်ကို ကားပြတင်းပေါက်က
...ကြည့်ပြီး ရေရွတ်လိုက်၏။

မနက်အစောကြီးတုန်းက သာသာယာယာလင်းလင်း
...လက်ပါပဲ မိုးရိပ်မိုးငွေ့ မမြင်ခဲ့ရ။ ဖြုန်းစားကြီး တိမ်တွေ
...က်ကာ ကောင်းကင်မှာ ရွေ့လျားသွားလာနေသောအခါ
...န်ခူး အံ့သြသွားမိ၏။ မိုးရွာမယ်မှန်းသိရင် ထွက်မလာပါ။
...လော မိုးက အကြာကြီး အများကြီး ရွာချတတ်တာ၊
...ွ ဘာတွေ ကြီးမှာ စိုးရိမ်မိ၏။

တော်သေးတာက တန်ခူးတစ်ယောက်တည်းမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဆုရပါလာလို့။

စိတ်ထဲက ကြိတ်ပြီး တိတ်တိတ်ကလေး ကျေးဇူး
ကာ မျက်လုံးကလေး ရွှေ့ကြည့်မိသောအခါ တည်ကြ
ခန့်ညားရင့်ကျက်သော အားကိုးဖွယ်ရာ မျက်နှာတစ်ခုကို မြ
ရသည်။

ချက်ချင်းပဲ စိတ်ပူမိတာတွေ ရုတ်လျှော့ပြယ်လွင့်
သွား၏။ ကိုဆုရရှိနေသားပဲဟု တွေးမိကာ ရင်ထဲ
သွားလိုက်တာ။

သူက ရွှေတန်ခူးရှေ့မှာ မားမားမတ်မတ် ဘာ
ရပ်တည်ဖြေရှင်းမှာပဲဟု စိတ်ချမိ၏။

"မိုးရွာလည်း ရွာပါစေပေါ့၊ ဖြည်းဖြည်းပဲ မောင်း
မယ်၊ မှောင်တာက တော်တော် မဲမှောင်လာတယ်၊ လေ
အရမ်းတိုက်သလိုပဲ"

"အင်း. . . ဟုတ်တယ်"

လေအရမ်းတိုးတာမို့ ရွှေတန်ခူးက ကားမှန်တစ်





ခ,က တင်လိုက်၏။ ခဏဆို ပဲခူးမြို့ထဲကို ရောက်ပါပြီ။
အပြန်ခရီးသာ မိုးထဲလေထဲ မောင်းချင်မောင်းရမှာ၊ လောလော
ဆယ် ပူစရာမလို။

www.burmeseclassic.com

www.burmeseclassic.com

"နေမကောင်းဘူးလား သမီး"

"ခေါင်းနည်းနည်း မူးလို့ပါမေမေ"

မေမေက ဝံသစ္စာကို သတိထားမိစွာ မေးလာ
အိမ်က ထွက်လာတုန်းက ရွှင်ရွှင်ပျပျပါပဲ။ ဖေဒင်မေ
ဘာတွေများ စိတ်မကြည်လင်ဖြစ်ရသလဲ။

ဝံ့သစ္စာကို ဖေဒင်က ပြောခဲ့ပါသည်။

အသည်းကွဲမယ်တဲ့၊ အချစ်ဦးနဲ့လွဲမယ်တဲ့၊ ရည်
က သစ္စာဖောက်မယ်တဲ့။





မနေ့တနေ့ကသာ အဲဒီလိုတွေ ပြောခဲ့ကြည့်ပါလား။
သစ္စာမယုံပဲ ပြုံးနေမိမှာ။

အခုတော့ မပြုံးနိုင် မရယ်နိုင်။

ရင်ထဲမှာ ရှုံးနစ်နာကျင်ကာ နေ၏။

သည့်လောက် မြန်မြန်ဆန်ဆန် . . .

သိပ်မြန်လွန်းနေပါလား။

မောင်နဲ့ ရွှေတန်ခူး ရင်းနှီးသွားတာ မြန်လွန်းလိုက်
တာ ဝံ့သစ္စာက ဘယ်လိုမှ မယုံနိုင်။

ခရီးတစ်ခုကို အတူတူ လိုက်ပေးဖို့အထိ သူတို့ချင်း
ရင်းနှီးသွားကြတာ အရမ်းအရမ်း သိပ်ကိုမြန်လွန်းသည်။

"ရော့ . . . သမီး၊ ရှူဆေးလေး ရှူလိုက်ဦး"

"ဟုတ်"

မေမေက ဘာမှ မသိရှာပဲ ဂရုစိုက်နေတာ။

မောင် . . . သစ္စာဘယ်လို နားလည်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



အကြွင်းမဲ့... ယုံကြည်ထားခဲ့တဲ့ မောင့်အပေါ်သစ္စာ ဘယ်လို ခွင့်လွှတ်ပေးရမလဲ။

မောင် ဘာလို့ ဒီလို လုပ်ရက်တာလဲ။

သစ္စာ ရင်ကွဲရပါပြီမောင်။

ထင်လည်း မထင်ထားဘူး။ ယုံလည်း မယုံနိုင်ဘူး အမှန်တရားကို မျက်စိစုံမှိတ် ငြင်းပစ်လို့ရမှာတဲ့လား။

မောင်ရယ်

ရက်စက်လွန်းလိုက်တာ။

သစ္စာကလေ မောင့်ကို သိပ်စိတ်ချထားခဲ့တာ။

မျက်ရည်တွေ စီးကျလာတော့ မျက်နှာလွှဲကာ မေမေ မမြင်အောင် ကပျာကယာ သုတ်မိ၏။

ရွှေတန်ခူးအပေါ် မကျေနပ်စိတ်နှင့် မောင့်ကို ရွှေတန်ခူးအနား မရောက်ရောက်အောင် ပို့ခဲ့မိတာက ဝံ့သစ္စာပါ။ ကိုယ့်ကိုယ်ကို အထင်ကြီးတာ မောင့်အပေါ် ယုံကြည်မှု လွန်ကဲတာ။





တကယ်တန်းတော့ ရှုံးတာက ဝံ့သစ္စာ။

ဟင့်အင်း... မရှုံးသေးပါဘူး။

ရွှေတန်ခူးကို ဘာလို့ လွယ်လွယ်အရှုံးပေးရမှာလဲ။ မောင့်ကို သစ္စာ ချစ်သူမှန်းသိလျှင် သူရှက်ပြီး ငုပ်လျှိုး နောက်ဆုတ်သွားမှာပါ။

မျက်နှာပြောင်တိုက်ဝံ့မှာ မဟုတ်။

ဝံ့သစ္စာက နှုတ်ခမ်းနာနာကိုက်သည်။

မောင့်ကို ဘယ်သူ့လက်မှ အပါမခံနိုင်။

ရွှေတန်ခူးကိုလည်း သည်တစ်သက် ဘယ်တော့မှ အရှုံးမပေးချင်။

သစ္စာရဲရဲ ဆုံးဖြတ်မိ၏။

အရာရာကို သွေးအေးစွာ ရင်ဆိုင်နိုင်ဖို့ အခြေအနေက သစ္စာဘက်က အသာချည်းပါ။ သစ္စာက မောင့်ချစ်သူလေ။

ရွှေတန်ခူး ဘာတတ်နိုင်မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



အပြောကြီးလိုက်တာ နီးစပ်မှုကြောင့် အချစ်မှုဖြစ်နိုင်ပါတဲ့၊ ဘယ်နှယ့်ရှိစ။

နှင်ဒီရမယ့် နေ့တွေလည်း ရောက်လာဦးမှာပါ။ မောင်က သစ္စာကို သိပ်ချစ်တဲ့သူပါ။

❦ ❦ ❦

ဉာဏ်ဝင်းစာပေ

အပြန်ခရီးမှာ မမျှော်လင့်ပါပဲ ကြုံလိုက်ရတာက . .

"မိုးအရမ်းများတယ် ရေကြီးနေပြီ၊ ဒီမှာပဲ ခဏရပ်ထားရင်ကောင်းမယ်၊ ကားက အမြင့်ကြီး မဟုတ်ဘူး၊ တအားမိုးသည်းနေတယ်"

"အင်း . . ."

သူ့စကားကို ခွေတန်နူးခေါင်းညိတ်မိ၏။

ကားအမြင့်ကြီးတွေပင် ဆက်မသွားပဲ ရပ်ထားကြသေးတာ။ တချို့ကားတွေကတော့ ဆုံးဖြတ်ချက် ပြတ်သားစွာ ဒုကနဲ သွားကြသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အချိန်က မစောတော့ဘူး မဟုတ်လား။

ဖေဖေခိုင်းလိုက်သော ကိစ္စတွေ၊ အားလုံးအဆင်ပြေ တာရယ်၊ ပြီးတော့ ကိုဆုရက တမင်သက်သက် တကူးတက လိုက်လာပေးတာပါလားဟု သိရတာရယ်ကြောင့် ရွှေတန်ခူး ကျေနပ်မဆုံး ရှိနေခဲ့တာ။ အောင်ဆုရက ကားကို ဘေးတိုး ရပ်ပြီး ရှေ့တည့်တည့်ကို စူးစိုက်အကဲခတ်နေ၏။

"ဆက်မောင်းလို့ မရဘူး ထင်တယ်"

"မရရင် ရပ်ထားပေါ့ ဒီမှာရပ်ထားတော့ရော ဖြစ်ပါ မလားဟင်"

ကားအပြင်ကို ကြည့်ပေမယ့် ဘာမှ သဲသဲကွဲကွဲ မမြင်ရပါ။ မိုးသံလေသံနှင့် အပြင်ထွက်လည်း ရွှဲရွှဲနစ်သွားဖို့ ရှိသည်။

"မြင်တဲ့နေရာလေး ရှာရမှာပဲ"

အောင်ဆုရက ကားတံခါးဖွင့်ဆင်းဖို့ ပြင်၏။





"မိုးအရမ်းသည်းနေတယ် ရွှဲကုန်မှာပေါ့"

"ရတယ်၊ တန်ခူးကားထဲမှာနေ၊ ဘာမှ မကြောက်နဲ့၊ ချက်တော် ဆင်းကြည့်မှ ဖြစ်မယ်"

ရွှေတန်ခူးက သူ့စကားကြားမှ စိတ်ပူသွားတော့ သည်။ ကားက မသိမသာ ရွေ့နေလေသလား ရွှေတန်ခူး ထင်လို့ပဲလား။

"ကိုဆုရ... နောက်ပြန်လှည့်ပါလားဟင်၊ ကားက ရွေ့နေသလိုပဲနော်"

"မရွေ့ပါဘူး ရပ်ပါတယ်"

သူက တန်ခူးကို စိတ်မပူစေချင်။

သို့ပေမယ့် ရွှေတန်ခူးစကားကို နားထောင်ပြီး နောက် ပြန်လှည့်ဖို့မလွယ်။

အနီးဆုံးနေရာလေးမှာ ခဏရပ်နေလိုက်တာ အကောင်းဆုံးပါပဲ။ သူလိုက်လာခဲ့မိတာ မှန်သွားပြီ၊ ရွှေတန်ခူး တစ်ယောက်ထဲဆို ဘယ်နှယ့်လုပ်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကလည်း ညနေစောင်းခဲ့ပြီ။

“ဒီနားလေးက ကုန်းမြင့်တယ် အိုကေ ရပြီ”

ရွှေတန်ခူးက သူ့ကို လှည့်ကြည့်ပြီး ကျေးဇူး... စကားဆိုလာ၏။

“ကျေးဇူးပဲ၊ တန်ခူးတစ်ယောက်တည်းဆို ကြော... နေမိမှာ ဘာလုပ်ရမှန်းသိမှာ မဟုတ်ဘူး”

သူက ဖွဖွပြုံးပြီး ရွှေတန်ခူးကို လှည့်ကြည့်... မျက်လုံးချင်းဆုံမိကြသောအခါ အကြည့်ကို တော်တော်... လွှဲမဖယ်နိုင်။ တွယ်ငြိနေမိကြသည်။

ရွှေတန်ခူးက ရင်ခုန်သံကို သူမကြားအောင် သို... ရင်း မျက်လွှာချမိ၏။

သူက သက်ပြင်းရှိုက်သည်။

“ရွှေတန်ခူး ဗိုက်ဆာပြီလား”

“ဟင့်အင်း”

“ဒီအနီးအနားမှာ စားစရာလည်း မရနိုင်ဘူး”





“ရပါတယ် မဆာပါဘူး”

“ကျွန်တော်တို့ ဒီမှာပဲ ခပ်ကြာကြာစောင့်ရင်လည်း ...ောင့်ရလိမ့်မယ်”

“အင်း”

ဟုတ်ပါရဲ့။ အခုလောလောဆယ် ကားထွက်လို့ ...နေသေးပါ။ ဆာရင်လည်း ဘာတတ်နိုင်မှာလဲ။

သူက သီချင်းတိုးတိုးကလေး ဖွင့်ပြီး ကူရှင်ကို မှီချ ...က်၏။ အပြင်မှာ မိုးတွေက တဝုန်းဝုန်းရွာနေတုန်းပါပဲ။ ...ားလေးထဲမှာ သူရှိနေလို့သာ ရွှေတန်ခူးအတွက် လုံခြုံစိတ် ...အးနေရတာ။

တကယ်ပဲ ကျေးဇူးတင်ပါတယ် ကိုဆုရရယ်။



www.burmeseclassic.com

www.burmeseclassic.com

ကားကူရှင်ကို မှီပြီး ရွှေတန်ခူးမေးကနဲ့ အိပ်ပျော်သွား ားပေး၏။

ခဲ့ပေမယ့် ချက်ချင်းပဲ လန့်နိုးလာ၏။

ဆတ်ကနဲ တုန်ကာ နိုးလာသော ရွှေတန်ခူး၏လ

ကလေးကို သူက ဖမ်းဆုပ်ပြီး . . .

"ဘာဖြစ်လို့လဲ အိပ်မက်မက်တာလား"

ဟု မေးလာ၏။ အပြင်မှာ မှောင်မဲနေနေပါရောလ

ရုတ်တရက် ကြောက်စိတ်က ဖျန်းကနဲ ထမိ၏။ အခုထိ

ကားကလေးက လမ်းပေါ်မှာပဲ ရှိသေး၏။ ဖုန်းလည်း

ဆက်လို့ မရ။ အိမ်က စိတ်ပူနေမှာလားမသိ။ ကိုဆုရလည်း

တန်ခူးနှင့် လိုက်လာမိတာ နောင်တရပြီလားမသိ။

ဉာဏ်ဝင်းစာပေ



"မိုးနည်းနည်း ဆဲသွားပြီ"

"အင်း"

"နောက်ခဏဆို သွားလို့ ရမှာပါ"

သူက ရွှေတန်ခူးလက်ဖျားကလေးကို ဆုပ်ညှစ်ကာ

"တန်ခူး မေးကနဲ့ အိပ်ပျော်သွားတယ်"

"အင်း . . . ပင်ပန်းလို့ နေမှာပေါ့"

"ကိုဆုရ စိတ်ညစ်နေပြီလား"

"ဒါပေါ့"

သူက ပြုံးစစ ခေါင်းညိတ်မိ၏။

"ဆာလည်းဆာပြီ၊ ကျွန်တော် စောစောက စဉ်းစား ားတယ် ရွှေတန်ခူး အိပ်ပျော်နေတုန်း ထားခဲ့ရင် ကောင်း ားလို့"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရွှေတန်ခူးက မျက်နှာကလေးပျက်ကာ သူ့စကားက ဝမ်းနည်းသွား၏။ စ,တာဆိုလည်း ငိုချင်မိသည်။ သူ့စကားက အားငယ်စေသည်။ သူတမင်သက်သက် ရယ်စရာပြော ပေမယ့်လည်း ခံစားရခက်သည်။ နာကျင်မိသည်။ မလွယ် လား။ သူနှင့်ပတ်သက်လာရင် စိတ်တွေက အလွန်တစ် နူးညံ့နေသည်။ သေးသေးဖွဲဖွဲကလေးကိုပင် ကြီးကြီးမားမာ ခံစားရပါသည်။ ဘာလို့ အဲဒီလို ဖြစ်ရတာလဲ။

တခဏအတွင်းမှာ အချိန်တိုကလေးအတွင်းမှ သူစိမ်းတစ်ယောက်အပေါ် ရွှေတန်ခူး၏ အားကိုးတွယ်တာ ကြည်ရစ်နွယ်မှုက အံ့မခန်းများပြားလွန်းလှပါရောလား။

"ကျွန်တော်က စ,တာပါ ရွှေတန်ခူးရယ်"

ရွှေတန်ခူး မျက်နှာပျက်တော့ သူ ချက်ချင်း ဝန်ခံမိ

ထားရစ်ခဲ့ပြီး ထွက်ခွာသွားဖို့ဆိုတာ သည်တစ်သ သည်ဘဝ လုံးဝ မဖြစ်နိုင်တော့ပါဘူး။





သူ့စိတ်ကို သူအသိဆုံး။

သူနှလုံးသားကို သူနားအလည်ဆုံး။

သူ့ဆန္ဒကို သူသဘောအပေါက်ဆုံးပါ။

ဝံ့သစ္စာကိုပင် ဂရုမစိုက်ချင်လောက်အောင် ဖြစ်ရသော ပြင်းထန်သည့်အချစ်သည် သူ့တကိုယ်လုံးကို အဆိပ်တစ်ခုလို ပျံ့နှံ့နေပါပြီ။

တရစ်ဝဲဝဲ ရုန်းထွက်မရစွာရှိသော သူ့စိတ်ကို သူ အရှုံးပေးနေမိပါပြီ။

"တကယ်ပြောတယ် ထင်လို့လား"

"မသိဘူးလေ"

နှုတ်ခမ်းစူကာ တဖက်လှည့်သွားသော ရွှေတန်ခူး၏ ပုံစံကလေးက သူ့ကို အသည်းခိုက်စေ၏။ မချင့်မရဲနှင့် သူ့ စိတ်တွေ စည်းကျော်ချင်မိပြီ။

ထိန်းမရ သိမ်းမရအောင် ပြောင်းဆန်နေသော သူ့ ရင်ခုန်သံကို ရွှေတန်ခူးက သိပါရဲ့လား။

www.burmeseclassic.com



ရွှေတန်ခူးက အမှတ်တမဲ့ မူနွဲ့မိပြီးမှ ကိုယ့်အပြုအ
ကိုယ်သတိပြုမိကာ ရှက်သွားရသည်။

ကြည့်စမ်း ဘယ်လိုဖြစ်ရတာလဲ ရွှေတန်ခူးရဲ့

သူက ရည်းစားမဟုတ် ဘာမဟုတ်။

"ရွှေတန်ခူး"

"ဟင်"

"ဒီမှာပဲ ညအိပ်ရမယ်ဆိုရင် ဘယ်လိုလုပ်မလဲ"

သူက သူမမျက်လုံးကလေးတွေကို စိုက်ကြည့်
မေးလာ၏။ ရွှေတန်ခူးက မျက်တောင် တဖျတ်ဖျတ်ခတ်မိ

"တကယ်လားဟင်၊ သွားလို့မရသေးဘူးလား"

ဟု လန့်ဖျန့်ကာ သူ့ကို ပြန်မေးမိ၏။

ကြောက်စိတ်က ရင်ထဲ တနေရာမှာ နိုဝင်လာ
ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်ကာ မျက်နှာကလေး ဖြူဖတ်
ရော် ဖြစ်သွားရပါသည်။





"ကျွန်တော်က သဘောပြောတာပါ ရွှေတန်ခူး စိတ်ပူ
သွားလား စိတ်မပူပါနဲ့ စိတ်အေးလက်အေး အိပ်လိုက်ပါ။
ဘားထွက်လို့ ရတာနဲ့ ကျွန်တော်မောင်းမှာပါ"

ရွှေတန်ခူးက အသံကလေး တိတ်ပြီး ငြိမ်သက်သွား
၏။ မနက်ကတည်းက မိုးရွာကတည်းက လှည့်ပြန်သွားရမှာ။
အခုတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

သူက ကုရှင်ကို မှီချပြီး မျက်လုံးမှိတ်ထားပေမယ့် ရွှေတန်ခူး၏ ပင့်သက်မျှင်မျှင်ရှိုက်သံကို ကြားနေရသည် ဟိုဘက်စောင်းလိုက် သည်ဘက်လှည့်လိုက် တလှုပ်လှုပ် ရွှေတန်ခူး လုံးဝ အိပ်မပျော်။

"ရွှေတန်ခူး"

"ဟင်"

သူက မျက်လုံးမဖွင့်ပဲ ခေါ်လိုက်၏။ သူ့ခေါ်သံ တိုးသက်သက်။ ရွှေတန်ခူးက တိုးတိုးကလေး ပြန်ထူး သူ့မျက်နှာကို ကြည့်မိ၏။





"အိပ်မပျော်ဘူးလား"

"အင်း"

သူ့မျက်နှာက တည်တန့်ပြီး ယောကျာ်းပီသခန့်ညား လွန်းလှ၏။ သူက မျက်လုံးမှိတ်ထားသော ရွှေတန်ခူးက ရဲရဲ တင်းတင်း ကြည့်နေမိသည်။

"ကျွန်တော့်ကို မယုံလို့လား"

"မဟုတ်ပါဘူး။ ကျွန်မအရမ်းကြောက်နေမိတယ်၊ အရမ်းလည်း မှောင်နေတယ်"

ကားထဲမှာ မီးကလေးရှိနေပေမယ့် ပတ်ဝန်းကျင် တစ်ခုလုံးက မဲမှောင်ကာနေ၏။

"မိုးက ပြန်များလာပြီ ဒီတစ်ခေါက် မိုးနည်းသွားရင် ဖြည်းဖြည်းမောင်းကြည့်တာပေါ့၊ ခဏအိပ်လိုက်ပါ။ အမှန်ဆို ဖုန်းက ဝင်ရမှာ မိုးတအားရွာလို့လား မသိဘူး... အိမ်ကို ဖုန်းဆက်လို့ရရင် လူကြီးတွေ စိတ်မပူဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဖေဖေနဲ့ မေမေ အရမ်းစိတ်ပူနေမှာ တန်ခူးကို လွှတ်ရမလားဆိုပြီး မေမေ ဖေဖေနဲ့ စကားများ လောက်ပြီ"

သူက တိုးဖွဖွ ရယ်သည်။

"အိပ်လိုက်ပါ၊ ကြောက်ရင် ကျွန်တော့်ပုခုံးပေါ် အိပ်လေ"

သူက ကြည်ဖြူစွာ ခွင့်ပေး၏။

ရွှေတန်ခူးက မရဲတရဲလေး သူ့ပုခုံးစွန်းကို မှီပြီ ကျုံ့ကျုံ့ကလေး ငြိမ်သက်ကာ မျက်စိမှိတ်ထားမိ၏။

ခုနတုန်းကလောက် ကြောက်စိတ်တွေ မကြီးစိုးတော ပဲ လူက နွေးထွေးလုံခြုံသွားသလိုပါ။

"ဘာမှ မကြောက်ပါနဲ့၊ လမ်းပေါ်မှာ ကားတ လည်းရှိနေတာပဲ၊ ဒါက သဘာဝကြောင့် ဖြစ်ရတာပဲ၊ ကို က ဖန်တည်းတာမှ မဟုတ်ပဲ၊ မိုးတိတ်သွားမှာပါ။ စိတ် ရှည်နဲ့ စောင့်ရအောင်"





"မုန်တိုင်းရှိလားဟင်"

"ရှိတာပေါ့ မုန်တိုင်းအရှိန်ကြောင့် ဒီလောက် မိုးသည်းနေတာပါ။ တန်ခူး မသိဖူးလား"

"ဟင့်အင်း"

"နောက်ဆို တစ်ယောက်တည်း ဟိုဟိုဒီဒီ သွားမယ် ဆို မိုးလေဝသလေး ဘာလေး နားစွင့်ဦး"

ရွှေတန်ခူးပေါ့ဆမိတာကို သူက သတိပေး၏။

"ဒီခရီးက မိုးဒီလောက် မပြင်းထန်ရင် နီးနီးကလေး ပါ ၊ မိုးသည်းနေလို့ ခက်တာ"

သူက သတိပေးပေမယ့်၊ အပြစ်တော့ မတင်ရက်ပုံ။

"အိပ်လေ ကျွန်တော် စကားပြောနေရင် ရွှေတန်ခူး အိပ်ပျော်မှာ မဟုတ်ဘူး"

"ရပါတယ် စကားပြောနေတာ ပိုပြီး စိတ်သက်သာ တယ် အိပ်လို့မှမရတာ"

ကြည့်တော့သာ သတ္တိရှိသလိုလို ဘာလိုလို ဟန်ဖန်

www.burmeseclassic.com



အပြည့်၊ တကယ်တန်းကျတော့ ရွှေတန်ခူးက ကြောက်တင်
သည်။ အားငယ်တတ်သည်။

ကျွန်တော်ကတော့ သည့်နေရာလေးမှာပဲ တစ်သ
လုံး နေသွားရမယ်ဆိုလည်း ကျေနပ်မယ့် ကောင်ပါ။

အဲဒီ့လောက်အထိ ....

အဲဒီ့လောက်ကြီးအထိ ... ဖြစ်နေပါပြီဗျာ။

ကယ်တင်လို့ မရနိုင်လောက်တော့ဘူး။

ရွှေတန်ခူး သိရဲ့လား။



မိုးတိတ်သွားပြီး ကားပြန်ထွက်လို့ရတော့ သူတို့နှစ်ဦး
လုံး ပျော်သွား၏။

သူ့အတွက်က ဒုတိယပါ။

ရွှေတန်ခူးကို အမြန်အိမ်ပို့ပေးပြီး စိတ်ချမ်းသာမှု ရစေ
င်တာက ပထမ။ ရွှေတန်ခူးက ကလေးငယ်တစ်ဦးလိုပင်
ားကနဲ အော်၏။ သူကလည်း ပြုံးမိသည်။

သည့်နေ့ သည့်နေရာ သည့်အချိန်ကလေးမှာပဲ ရပ်
ပြီး ဘဝကို တစ်ဆစ်ချိုးဖို့ဆိုတာ သူက ယောက်ျားလေး
ဖြတ်သားမိုက်မဲစွာ ဆုံးဖြတ်နိုင်တယ်ပဲထား... ရွှေတန်ခူး



www.burmeseclassic.com

www.burmeseclassic.com



က မိန်းကလေးပါ ပြီးတော့ ဟင်းရွက် ကန်စွန်းရွက်မဟုတ် ပစ်စလက်ခတ် လုပ်လို့ရမှာတဲ့လား။

"ကျွန်တော်က ဒီမှာပဲ တစ်သက်လုံးနေသွားရလည်း ကိစ္စမရှိဘူး"

သူက ရှေ့တည့်တည့်ကြည့်ပြီး ကားမောင်းနေ တခွန်းချင်း ဆိုလာသောအခါ ရွှေတန်ခူးက ကိုယ်လေးမ သွားပြီး ကြားလိုက်ရသလို မယုံသလိုလေး ကြည့်လာ

သူက ဘာမှ ထပ်မပြောပဲ တိတ်ဆိတ်နေ၏။

ရွှေတန်ခူးက မျက်ခုံးကလေးရှုံ့ကာ တွေးမရပုံ သူ့ကို စူးစူးစမ်းစမ်းကြည့်နေပြီးမှ ကားကူရှင်ကို ပြန်မှီချ စကားမဆို။

ကားလေးက တရိပ်ရိပ်ပြေးနေပေမယ့် နှစ်ယော စလုံး စကားမဆိုဖြစ်ကြတော့ပါ။ သူက သူ့ဆန္ဒကို သွင်းသွ ရှင်းရှင်းဝန်ခံလိုက်တာပါ။ ပြောလိုက်ရတော့ ပေါ့သွားသည် ရင်ထဲ မွန်းကြပ်တင်းခဲ မနေတော့ပါ။

ဉာဏ်ဝင်းစာပေ



ဖွင့်ဟခွင့်ကလေးတော့ ပေးပါ ရွှေတန်ခူးရယ်၊ တခြား အခွင့်အရေး ဘာမှ မယူရက်ပါဘူး။

ရင်ထဲရှိရှိသမျှ ပြောပြခွင့်ကလေးတော့ ရချင်ပါတယ်။ အဲဒီလောက်ကလေးပါပဲ။

ရည်းစားဒတ်တုတ်ရှိနေတဲ့ သူ့ဘဝကိုလည်း သူ သိနေပါတယ်။ ဘာမှလည်း မတတ်နိုင်ပါဘူး။

မဖြစ်နိုင်ဘူး ထင်ပါရဲ့။

သူနဲ့ ရွှေတန်ခူး ဆုံကြလိမ့်မယ် မထင်ပါဘူး။

ပိုင်ပိုင် မဆွတ်ရဲပါဘူး။

ဝံ့သတ္တာကို သူထည့်တွက်ရဦးမည်။

သို့ပေမယ့် သူ စစ်စစ်မှန်မှန် ချစ်နေတာကလေးကိုပဲ ရွှေတန်ခူးသိရင် ကျေနပ်ရမှာပါ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

မနက်စောစော ဘဲလ်သံကြောင့် သူ ဆတ်ကနဲ နိုး
သွား၏။

သူ တမှေးအိပ်ပျော်သွားတာပါ။ အိမ်ပြန်ရောက်တော့
ကော်ဖီတစ်ခွက် ဖျော်သောက်ပြီး စောင်ခြုံကွေးလိုက်တာ
ဘယ်လို မိုးလင်းသွားမှန်းပင်မသိ။

အောင်ဆုရက တံခါးထဖွင့်ပြီး သူ့ဆီလှမ်းလာသော
မွှေးရနံ့ကလေးကြောင့် အိပ်ချင်စိတ်ပြယ်ကာ မျက်လုံး ကျယ်
သွား၏။

"သစ္စာ"





တိုးတိမ်စွာခေါ်မိ၏။ မြင်ရတာကို မယုံ၊ ဒါ အိပ်မက်
များ မက်နေသလား၊ ဖုန်းမဆက် ဘာမဆက် ပြုံးစားကြီး
သူ့ရှေ့ရောက်လာတော့ စကားပင်ချက်ချင်း မဆိုနိုင်။
င်သက်အံ့ဩနေမိသည်။

"မောင် ဘာကြည့်နေတာလဲ"

ဝံ့သစ္စာက စိုက်ကြည့်နေသော သူ့ကို မေးလာ၏။

"သစ္စာကို အထဲ မခေါ်ဘူးလား"

"လာလေ"

ဝံ့သစ္စာက စီးထားသော ကြိုးသိုင်းဖိနပ်ချွန်ချွန်
ကလေးကို ချွတ်ပြီး သူ့ရှေ့မှာ ရပ်လိုက်၏။

"ညတုန်းက ဖုန်းခေါ်သေးတယ် မောင် ဘယ်သွား
နေတာလဲဟင်"

"ရှိပါတယ်"

သူညာလိုက်၏။ တခါမှ မညာဖူးတော့ မလုံ။ သူ့
က်နှာက ပျက်ချင်ချင်။



www.burmeseclassic.com

www.burmeseclassic.com



“ဖုန်းမကိုင်ပါဘူး”

“သူငယ်ချင်းတစ်ယောက်နဲ့ လက်ဘက်ရည်ဆိုင်
ထိုင်နေလို့ပါ၊ အဲဒါကြောင့် ဖြစ်မယ်”

ဝံ့သစ္စာက မျက်လုံးကလေးထောင့်ကပ်ပြီး သူ့ကို
မသင်္ကာ လှသလို ကြည့်၏။

“မနေ့က မတွေ့ရလို့ သစ္စာကို စိတ်ခုပြီး ဖုန်းမကိုင်
တာလားလို့ စိုးရိမ်တာနဲ့ လိုက်လာတာ”

“မဟုတ်ပါဘူး”

“မောင် ဘာစားပြီးပြီလဲ”

“မစားရသေးဘူး”

“တစ်ခုခု သွားစားရအောင်နော်”

“အင်း . . . သစ္စာ ခဏစောင့်”

“အခုမှပဲ သူ့ဗိုက်က အလွန်တစ်ရာ ဆာလောင်နေ
ရောလားဆိုတာ သတိပြုမိ၏။

မနေ့ညနေကတည်းက ဘာမှ မစားရသေးပါ။





သူ့ ရေမိုးချိုးတာကို ဝံ့သစ္စာက ဧည့်ခန်းမှာ စိတ်ရှည်
က်ရှည် ထိုင်စောင့်ပေး၏။

မောင်ရယ်

သစ္စာကို သစ္စာ အခုမှပဲ သိတော့တယ်။

မောင့်ကို ဘယ်လောက်ထိချစ်သလဲဆိုတာ . . .

ဆုံးရှုံးသွားမှာ စိုးစိတ်က သူ့ကို နှိပ်စက်လွန်းလှပါ
သည်။ ညတုန်းကလည်း အိပ်မပျော်၊

အိပ်ပျော်သွားတော့လည်း မောင်က အိပ်မက်ထဲမှာ
သစ္စာကို ကျောခိုင်းထွက်ခွာသွားသည်။

သစ္စာကို မထားခဲ့ပါနဲ့ဟု တောင်းပန် ငိုရှိုက်လိုက်ရ
ာအမော။

အိပ်ရာက နိုးလာတော့ မျက်လုံးအိမ်မှာ မျက်ရည်တွေ
ွတ်ကာနေ၏။

သစ္စာ တကယ် ငိုနေမိပါလား။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထက်မှာ ငြိမ်သက်စွာထိုင်ပြီး အကြာ
စဉ်းစားနေမိ၏။

မောင်နှင့် ရွှေတန်ခူးကြားက သံယောဇဉ်ကို ဘယ်
ဖြတ်တောက်ပစ်ရမလဲ။

သည်တစ်ခါ အလုပ်ထပ်ရွှေ့နိုင်းလျှင် မောင် သ
ကို စိတ်ဆိုးဒေါသဖြစ်တော့မှာ။

တစ်ရက် တမနက် မပြောနှင့်မောင်။

တစ်မိနစ် တစ်နာရီပင် ရွှေတန်ခူး အနားမှာ မော
ကို ရှိမနေစေချင်တော့ပါ။

သဝန်တို ပူလောင်မှုက ရင်ထဲမှာ ပရမ်းပတာ။

သူတို့နှစ်ဦးကို တိကနဲ ပြတ်သွားအောင် သ
ဘာလုပ်ရမလဲ ဘာလုပ်သင့်လဲ။

မောင့်ကို သွားတွေ့ပြီး အစ်မေးကြည့်ရမည်။ မော
ဘယ်လောက်ထိ လိမ်ညာလှည့်ပတ်ကွေ့ရှောင်မလဲဆိုတာ





မောင့်ကို အကဲခတ်ပြီးမှ ဘာဆက်လုပ်ရမလဲ
ဆုံးဖြတ်ရမှ . . .

သေချာတာတစ်ခုက မောင်ဟာ သစ္စာချစ်သူလို့
ရွှေတန်ခူး သိသွားလျှင် အားလုံးပြီးဆုံးသွားမှာပါ။

မောင့်ဆီ သွားတွေ့ဖို့ သစ္စာဆုံးဖြတ်ပြီး ရောက်လာ
တာပါ။

မရိုးမသားဆို မောင့်ဘက်က ဖွင့်လင်းရဲမှာမဟုတ်။
ရွှေတန်ခူးနှင့် အတူတူ ပဲခူးထိလိုက်သွားခဲ့တာ ဖွင့်ဟပြောပြ
မှာမဟုတ်။ လျှို့ဝှက်ဖုန်းကွယ်ထားမှာ ကျိန်းသေ။

သစ္စာအလိုလို သိနေမိပြီ။

တစ်စုံတစ်ရာက သစ္စာကို လှုံ့ဆော်သတိပေးနေ
သလိုပင် စိတ်တွေ မအေးနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

အောင်ဆုရက ထူးဆန်းလွန်းလှသော သူ့စိတ်

အပြောင်းအလဲကို ဆန်းစစ်ကြည့်မိကာ တုန်လှုပ်မိတာအမှ

ခါတိုင်းလို ပျော်ရွှင်မြူးပျမနေပဲ ပကတိကန်ရှေး

လို ငြိမ်သက်နေတာ ခံစားမှု။

ပြီးတော့ ဝံ့သစ္စာအပေါ် သူငယ်ချင်းတစ်ယောက်

သာ အောင်းမေ့မိသော ခံစားမှု။

ခွဲခွာခဲ့တာ ဘယ်နှစ်နာရီမှ မရှိသေးပေမယ့် ရွှေတ

မျက်နှာကလေးကိုသာ မြင်ယောင်တမ်းတင့်မှတ်မိသောခံ

မှု။





"မောင်"

ဝံ့သစ္စာက သူ့လက်မောင်းကို ဖမ်းဆွဲပြီး

"ကားလာနေတယ်လေ၊ မတွေ့ဘူးလား"

ဟု သတိပေးရသည်အထိ စိတ်နှင့်ကိုယ်မကပ်သော ထုံပေပေ ခံစားမှု။

"သစ္စာရောက်လာလို့ မောင်အိပ်ရေးမဝပဲ အိပ်ရာထလိုက်ရတာမဟုတ်လား"

သစ္စာက မေးပြီး ရယ်၏။

"မနေ့က မောင်အိမ်မှာပဲလား ဘယ်သွားဖြစ်သေးလဲဟင်"

အောင်ဆုရက ပြန်မဖြေပဲ နှုတ်ဆိတ်နေမိ၏။ စောစောစီးစီး လိမ်ညာဖြေရမှာ ဝန်လေးပါသည်။ သစ္စာက သဘောရိုးနှင့် မေးပေမယ့် သူ့ဘက်က လိပ်ပြာမလုံ။

"မောင်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သစ္စာတို့ လက်ထပ်ကြရအောင်"

"ဘယ်လို"

သူ ကိုယ်ကြီးမတ်ကာ လန့်ဖျန့်သွားမိ၏။

ချစ်သူသက်တမ်းတစ်လျှောက်လုံးမှာ ဘာမဆို သစ္စာသဘောတိုင်းဖြစ်ခဲ့တာချည်းမို့ လက်ထပ်ကြဖို့ကိုလည်း သစ္စာဘက်က ဆုံးဖြတ်လာမည့်နေ့ရက်ကို စောင့်နေခဲ့ရတာပါ။

သို့ပေမယ့် . . .

အခုချိန်မှာ သူ သစ္စာကို လက်မထပ်ချင်။ ပြန်စဉ်းစားရတော့မည်။ တစ်သက်တာကိစ္စမို့ ပြီးစလွယ် ဆုံးဖြတ်ချက်ချလို့မရ။

သူ့ရင်ခုန်သံပြင်းပြင်းက မျှော်လင့်ချက်ကြီးမားစွာ ရွှေတန်ခူးစီ ရောက်နေခဲ့ပြီ။

သူ့မျက်နှာပျက်နေတာကို သစ္စာသတိထားမိမှာ စိုးစွာ ချက်ချင်း ဟန်ဆောင်ပြုံးမိ၏။

"သစ္စာ ဘာစားချင်လဲ၊ ဘယ်ဆိုင်သွားကြမလဲ"





သိသိသာသာ စကားလမ်းကြောင်းလွှဲကာ သူ ရုန်းထွက်ရတာ သစ္စာကို အားနာသည်။ သနားသည်။ သူ့ကိုသူလည်း အပြစ်ရှိသူလို ခံစားရပါသည်။

သစ္စာက တစ်မျိုးကလေးဖြစ်သွားပြီး တိတ်ဆိတ်သွား၏။ ခွင့်လွှတ်ပါ သစ္စာ။ သူစိတ်ထဲက တောင်းပန်မိ၏။ သူ့ဘက်က အဆင်သင့် မဖြစ်သေးပါ။ တစ်ယောက်နှင့်တစ်ယောက် စကားမဆိုဘဲ ဆက်လျှောက်လာမိ၏။

မောင်ရယ်

သစ္စာ ဝမ်းနည်းအားငယ်လိုက်တာ။

မောင့်လက်မောင်းကို ပိုင်ပိုင်တွဲထားပေမယ့် မောင်နှင့် အဝေးကြီးဝေးသွားသလို ခံစားမိ၏။



www.burmeseclassic.com

www.burmeseclassic.com

ရွှေတန်ခူးက ကားမောင်းလာရင်း သီချင်းတိုး
ဖွင့်မိ၏။ ကားလေးထဲ ထိုင်မိတော့ ရုတ်တရက် သူ့ကို သ
မိ၏။ ရင်ထဲမှာ နွေးတေးတေးနှင့် ကြည်နူးသော ခံစာ
ကလေး ဖြစ်ထွန်းလာ၏။

နှင်းဆီပန်းတွေ၏ အဓိပ္ပါယ်က ဘာလဲ။

ကျွန်တော်ကတော့ တစ်သက်လုံး ဒီမှာပဲ ဒီအတိုင်
နေသွားရလည်း ကိစ္စမရှိပါဘူးဆိုတဲ့ စကားကရော ထပ်
ဘာမှ မေးစရာမလိုအောင် ပြည့်စုံနေပါပြီ။ ရည်းစားစကာ
ကို သွယ်ဝိုက်ပြောသွားတာ မဟုတ်လား။

ဉာဏ်ဝင်းစာပေ



သူ့ကို ရွှေတန်ခူး နှစ်သက်နေမိပြီလား။

ရင်ထဲမှာ သူက ဘယ်အတိုင်းအတာအထိ နေရာ
ယူထားပြီလဲ မသိ။

မနက်စောစော အိပ်ရာထပြီး အလုပ်သွားဖို့ ပြင်ဆင်
မိတာ မညာစတမ်း ဝန်ခံရလျှင် သူ့ကို မြင်ချင်လို့ပါ တွေ့
ချင်လို့ပါ။ 'နေ့လည်လောက်မှ လာမယ် သီရိရယ်' ဆိုလည်း
ရသားနှင့်။

ရွှေတန်ခူးက ရှက်ရိပ်သန်းသော အပြုံးနှင့် တစ်
ယောက်တည်း ရင်ခုန်မြန်ရင်း ကားမောင်းနေမိသည်။

❦ ❦ ❦

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

ကားကလေးရပ်တာနှင့် ကားဘေးရောက်လာပြီး ကားတံခါးဖွင့်ပေးပေးတာက အောင်ဆုရ။

သူလည်း ရွှေတန်ခူးလိုပါပဲလား မြင်ချင်လွန်း၍ တမင် ရပ်စောင့်နေပုံရသည်။

''ရောက်နေတာ ကြာပြီလား''

''အင်း''

တစ်ယောက်ကို တစ်ယောက် မက်မောနှစ်သက်စွာ ကြည့်မိကြ၏။

မျက်လုံးချင်းဆုံချိန်က နည်းနည်းကြာသွားသည်။

ဉာဏ်ဝင်းစာပေ



နှစ်ယောက်စလုံး မထိန်းနိုင်။

ဟန်ဆောင်ထိန်းထားရတာ ပင်ပန်းနေပါပြီ။

ရင်ထဲ မောနေပါပြီ။

နှလုံးသားချင်း နှစ်ဝင်သာယာနားလည်မိပြီပဲ။

မျက်လုံးတွေက နှလုံးသား၏ ဆန္ဒကို ဖော်ပြနေကြပြီ၊ ဘယ်နှစ်ရက် ဘယ်နှစ်လ ဟန်ဆောင်နေထိုင်သွားကြမှာလဲ။

ရွှေတန်ခူးက ပင့်သက်ကလေးရှိုက်၏။

သူက ယောကျ်ားလေးပဲ ရဲရဲဝံ့ဝံ့ ရှေ့တိုးသင့်တာ သူပဲ။

မျက်လွှာကလေး ချမိလျက် ရင်ထဲဘဝင် မကျချင်။

သူ့ကို ထားခဲ့ပြီး ရှေ့က ထွက်လာခဲ့၏။

သူက ကားတံခါးပိတ်ပြီး နောက်က ပါလာသည်။

''အံမယ့်''

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



လေဒီရှူး ထိပ်ချွန်ကလေးနှင့် ခဲလုံးသေးသေးလေးကို မိမိရရ ခလုတ်တိုက်မိတော့ ဟပ်ထိုးလဲမတတ် ဖြစ်ရသည်။

အောင်ဆုရက သူမကိုယ်လေးကို ထိန်းကာ သတိပေး စကားဆို၏။

''ခလုတ်တိုက်လဲမယ် ဖြည်းဖြည်း'' တဲ့။

သူ့ ရင်ခွင်ကျယ်ထဲ ထိကပ်နေသော ကိုယ့် ကျောပြင်ကလေးကြောင့် ပရမ်းပတာ ရင်ခုန်မိရင်း ချက်ချင်းပဲ ဖယ်ခွာရန်းထွက်ဖို့ ပြင်ပေမယ့် ကိုယ့်ကို ရစ်သိုင်းဖက်လာသော တင်းတင်းကြပ်ကြပ် သန်သန်မာမာ သူ့လက်များကြောင့် မျက်လုံးကလေး ပြူးသွားရ၏။

''ရွှေတန်ခူးကို ကျွန်တော်ချစ်တယ်''

သူက နားနားတိုးကပ်လာကာ လေသံသဲ့သဲ့နှင့် ဆို၏။





''ဟင့်အင်း''

သူမ မျက်နှာလေး ရှက်စိတ်ကြောင့် ရဲတွက်ကြီး အနေခက်ကာ တစ်ကိုယ်လုံးလည်း ထူပူသွားရသည်။

''ဖယ်ပါ သူများတွေ မြင်ကုန်မယ်''

''မြင်ပါစေကွာ၊ ဘာဖြစ်လဲ''

''တန်ခူး ရှက်တယ်''

သူ့လက်တွေကို ဖယ်ချရင်း ငြင်းပေမယ့် အရာမရောက်။

''ကြာရင် ကျွန်တော် ဒုက္ခရောက်လိမ့်မယ် တန်ခူးရယ်၊ လုံးဝ မထိန်းထားနိုင်တော့ဘူး နားလည်ပေးပါ''

''အင်းပါ အရင်လွှတ်လေ''

''ပြီးရော''

သူက ရွှေတန်ခူးကို ဖြေလွှတ်ပြီး လက်ဖျားကလေးဆွဲကာ တိုက်နံရံဘေးဆီ ပြေးကပ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အို"

ရွှေတန်ခူးကိုယ်လေးကို သိမ်းကျုံးဖက်ကာ မျက်နှ ကလေးပေါ် အနမ်းမိုး ရွာလိုက်၏။

ရင်ထဲမှာ တဒိတ်ဒိတ်ခုန်ကာ ရွှေတန်ခူး သူ့ကို ပြ ဖက်ထားမိသည် ထင်ပါရဲ့။

ခဏကြာမှ သတိဝင်ကာ သူ့ကို တွန်းဖယ်မိ၏။

"ဖယ်. . . သူများတွေ မြင်ကုန်လိမ့်မယ်"

"ဒီမှာ ဘယ်သူမှ မမြင်ဘူး စိတ်ချ"

သူက ရွှေတန်ခူးကို လွှတ်ချင်ပုံမရ။

"ခဲလုံးကလေးကို ကျေးဇူးတင်ရမယ်၊ သူ့ကြောင့် ကျွန်တော်တို့ ပွင့်လင်းသွားတာ"

ချိုမြိန်လိုက်လှဲသော သူ့စကားအဆုံးမှာ နှစ်ဦးသာ ရယ်မောမိ၏။

အချစ်သည် နှလုံးသားကို နူးညံ့ပျော့ပျောင်းစေ ပါသည်။

ဉာဏ်ဝင်းစာပေ



သူ့ရင်ခွင်ထဲ တိုးဝင်ကာ ရွှေတန်ခူးတခစ်ခစ် ရယ်နေမိ၏။ သူနှင့် ချစ်သူဖြစ်ရတာ အရမ်းပျော်သည်။

ရွှေတန်ခူးက တစ်ခါမှ ချစ်ဖူးတာ မဟုတ်။ နှလုံးသား အသစ်စက်စက်နှင့် ခုမှ ချစ်တတ်တာပါ။

သူ့အပေါ် ယုံကြည်အားကိုးစိတ်က ရာနှုန်းပြည့်။

မြတ်နိုးတွယ်တာစိတ်က ရာနှုန်းပြည့်၊ တစ်စက်ကလေးမှ မလျော့။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

ပြုံးစိစိ မျက်နှာကလေးနှင့် အပျော်လွန်နေသော ရွှေတန်ခူးကို သီရိက သိပ်မသင်္ကာ။

"ဟဲ့ . . . ဘာဖြစ်နေတာလဲဆို"

"တစ်ခုခု ဖြစ်နေတာပေါ့"

"ဘာတစ်ခုခုလဲ"

"သိချင်လား"

"သိချင်လို့ မေးနေတာပေါ့"

"သိချင်ရင် ပြောပြမယ်"

"ပြော"





"အခု မပြောသေးဘူး။ ညနေမှ"

"ဟင် . . . လုပ်ပြန်ပြီ"

သီရိက မျက်စောင်းရွယ်၏။

"ဟွန့် . . . စျေးကိုင်နေတယ်၊ တွေ့မယ်၊ တွေ့မယ်"

ရွှေတန်ခူးက နှုတ်ခမ်းလေး ကိုက်ကာ . . .

"အေးအေးဆေးဆေး ပြောမှ ကောင်းမှာပေါ့ဟယ်"

ဟု အမြင်ကပ်စရာ စိတ်ချဉ်ပေါက်စရာ ပုံစံကလေးနှင့်ဆို၏။

"အမယ်လေး ငါသိပါတယ်နော်"

"ဟယ် . . . ဘာသိတာလဲ"

မျက်လုံးကလေးဝိုင်းလျက် လန့်ဖျန့်သွား၏။

"မပြောပါဘူး"

"လာ 'အစ်' နေသေးတယ်၊ မရဘူး၊ သိဖြင့် မသိဘဲနဲ့"

သီရိမျက်နှာရှေ့မှာ ကရော်ကရော် ဟု လက်ညှိုး



www.burmeseclassic.com

www.burmeseclassic.com



ကလေး ကွေးချည်ဆန့်ချည် သွားလုပ်တော့ သီရိက ...

ကိုက်ပစ်၏။

"အား . . . နာလိုက်တာ"

"မုန်းစရာကောင်းလွန်းတယ်"

ထိုအချိန်ကလေးမှာပဲ ဝံ့သစ္စာဆီက ဖုန်းဝင်လာခဲ့...

"သီရိလား"

"အေး . . . ဟုတ်တယ်"

"တန်ခူးရော"

"ရှိပါ့"

"ဒါဆို ကောင်းတာပေါ့၊ ဒီညနေစာ ငါကျွေးမ...

ဝံ့သစ္စာစကားကြောင့် သီရိက ရွှေတန်ခူးကို ...

ပြောလိုက်၏။ ရွှေတန်ခူးက ခေါင်းညိတ်သည်။

သူငယ်ချင်းသုံးယောက် အေးအေးလူလူ စကားပြော...

ဖြစ်တာလည်း ကြာပါပြီ။

ဉာဏ်ဝင်းစာပေ



"ပြီးရောလေ၊ ဘယ်ဆိုင်လဲ"

အချိန်နှင့် နေရာကို သေချာချိန်းလိုက်၏။

"ဟဲ့ . . . မေ့မနေကြနဲ့ဦးနော်"

"မေ့မလား သစ္စာကလည်း"

"တန်ခူးကို သေချာပြောလိုက်ဦး"

"အေးပါဟယ် ငါတို့နှစ်ယောက် အတူတူ လာမှာပါ

...ပါ့မှာ မပူနဲ့ စိတ်ချ"

ဝံ့သစ္စာက ဖုန်းကလေးချပြီး လှပစွာ ပြုံးလိုက်၏၊

...အပြုံးမှ နက်ရှိုင်းသော အဓိပ္ပါယ်များစွာ ပါဝင်နေပါသည်၊

...ရွှေတန်ခူးကို ပေါ်ပေါ်ထင်ထင် ရင်ဆိုင်ရတော့မည်။

မောင်က ရွှေတန်ခူးနှင့်ပတ်သက်ပြီး အရာရာကို လျှို့...

...ထိန်းချုပ် ဖုံးကွယ်ထားတော့လည်း သစ္စာမှာ ရွေးစရာ

...တစ်လမ်းပဲ ရှိသည်။

မောင်ဟာ ဝံ့သစ္စာ၏ ချစ်သူပါဆိုတာကို ရွှေတန်ခူး...

... သီရိကို မိတ်ဆက်ပေးရတော့မည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မောင့်ခြေလှမ်းတွေ ရပ်တန့်းက ရပ်စေဖို့ပါ။

တစ်နေ့တစ်နေ့ သစ္စာ စိတ်မအေးနိုင်။

မောင်နှင့်တန်ရူး နီးစပ်သွားမှာ ရင်ထဲ ပူကာ ရတက်ပွေနေ၏။ အချိန်မီ တားမှ ဖြစ်မည်လေ။

❦ ❦ ❦

ဉာဏ်ဝင်းစာပေ

အောင်ဆုရက ဝံ့သစ္စာ၏ ဖုန်းကို နားထောင်ပြီး ဘာအခါ သက်ပြင်းမောအခါခါ ရှိုက်မိ၏။

သစ္စာကို ဘယ်လို ပြောရမလဲ။

ဘယ်ကစပြီး ဘယ်လို တောင်းပန်ရှင်းပြရမလဲ သစ္စာကို ခွင့်လွှတ်ပါ့မလား။ နားလည်ပါ့မလား။

ချစ်သူနှစ်ယောက်နှင့် သူ 'ဗျာ' မများချင်။

သူဟာ မျက်နှာများသူတစ်ယောက်မဟုတ်။ သူ့မှာ အတ်လမ်းမျှ ရှုတ်ရှုတ်ယှက်ယှက် မရှိ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ ရွှေတန်ခူးကို မြတ်နိုးတန်ဖိုးထားပြ
တကယ်ချစ်တာပါ။

နှလုံးသားက ခုခံနိုင်စွမ်း မရှိသောအချစ်စစ်တပ
မှာ ကျရှုံးပြီးနောက် သစ္စာအပေါ်လည်း သူမတရား မလ
ချင်။ နှစ်ယောက်စလုံးစီက အမုန်းကို သူမခံချင်။ အထူးသဖြ
ရွှေတန်ခူး နာကြည်းမျက်ရှသွားမှာ မလိုလားပါ။

ရွှေတန်ခူး၏ ဖြူစင်ရိုးသားသော အချစ်ကို
အရောင်မဆိုးချင်။ အဆိပ်မသင့်စေချင်ပါ။

ရွှေတန်ခူး မုန်းသွားလျှင် သူ သေလိမ့်မည်။ ကို
ကြောင့် သူကလေး ထိခိုက်နာကျင်ခံစားရမှာလည်း လုံ
မလိုလားပါ။ ဘာပဲဖြစ်ဖြစ် အနေးနှင့်အမြန် ဝှံသစ္စာကို အ
ပေးရမည်။

ရင်ထဲမှာ ဖွင့်ဟပြောပြဖို့ အကြိမ်ကြိမ် ကြိုးစားအာ
တင်းနေမိပေမယ့် သစ္စာနှင့် မျက်နှာချင်းဆိုင် ဆုံမိလျှင် နှု
က ပြောထွက်ပါ့မလား။

ဉာဏ်ဝင်းစာပေ



ယောက်ျားဖြစ်ပြီး လမ်းခွဲစကားကို သူ မပြောချင်။

ရွှေတန်ခူး . . . သူကြောင့် စိတ်မညစ်စေချင်။
မျက်နှာငယ် ရတာမျိုးလည်း မကြုံစေချင်။

သူ့အပေါ် အထင်လွဲပြီး စိတ်နာသွားမှာကိုတော့
အကြောက်တကာ့အကြောက်ဆုံးပါ။

ပြီးတော့ သူက ဘဝတစ်သက်တာအတွက် ရွယ်ရူး
ပြီး တန်ခူးကို ချစ်ခဲ့တာပါ။

သစ္စာရယ် . . .

ကျွန်တော် မှားသွားတယ်။ ကျွန်တော့်ကို နားလည်
ပေးပါ 'အချစ်' ၏ နက်ရှိုင်းမှုကို အခုမှ ကျွန်တော် သိလာ
ခဲ့လို့ပါ။ ပူလောင်ခြင်းကင်းစင်တဲ့ အချစ်တစ်ခု၊

အခုချိန်မှာ ရွှေတန်ခူးကို ဆုံးရှုံးသွားမလားပဲ စိုးရိမ်
ကြီးနေမိတယ်လေ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဝံ့သစ္စာ ဘေးမှာ ငြိမ်သက်စွာ ထိုင်ပြီး သူ့စကား မဆိုမိပါ။ သစ္စာက မီနူးကြည့်ပြီး စားချင်တာတွေ မှာနေ၏။ ခြောက်သွေ့တိတ်ဆိတ်မှုက သူတို့ကို အေးစက်စိမ်းကား စေသလိုပင်။

"မောင်"

"ဟင်"

"မှာလေ၊ ဘာစားမှာလဲ"

"သစ္စာမှာပါ"

"မှာပြီးပြီ၊ သစ္စာက စားချင်တာတွေ အားလုံး မှာလိုက်တာလေ၊ မောင့်အကြိုက် မောင်မှာဦး"





"ရပါတယ်၊ သစ္စာမှာထားတာပဲ အတူတူ စားမယ် အများကြီးပဲဆို"

"အင်း၊ ဘာလဲ မောင်က ပိုက်ဆံရှင်းရမှာ ကြောက်လို့လား၊ ကပ်စေးနဲပြန်ပြီ"

"မဟုတ်ပါဘူး"

အောင်ဆုရဲက ခေါင်းရမ်းပြီး သစ္စာကို တစ်ချက်လှည့်ကြည့်မိ၏။ ဘာမှမပြောင်းလဲ၊ သူ့ဘက်သာ အရင်လိုဟုတ်တော့တာ နှစ်ဝင်ကြည်နူးမှုတွေ လုံးဝ ပျောက်ဆုံးကုန်ပါပြီ။

"မောင်... အေးတိအေးစက်နဲ့ ဘာဖြစ်နေတာလဲ၊ တစ်မျိုးကြီးပဲ"

သစ္စာက ရူးရူးစမ်းစမ်းကလေး အကဲခတ်ကာ မေးလာ၏။

"မောင် ပြောစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



အခွင့်သာတုန်း ပြောထားမှပဲဟု သူ စိတ်တင်းလိုက်၏။

"ဘာများလဲ မောင် . . . ပြောလေ"

"စားရင်းသောက်ရင်း ပြောတာပေါ့"

"အင်း . . . ပြောစရာရှိတာများ ခွင့်တောင်းနေရသေးလား ပြောပေါ့၊ ချစ်သူချင်းပဲ"

တစိမ်းဆန်သော သူ့စကားကို ဝံ့သစ္စာက ရယ်လိုက်၏။ သည့်နေ့မှပဲ သူမ ပုံစံကလေးက ပိုပြီး ချိုမြိန် နူးညံ့ကာ မြူးသွက်ရွှင်ပျနေသလိုပင်၊ သူကပဲ ထင်မိတာလား သစ္စာ၏ ပျော်ရွှင်မှုကို သူမ ဖျက်ဆီးချင်ပါ။ အားလည်း နာမိပါသည်။

နောက်တစ်ရက်မှ ဖုန်းဆက်ပြီး ပြောလျှင် ကောင်းမလားဟု သူ တွေဝေလာမိ၏။

သူ့စကားတွေကို နားထောင်ပြီး သစ္စာက ရန်တွေ့





မှာလား ငိုမှာလား ဘယ်လို တုန့်ပြန်မလဲ မသိ။ သူ့ကို အထင်တသေး ဒေါသတကြီး ပေါက်ကွဲသွားမှာလား။ သူ လန့်လည်း လန့်နေမိတာ အမှန်။

"ဟော . . . လာပြီ"

ဝံ့သစ္စာက ဝမ်းသာအားရကလေး ထအော်တော့ သူ ဖျတ်ကနဲ လှမ်းကြည့်မိ၏။

ဟာ . . .

သူ့ရင်ထဲမှာ မီးတောင်တစ်ခု လျှင်မြန်စွာ ပေါက်ကွဲသွား၏။ သီရိနှင့် အတူတူ ယှဉ်လျှောက်လာနေသော ရွှေတန်ခူး။

ရွှေတန်ခူးကလည်း သူ့ကိုမြင်ပြီး ပြောလက်စ စကားရပ်ကာ စူးနက်သော မျက်လုံးများနှင့် စိုက်တန့် ကြည့်လိုက်၏။

သူနှင့် ရွှေတန်ခူး အကြည့်ချင်း ဆုံမိကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပဲ ရွှေတန်ခူးက ဟန်မပျက် အကြည့်ဖြ
လိုက်၏။

ရင်ထဲမှာ ပြောင်းဆန်သွားပေမယ့် လူက ဣန္ဒြေ
မပျက်ချင်။

ပြီးတော့ သူ့ကို ယုံကြည်ထားချင်သည်၊ ဘာပဲ ဖြစ်ဖြ
ရင်ထဲမှာ သွေးပျက်ထိတ်လန့်ခြောက်ခြားသွားသလို မဟုတ်
လောက်ပါဘူးဟု တွေးကာ ဖြေမိ၏။

"ထိုင်ကြလေဟယ်"

ဝံ့သစ္စာက ခုံကို လက်ညှိုးထိုးပြရင်း ဆို၏။

"ကြာလိုက်တာ ဘာမှာ မှာလဲ၊ မှာလေ"

သီရိက မီနူးကဒ်ကို ဆွဲယူကြည့်၏။

"ဟဲ့ . . . မိတ်ဆက်ပေးမယ်"

"သိပြီးသားပဲဟာ"

ဝံ့သစ္စာ စကားကို သီရိက ဖယ်ချ၏။





"မတူဖူးလေ၊ သိပြီးသားဆိုပေမယ့် အခုဟာက တစ်မျိုး၊ သစ္စာက ကြေညာမလို့"

သီရိက ရွှေတန်ခူးကို လှည့်ကြည့်၏။ ရွှေတန်ခူး မျက်နှာကလေးက ဖွေးဆုတ်ပြီး သွေးပင် မရှိတော့ဘဲ ဖြော့က် ဖြူရော်နှင့် နှုတ်ခမ်းတွေ ခြောက်သွေ့လာ၏။ တာပါ။

တကယ်ပဲ ရုတ်ကနဲ စိတ်ထဲ ထင်မိသလို ကိုယ့်
ပြီလား။

ဟင့်အင်း . . . မဟုတ်ပါဘူး။

မဟုတ်လောက်ပါဘူး။

ရင်ထဲက အားကိုးယုံကြည်နှစ်သက်မိသူက သည်
လောက် ရက်စက် ယုတ်မာသူ မဟုတ်လောက်ပါ။

"သူက သစ္စာ ချစ်သူလေ"

ဘုရား . . . ဘုရား။

ကြားလိုက်ရသော စကားက ပီပီသသ။ ဗလုံးဗထွေး
မဟုတ်။ သဲသဲကွဲကွဲ သေသေချာချာ။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲမှာ မိုက်ကနဲ ဖြစ်ကာ မျက်စိတွေပင် ပြ
ဝေသွား၏။ အသည်းထဲမှာ တလှပ်လှပ် အေးစိမ့်ကာ ဝမ်း
နည်းကြေကွဲမှုက ဆို့တက်လာ၏။

မ သည်နေရာမှာ ဟန်မပျက် ဆက်ထိုင်နေဖို့ မဖြ
။ မျက်ရည်ပေါက်ပေါက်ကျလာလျှင် ခက်ရချည်။

ချက်ချင်းပဲ ဆုံးဖြတ်ကာ မတ်တတ်ရပ်လိုက်၏။

နှလုံးသားက ခံနိုင်ရည်မရှိ။ အဲ့ဒီလောက် မရင့်ကျ
နိုင်။ ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ် ချစ်သူကို အ
အနေအထားနှင့် ဘယ်လိုများ ရင်ဆိုင်ရမလဲ။

ရွှေတန်ခူး ညံ့တယ်ပဲ ဆိုဆို၊ ဘယ်လိုမှ စွမ်း
မရှိ၊ သတ္တိမရှိ၊ ကိုယ်ဟာ ဖြူစင်ရိုးသားပွင့်လင်းသူပါ။

မာယာမပါသော အချစ်သက်သက်

ထိုအချစ်ကို စော်ကားလှည့်ဖျားခံရတာ
အောင့်နေအောင် နာသည်။





"မေမေ့ကို ဆေးခန်းပို့ပေးရမှာ မေ့နေလို့ ပြန်မှ
ဖြစ်မယ်၊ နောက်နေ့မှပဲ . . ."

"ဟယ် လုပ်ပြီ"

သီရိက မျက်စောင်းချိတ်၏။ ဝံ့သစ္စာက ပင့်သက်
ရှိုက်သည်။ ထွက်ပေါက်က သည်တစ်နည်းပဲ ရှိတော့တာပါ။
ရွှေတန်ခူးကိုတော့ သနားမိသလိုပင်။ အခုချိန်မှာ ကိုယ့်
ကိုယ်ကို ပိုသနားရတော့သည်။ ရွှေတန်ခူးက အောင်နိုင်သူ
ပါ။ သစ္စာက ရှုံးနိမ့်နေသူပါ။

မောင်က ရွှေတန်ခူးဘက်ကို သိသိသာသာ ချက်ချင်း
ပြောင်းပါသွားတာ၊ သစ္စာက မနည်းဆွဲထားရမည့် အခြေအနေ။
မောင့်ကို ဆုံးရှုံးလို့ မဖြစ်။

အသဲကွဲ မခံနိုင်ပါ။ မောင့်ကို ပိုင်ဆိုင်ချင်ပါသည်။
ရွှေတန်ခူး ထွက်သွားတာကို မောင်က ငေးကြည့်နေပြီးမှ
န်းကနဲ ထရပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"တန်ခူး"

မောင့်ခေါ်သံက ဟိန်းထွက်လာ၏။

ထိုခေါ်သံက အရမ်းလေးနက်သည်။ သစ္စာကိုရော တခြားဘာကိုမှ ဂရုမစိုက်နိုင်လောက်အောင် မောင်က တန်ခူး ဆို တန်ခူး တစ်ယောက်တည်းကိုပဲ မြင်တော့ပုံ။

သီရိက နှုတ်ခမ်းကလေး ဟလျက်သားနှင့် ဟိုကြည့် သည်ကြည့် ဘာကို နားလည်ရမှန်းမသိ ဖြစ်နေ၏။

"မောင် ဘယ်လဲ"

သစ္စာမေးတာကို မဖြေဘဲ မောင်က ပြေးထွ သွား၏။ တန်ခူးက သူခေါ်တာ ကြားပေမယ့် လုံးဝ လှည့် မကြည့်တော့ပါ။

သည်လိုတော့ ထွက်သွားခွင့် မပြုနိုင်။

သူ့အသည်းနှလုံးတွေ နာကျင်လွန်းလို့ ကြေမွ လိမ့်မည်။ သူက ဟန်ဆောင်လိမ်ညာခဲ့တာ မဟု





ထင်လွဲမခံနိုင်ပါ။ တန်ခူးမုန်းလျှင် သူ့အသက် မရှင်ချင်။ င်ထဲမှာ မွန်းကြပ် မောပန်းစွာ သူ တန်ခူးနောက် လိုက်လာ ခဲ့၏။

"တန်ခူး ရွှေတန်ခူး"

ကားတံခါးဖွင့်နေသော တန်ခူးက သူ့ဘက်ကို ငဲ့ ကြည့်ပါ။ သူ တန်ခူးဘေးကို မြန်းကနဲ ရောက်သွားပြီး က်မောင်းကလေးကို ဖမ်းဆွဲလှည့်လိုက်၏။

"ဟာ"

ရွှေတန်ခူး ပါးပြင်ပေါ် မျက်ရည်တွေ စီးကျနေပါ သလား။ သူ... သူ ဘာလုပ်ပေးရမှန်း မသိ။

"တန်ခူး ငိုနေတယ်"

တုန်ယှပ်စွာ ရေရွတ်မိ၏။

"မတန်ပါဘူး မငိုပါနဲ့ တန်ခူးရယ်၊ ဒီမျက်ရည်တွေ ျွန်တော်နဲ့ မတန်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ဖယ်၊ ရှင် အခုလွှတ်၊ ရှင် ဒီလို သစ္စာနဲ့ ပူးပေါင်း ပြီး ကျွန်မအချစ်ကို ညာယူမယ် မထင်ခဲ့ဖူး''

ငိုရှိုက်သံနှင့် တန်ခူးက ဆိုလာ၏။

''မဟုတ်ပါဘူး လုံးဝ မဟုတ်ပါဘူး တန်ခူး၊ အထ မလွဲပါနဲ့၊ ကျွန်တော် ရှင်းပြပါရစေ''

''ရှင်တို့ ယုတ်မာတယ်၊ ရှင် မတရားဘူး''

ရွှေတန်ခူးက သူ့လက်ကို ဖယ်ချပြီး ခပ်စိမ်းစိမ်း ကြ လာ၏။ ထိုအကြည့်က သူ့ကို ဆတ်ဆတ်ခါနာစေပါသည် သည်လိုတော့ မကြည့်ပါနဲ့ တန်ခူးရယ်။

သူ့ကို ဘယ်လိုများ ထင်သွားပြီလဲ မှတ်ချက်ချ ပြီလဲ၊ ရှုံ့မှုန်း နာကြည်းအထင်သေးသော အကြည့် ခြင်းလည်းပါသည်။

''ကျွန်တော် တောင်းပန်ပါတယ်၊ ခဏနားထော ပါဦး တန်ခူးရယ်၊ ကျွန်တော် တန်ခူးကို...''

''တော်ပါတော့ရှင်''





ချာကနဲ မျက်နှာလွှဲပစ်ပြီး သူ့ကို စကားဆုံးအောင် ပြောခွင့်မပြု။

''နှစ်ခါအညာမခံနိုင်ဘူး။ နှစ်ခါအစော်ကား မခံနိုင် ဘူး။ သစ္စာက ကျွန်မကို အနိုင်ပိုင်းသွားတာ၊ ဒါပေမယ့် ရှင် ရှင်... ဒီလိုလူစားလို့ ကျွန်မ မထင်ခဲ့ဖူး''

ရွှေတန်ခူးက ကားထဲဝင်ထိုင်ပြီး ကားတံခါးကို ဂျိန်း ကနဲ ပိတ်လိုက်၏။

''တန်ခူး နေပါဦး၊ ဒီလိုစိတ်လှုပ်ရှားနေတုန်း ကား မောင်းပါနဲ့ ခဏနေပါဦး''

သူ ဘယ်လိုပဲ တားတား အလကားပါ။ ရွှေတန်ခူး ကားကို ဝူးကနဲ မောင်းထွက်သွား၏။

အောင်ဆုရ ခေါင်းငိုက်စိုက်နှင့် ကျန်ရစ်၏။ သူ့ကိုသူ မလွှတ်ချင်၊ သူ အရမ်းမှားသွားပြီ။ ဝို့သစ္စာနှင့် ပြတ်ပြတ် သားသား လမ်းခွဲပြီးမှ ရွှေတန်ခူးကို ချစ်သင့်တာ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မကောင်းတာပါ တန်ခူးရယ်

ကိုယ်လွန်တာပါ။ မင်းနှလုံးသားကို ဒဏ်ရာရစေ

ကိုယ်လုပ်မိပါပြီ။ မင်းကိုယ့်ကို ခွင့်မလွှတ်ပါနဲ့။

သူနေရာမရွှေ့ ရပ်နေမိ၏။ ဝံ့သစ္စာရှိရာ ဆိုင်က ထဲကို ပြန်ဝင်သွားပြီး အဖြစ်မှန်ကို ရှင်းပြလို့လည်း မ မသိရှိ ရှိနေသည်။ ပြီးတော့ ရွှေတန်ခူး စွပ်စွဲသွားသော စကားများ တမင်ကြံစည် အနိုင်ပိုင်းတာက ဝံ့သစ္စာတဲ့

ထိုစကားကိုသူ လုံးဝ နားမလည်။ ဘာသဘော ဘာအဓိပ္ပါယ်လဲ။ ဘယ်သူ့ကို မေးကြည့်ရမလဲ။

သစ္စာနှင့် ရွှေတန်ခူး ကြားက လျှို့ဝှက်ချက် သိရမှ ဖြစ်မည်။ သူ . . . ရွှေတန်ခူးကို ရိုးသားမြတ် ချစ်ခဲ့တာပါ။ ထိုအချစ်က ဘယ်သူနှင့်မှ မဆိုင်။



ဝံ့သစ္စာက ပင့်သက်အခါခါ ရှိုက်ပြီး ငြိမ်သက် တိတ်ဆိတ်နေသောအခါ သီရိလည်း စကားမဟရဲပဲ ထိုင်စောင့်ပေးနေမိ၏။

အလိုလိုနေရင်း သိနေတာက ရွှေတန်ခူးနှင့် ဝံ့သစ္စာ တစ်ခုခု ဖြစ်ကြပြီဆိုတာပဲ။

ကိုဆုရက တန်ခူးဘက် ပါသွားခဲ့တာ မျက်မြင်။

"သစ္စာ"

သီရိက ခပ်တိုးတိုးခေါ်တော့ သစ္စာက လက်ကာပြ၏။ ပြီးမှ ဆံပင်တွေ တစ်ချက်ခါကာ . . .



www.burmeseclassic.com

www.burmeseclassic.com



''ငါ ရှုံးသွားပြီ ထင်တယ်'' ဟု သွေးပျက်စွာ ဖွင့်ဟလာ၏။

''သူတို့ တကယ် ချစ်သွားကြပြီ''

''သစ္စာရယ် နင် ဘာလို့ အဲ့ဒီလောက် မိုက်မဲရူးသွပ်ရတာလဲ၊ ချစ်သူကိုရင်းပြီး စမ်းသပ်အနိုင်လိုချင်ရသလား အခုတော့ ရှုတ်ကုန်ပြီ၊ ငါတို့ သူငယ်ချင်းသုံးယောက် စိတ်ဝမ်းကွဲတော့မယ်''

ပူပန်စွာ အပြစ်တင်မိ၏။

''သူပဲ အပြောကြီးခဲ့တာ၊ နီးစပ်တာနဲ့ မချစ်နိုင်ဖူးဆိုအခု ဘာလို့ ချစ်သွားရတာလဲ''

''သူချစ်တာ ကိစ္စမရှိဘူး၊ နင့်လုပ်ရပ်က လွန်လွန်းတယ် သစ္စာရယ်၊ အခု ဘယ်လို ရှေ့ဆက်ကြမလဲ''

သစ္စာက လှပစွာ နှုတ်ခမ်းလေးမဲ့၏။

''ဘာမှမဖြစ်ဘူး၊ ဗိုလ်နေမြဲ ကျားနေမြဲပဲ၊ တကယ်





သူတို့နှစ်ယောက်က ရပ်တန်းက မရပ်ဘူး ရှေ့ဆက်ကြမယ်ဆိုရင်လည်း ငါက စွန့်ကြဲလိုက်ရုံပဲ . . .ရတယ်''

ရင်ထဲက အသည်းထဲက စူးကနဲ နာကျင် ခံစားရဘာကို ဂရုမစိုက်ဘဲ မာနစကားကို သစ္စာ ဆိုမိ၏။

''ငါ့ကို မနှစ်သက်လို့ ထားသွားလည်း ငါဝမ်းမနည်းဘူး၊ ရွှေတန်ခူးကို သူ ပိုစွဲလန်းသွားလည်း ဂရုမစိုက်ပါဘူး၊ သူတို့နှစ်ယောက် ရှေ့ဆက်ရဲဖို့ပဲ လိုတာပါ၊ ငါ့ရှေ့မှာ သူတို့ဆက်လက်တွဲရဲရင် တွဲကြပေါ့''

''မဟုတ်သေးပါဘူး သစ္စာရယ်''

သီရိက သစ္စာစကားတွေကြောင့် တန်ခူးကို အတိုင်းသိ သနားသွား၏။

ရွှေတန်ခူး၏ ပွင့်ပွင့်လင်းလင်း ဖြူဖြူစင်စင်လေးပါ။

ဘာမှ မသိရှာပဲ အောင်ဆုရကို ချစ်မိသွားတာ။



www.burmeseclassic.com

www.burmeseclassic.com



အောင်ဆုရကရော ဘယ်လို ဆုံးဖြတ်မှာလဲ၊ ရွှေတန်ခူး ဘာလို့ အဲ့ဒီလို လုပ်ရတာလဲ။ သူလည်း ဝံ့သစ္စာ အကြော သိချင်မှ သိမှာ။



အောင်ဆုရက အံကြိတ်လိုက်ပြီး ဝံ့သစ္စာစီ ဖုန်းဆက်ဖို့ ဖုန်းခေါ်လိုက်၏။

မသီရိပြောပြလို့ သစ္စာ သူ့ကို ရွှေတန်ခူး တို့ဆီမှာ အလုပ်ဝင်ခိုင်းခဲ့တာကို သူသိပါပြီ။

သည်လိုဆိုတော့ သူက အလိုလိုနေရင်း ရွှေတန်ခူး အပေါ် ဝံ့သစ္စာနှင့် ပေါင်းပြီး အနိုင်ယူရက်စက်ရာရောက်ပြီ။

သစ္စာဘာလို့ တန်ခူးအပေါ် တမင်အညှိုးဖွဲ့အနိုင်ပိုင်းရတာလဲ ဘာလို့ သူ့ကိုပါ အသုံးချခဲ့တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတန်ခူးကို နာကျင်စေဖို့ သူ့ကို လက်နက်အဖြစ် အသုံးပြုခံခဲ့ရသလို ဖြစ်ခဲ့ရတာ သူနာကျင်ခံခက် မဆုံးနိုင်၊

သူနှင့်တန်ခူးက ရိုးသားစွာ ချစ်ခဲ့တာပါ။

မာယာကင်းသော အချစ်။

''မောင် . . . ပြောလေ''

ဝံ့သစ္စာအသံက အေးသေးငြိမ်သက်နေပါ၏။

သူတို့ ကြားမှာ ဘာပြဿနာမှ မရှိထားသလို သူသစ္စာကို ကြောက်သွားမိ၏။

လမ်းခွဲစကားဆိုဖို့ သူက ခက်ခဲတွေဝေအားနာနေခဲ့မိတာပါ။ အခုတော့ . . .

''ပြောစရာရှိလို့''

''ပြောလေမောင် ဘယ်မှာတွေ့ကြမလဲ''

သစ္စာဘက်ကလည်း ဆုံးဖြတ်ချက်တွေရှိနေပုံပါ။

သူက သက်ပြင်းစောရှိုက်ပြီး ဝံ့သစ္စာဆီ သွားတွေ့ဖို့ ဆုံးဖြတ်လိုက်၏။





သူ့ဘက်က ပြဿနာကို သူအရင်ရှင်း ရမှာပါ။ ပြီးမှ ရွှေတန်ခူးကို ရှင်းပြတောင်းပန်မည်။

ရွှေတန်ခူး ခွင့်လွှတ်ကျေနပ်သည်အထိ သူမရမက ချော့မော့တောင်းပန်မည်။

သူ့ကြောင့် ရွှေတန်ခူး မငိုစေရ။



www.burmeseclassic.com

www.burmeseclassic.com

ဝံ့သစ္စာက ပြတ်သားရဲရင့်သော မျက်လုံးများနှင့် တောက်ပသော အနီရောင်ကို ဝတ်ဆင်ထား၏။

“မောင် . . . ထိုင်လေ”

သူတို့နှစ်ဦးကြားမှာ အေးစက်ခြင်းအငွေ့အသက်က နေရာကြည့်ယူထား၏။

“သစ္စာအရင်ပြောရမလား”

သူခေါင်းညှိမ့်လိုက်၏။

သစ္စာကို ဦးစားပေးရမှာ သဘာဝကျကျပါပဲ။ သူ ယောကျ်ားလေးမဟုတ်လား။





ပြီးမှ သူပြောချင်တာ ပြောမည်။

ပြောဖို့လည်း လိုအပ်ချင်မှ လိုအပ်မှာ . . .။

“ဖေဖေက နယ်မှာ စက်ရုံတည်မယ်၊ သစ္စာနဲ့မောင် ဒီစက်ရုံကို ဦးစီးဖို့ အမြန်ဆုံး လက်ထပ်ပြီး ဒီကနေ ထွက်သွားကြရအောင်လား”

“ဘာ”

သူအကြီးအကျယ်အံ့သြတုန်လှုပ်သွား၏။ ဝံ့သစ္စာ စကားတွေက အေးစက်သော မျက်လုံးများနှင့် ဆန့်ကျင်ဘက် ဖြစ်ကာနေ၏။

“ကျွန်တော်နဲ့တန်ရဲ့”

“သိပါတယ် မပြောနဲ့တော့”

မကြားချင်သလိုအော်ပစ်၏။

“မောင့်ကို ကျွန်မ ချစ်သူမှန်း သိရက်နဲ့ သူက ရှေ့ ဆက်တိုးပါ့မလား”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ တကယ်ချစ်ခဲ့တာပါ"

"သွား ဒီစကားကို မောင်ဘယ်တော့မှ မပြော[း] သစ္စာက ဘယ်နှလုံးသားမျိုးနဲ့ နားထောင်ပေးရမှာလဲ"

ဝံ့သစ္စာက ပိတ်လင်တားမြစ်၏။

"မောင့်ကို သစ္စာလက်မလွှတ်ဘူး"

အောင်ဆုရ မျက်နှာက တင်းမာအေးစက်သွား၏

"ကျွန်တော့်ကို ထပ်ပြီး အသုံးမချပါနဲ့တော့ သစ္စာ ရွှေတန်ခူးနဲ့ ကျွန်တော့်ကို လွတ်လပ်ခွင့်ပေးပါ၊ နားလည်ပြ ဆည်းပေးပါ၊ ကျွန်တော်တို့လမ်းခွဲကြရအောင်ပါ၊ ကျွန်တော် တန်ခူးကို သနားလွန်းလို့ မချိမဆန့်ပါပဲ၊ တန်ခူးက သစ္စာ သူငယ်ချင်းပါ"

ဝံ့သစ္စာက အောင်ဆုရကို စေ့စေ့ကြည့်ကာ ငြိမ် ဆိတ်နေ၏။ အမြဲတမ်း သူမအပေါ် နွေးထွေးအသက်ပါသော မောင် ဘယ်ရောက်သွားပြီလဲ။





သည့်လူဟာ မောင်မဟုတ်တော့ပါလား။

သစ္စာကို ရူးရူးမူးမူးချစ်သောမောင် . . . ပျောက်ဆုံး သွားပြီပဲ၊ မောင် ပြောင်းလဲသွားပြီ။

မောင်စဉ်းစားတာက ရွှေတန်ခူး . . . ရွှေတန်ခူး။

နှုတ်ဖျားကမချ။ မောင့်ကို ဘယ်လိုများ ဖမ်းစားလိုက်သလဲ။ ပြုစားလိုက်သလဲ။

"မောင်"

နှုတ်ခမ်းလှုပ်ရုံခေါ်မိ၏။

"လမ်းခွဲမယ် ဟုတ်လား"

"ကျွန်တော့်ကို နားလည်ပေးပါ သစ္စာရယ်"

အောင်ဆုရ မျက်နှာက သုန်မှုန်ညစ်နွမ်းနေ၏။

"ကျွန်တော့်ကြောင့် တန်ခူးခံစားရမှာ မကြည့်ရက်ဘူး"

တဖက်စောင်းနင်းစကားကြီးပါလား သစ္စာဘက်ကို



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမတွေးသောစကား။ သစ္စာကို မောင်မချစ်တော့ပါလား

ဘာလို့ အဲလို ဖြစ်ရတာလဲ။

သစ္စာနှလုံးသားတွေ မွမွကြေကွဲကုန်ပါပြီ။

ရက်စက်လိုက်တာမောင်ရယ်

သစ္စာမျှော်လင့်ချက်တွေသေဆုံးကုန်ရပြီ။

ရုတ်တရက် သစ္စာဘယ်လိုဆုံးဖြတ်ရမှန်းမသိ။

ရွှေတန်ခူးအပေါ် သစ္စာလှလှပပရှုံးခဲ့တာ သိပြီးသား

ပါ။ မောင်ကို လက်မလွှတ်ချင်စိတ်နှင့် သွေးရူးသွေးတန်း

ဖြစ်နေခဲ့တာ။ တိကျတဲ့အဖြေတစ်ခုကို ပဲခူးမှာကတည်းက

သစ္စာ သိပြီးသားပါ။

လက်မခံနိုင်လွန်းလို့သာ ကွတ်မိုက်ပြောချနေတာ

မဖြစ်နိုင်တော့ဘူးဆိုတာ ရင်ထဲက သိပြီးသား

မောင့်ကိုမရမက ဆွဲထားလည်း ရချင်မှ ရမှာ

ရတယ်ပဲထား . . . လူအခွံကြီးပဲရမှာ





ချစ်တတ်တဲ့ နှလုံးသားက ရွှေတန်ခူးဆီပါသွားခဲ့ပြီ။

ဘယ်လိုမှ ပြန်မရနိုင်။

ကိုယ့်အပေါ် မနှစ်သက်သော ယောကျ်ားတစ်

ယောက်ကို အတူတူနေပြီး တမြေ့မြေ့တနင့်နင့် တဆစ်ဆစ်

တစ်ရှူးရှူး ခံစားနာကျင်နေရမှာလား။ ကြေကွဲဝမ်းနည်းနေရ

မှာလား။

ကိုယ့်အပေါ် မချစ်မှတော့ ဒူးမထောက်ချင်။ မတောင်း

ပန်ချင်၊ ဆွဲမထားချင်။ အဲဒီ့လိုသာဆို သစ္စာ ပျော်ရွှင်မှာ

မဟုတ်။ အကြိမ်ကြိမ်အခါခါ စဉ်းစားပြီးပါပြီ။

ဘယ်လိုမှ ရှေ့ဆက်လို့မဖြစ်နိုင်တာ နားလည်နေပါ

ပြီ။ ရွှေတန်ခူးကို သူက သစ္စာထက် အဆများစွာ နှစ်သက်

မြတ်နိုးတွယ်ငြိနေတာ။

သစ္စာကိုမှ မချစ်ပဲ. . . သစ္စာက ဘာကို ခံစားနေရမှာ

လဲ။ ဘာကို ယူကျုံးမရ နှမြောနေရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို မုန်းသည်။ စိတ်နာသည်။ ရွှေတန်ခူးကို လည်း မျက်နှာချင်းမဆိုင်ချင်။

"ကျွန်တော် တစ်ယောက်တည်း အပြစ်ရှိတာပါ သစ္စာ ရွှေတန်ခူးက ဘာမှ မသိရှာပဲ . . ."

"တော်ပါတော့ မကြားချင်ပါဘူးဆို"

"သစ္စာ အဲဒီလို မလုပ်ပါနဲ့၊ ကျွန်တော် ရွှေတန်ခူး ကို အဆုံးရှုံးမခံနိုင်ဘူး"

"ဒါက ရှင့်ကိစ္စပဲ"

"သစ္စာ ခွင့်လွှတ်နားလည်ပေးပါ"

"ရှင် ဒီလောက် လောဘမကြီးသင့်ဘူး။ ကျွန်မဘ က ခွင့်လွှတ်နားလည်ပေးဖို့ မဖြစ်နိုင်ဘူး"

ဝံ့သစ္စာက နာကျင်စွာ နှုတ်ခမ်းလေး ကိုက်၏။

"ရှင်တို့နှစ်ယောက် သစ္စာရှိရင် ဆက်တွဲကြပေါ့ သစ္စာ စောင့်ကြည့်နေမယ်"





အောင်ဆုရ ရင်ထဲမှာ တင်းကြပ်နာကျင်လာ၏။

သစ္စာက သဘောထားမကြီးနိုင်။

သည့်လိုသာဆို ခက်ပါပြီ။

သူနှင့်ရွှေတန်ခူး ဘယ်လိုရှေ့ဆက်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com

နှစ်နှစ်ခန့်ကြာပြီးနောက် . . .

အောင်ဆုရက မျက်နှာမသစ်သေးပဲ အိမ်ရှေ့ထွ

ကာ သတင်းစာကို ထွက်ယူ၏။

မိုးလင်းလင်းချင်း သတင်းစာပြေးယူဖတ်ရတာ

အလုပ်ပါ။ သူတခုခုကို စောင့်နေတာပါ။

"သစ္စာလက်ထပ်ပြီးမှ တန်ခူးတို့ ရှေ့ဆက်ကြ

အဲဒါ တန်ခူးရဲ့ ဆုံးဖြတ်ချက်ပဲ သစ္စာအပေါ် မသိပဲ ကျူး

ခံမိကဲ့ အပြစ်တစ်ခုအတွက် ပြန်ပေးဆပ်ခြင်းပဲ ရှင်

အဲလောက်တော့ ပေးဆပ်သင့်တယ် တန်ခူးတို့က လွန်

တာပဲ မဟုတ်လား"





ဝံ့သစ္စာ . . . သူတို့ကို ခွဲခွာပြီး နယ်က စက်ရုံဆီ

က်သွားကတည်းက ရွှေတန်ခူး ပြောခဲ့တာ။

"ကောင်းပါပြီ တန်ခူးရယ် ကျွန်တော် နားထောင်ပါ့

ယ်"

သူ့အချစ်က ကြံ့ကြံ့ခံနိုင်ပါသည်။

မယိုင်မလဲ မပြောင်းမလွဲ မြဲမြဲမြံမြံ ထာဝရ။

ရွှေတန်ခူးကို ဘယ်လောက်ကြာကြာ သူစောင့်ပါမည်။

ကျောက်တင်ခံနိုင်သောအချစ်။

"ဟာ"

သူမျက်လုံးတွေ ပြူးကျယ်သွားပြီး ဟာကနဲအော်မိ၏။

သွား၏ လက်ထပ်သတင်းပါလာခဲ့ပြီ။

တနေ့ချင်း တရက်ချင်း မျှော်နေခဲ့ရသော သူ့အိပ်မက်

ကူး . . . တကယ်ပဲ ရွှေတန်ခူးနှင့် သူရှေ့ဆက်ရတော့

သား။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတန်ခူးရယ် . . .

အောင်ဆုရ ရင်ခုန်သံတွေ ဝုန်းဒိုင်းကြဲပေါက်ကွဲသွား၏။

ရွှေတန်ခူးကို သွားတွေ့မည်။

သတင်းစာကို လက်ထဲကိုင်ထားပြီး သူချိုမြိန်ပြုံးမိ၏။

ရွှေတန်ခူးကို သိမ်းကျုံးပွေ့ဖက်ကာ လက်ထပ်ခွင့်တောင်းတော့မည်။

ဝေးနေရတဲ့ ရက်တွေနိဂုံးချုပ်ပါစေတော့။

❦ ❦ ❦

ဉာဏ်ဝင်းစာပေ

သူလျှောက်လာနေမှန်း သိရက်နှင့် ဂရုမစိုက်ချင်သလိုလို အလေးမထားသလိုလို လုပ်နေပြီး တဖက်လှည့်ကာ ပန်းပင်ရေဖျန်းနေသော ရွှေတန်ခူးကို အသည်းယားလှစွာ နောက်ကနေ သိမ်းကျုံးပွေ့ဖက်ပစ်လိုက်၏။

"အိုး ဘယ်လိုလုပ်တာလဲ"

"မသိချင်ယောင်ဆောင်နေတာကိုး"

"ဟင်"

"ကိုယ်လာခဲ့မယ်လို့ မက်စေ့ပို့ထားသားပဲ မတွေ့ဘူးလားပြော၊ ဘာလို့ ဝမ်းသာအားရမကြိုလဲ"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကြိုချင်ပါဘူး"

ရွှေတန်ခူးက နှုတ်ခမ်းလေးစူ၏။

"နေနိုင်သူကြီး... တကယ်ပဲ သစ္စာ လက်ထပ်သွားမှ ရောက်လာပြီးတော့..."

"ဘယ်လို"

သူ့မျက်နှာကြီးက အံ့သြဝမ်းသာဟန်နှင့် ဝင်းထိန်လင်းလက်သွား၏။ ရွှေတန်ခူးက မျက်စောင်းရွယ်သည်။

အဟုတ်ပါပဲ။

တန်ခူးကို ပစ်ထားလိုက်တာ လှည့်ပင်မကြည့်။ သူ့မျက်နှာကို မြင်ချင်မယ်ဆိုတာ သူ့အသံကို ကြားချင်မယ်ဆိုတာ တကယ်မသိတာလား တမင်လုပ်တာလား တန်ခူးကို မကျေနပ်လို့ လွမ်းပြီး ခံစားရအောင် လုပ်တာမဟုတ်လား။

သူရောက်လာနိုးနှင့် မျှော်လိုက်ရတာ ရင်ထဲမောပန်းလွန်းလှပါပြီ။

ဥဏ်ဝင်းစာပေ



ရွှေတန်ခူးကို ချစ်မှ ချစ်ရဲ့လားဟုပင် သံသယဝင်လာရင်း ဝမ်းနည်းမျက်ရည်ကျမိ၏။

ပြောတုန်းက ကိုယ်ပဲပြောပြီး တကယ်တမ်းကျတော့ နှလုံးသားက ခံနိုင်ရည်မရှိ။

"တန်ခူးရယ် ကျွန်တော်က ဖွတ်တရွှတ်လာနေရင် တန်ခူးပိုပြီး စိတ်ဆိုးသွားမလား စိတ်ပူလို့ပါ၊ နေ့တိုင်းသတိရတယ် တန်ခူးယုံရဲ့လား"

"မယုံပါဘူး"

တန်ခူးက စိတ်ဆိုးမပြေ။

"ဒီအချိန်လေးမှာ စိတ်မကောက်ပါနဲ့၊ စိတ်မဆိုးပါနဲ့၊ ဝေးနေခဲ့တဲ့ ရက်တွေအတွက် အတိုးချပြီး ကြင်နာရအောင်၊ ကိုယ့်ကို သနားပါဦး၊ ကိုယ် ဘယ်လောက် လွမ်းခဲ့ရသလဲ"

"အလကားပါ၊ လာမှမလာတာ..."

"မလာရဲလို့ပါ.... တန်ခူးက အထင်လွဲနေတော့ ကျွန်တော် ရှေ့မတိုးရဲဘူး"

ဥဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့"

ရွှေတန်ခူးက သူ့ရင်ခွင်မှာ မျက်နှာကပ်ကာ ပင့်သက်မှူင်းမှူင်းရှိုက်မိ၏။

ပန်းတစ်ပင်လို ရေဝေတ်နေသော နှလုံးသားက အချစ်ရေကြည်အေးကြောင့် လန်းဆန်းကျေနပ်သွားရသလိုပင်။ သူနှင့် ဘယ်တော့မှမခွဲချင်။

တစ်ယောက်လက်ကို တစ်ယောက်ယှက်ကာ ယှယကြင်နာခြင်းများစွာနှင့် နှစ်ယောက်ရှိနေသော ဘဝထဲက ဘယ်တော့မှ ရုန်းမထွက်ချင်တော့ပါ။

ပန်းသီခိုင်

ဉာဏ်ဝင်းစာပေ

BURMESE CLASSIC

www.burmeseclassic.com